# အကာလမရဏဘေးမှ လွတ်မြောက်သူများ၏

# ဘဝအတွေ့အကြုံများ


မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ် သျှင်သီရိ

(ဓမ္မာစရိယ၊ ဘီ-အေ)


Design KO SAW

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# အကာလမရဏာဘေးမှလွတ်မြောက်သူများ၏

# ဘဝအတွေ့အကြုံများ

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်
သျှင်သီရိ (ဓမ္မာစရိယဘီ-အေ)

အမှတ် ၂၄၇၈၁၃၉
ရက်စွဲ……………

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၆၀၀၁၁၇၀၃၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၁၇၇၀၃၁၀

**ထုတ်ဝေခြင်း**

၂၀၁၀ ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀၊ တန်ဖိုး

**ထုတ်ဝေသူ**

ဦးကျော်ဆန်း (မြဲ-၀၉၃၂) ရဲအောင်စာပေ
အမှတ်(၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

ဒေါ်အေးအေးခိုင်(၀၃၈၈၅) (စိန်ကြယ်ပုံနှိပ်တိုက်)
၁၃၇၊ ၃၂-လမ်း၊ အမှတ် (၇၂)၊ လမ်း-၃၀။

၂၉၄.၃

သျှင်သီရိ၊ တက္ကသိုလ် (ဓမ္မစရိယ၊ဘီအေ)
အကာလမရဏဘေးမှ လွတ်မြောက်သူများ၏ ဘဝအတွေ့အကြုံများ/ တက္ကသိုလ်သျှင်သီရိ (ဓမ္မစရိယ၊ဘီအေ)။ - ရန်ကုန် ရဲအောင်စာပေ၊ ၂၀၁၀။
၁၉၉ - စာ၊ ၁၈ x ၁၂ စင်တီ။
(၁) အကာလမရဏဘေးမှ လွတ်မြောက်သူများ၏ ဘဝအတွေ့အကြုံများ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ -------------- | |
| ၂။ | အခန်း(၁) | |
| | သက်တမ်းမစေ့၊ ကံမစေ့ဘဝဖွေ့ရသည်မှာ | |
| | - သေခြင်းတရားဟူသည် | ၁ |
| | - သေခြင်းလေးမျိုး | ၅ |
| | - အကာလမရဏသေရခြင်းဟူသည် | ၆ |
| | - အကာလမရဏသေခြင်းအမျိုးမျိုး | ၉ |
| | - အကာလမရဏဖြင့်သေခဲ့ရသူများ | ၁၃ |
| | - သေနည်းတတ်၍အသေမြတ်ကြပါစေ | ၁၅ |
| ၃။ | အခန်း(၂) | |
| | အကာလမရဏဘေးနှင့်ရတနာသုံးပါးဂုဏ်စွမ်းရည် | |
| | - ရတနာသုံးပါးနှင့်ပရိတ်ဂါထာဟူသည် | ၂၀ |
| | - ပရိတ်ဂါထာရွတ်ပွားအောင်မြင်မှု | ၂၉ |
| | - သမာဓိတည်နိုင်၊ပွားနိုင်ပါစေ | ၃၃ |
| | - ဘုရားဂါထာရွတ်ကောင်း-မရွတ်ကောင်း | ၃၆ |
| | - ရတနာသုံးပါးဂုဏ်ပွားခြင်းအကျိုးများ | ၄၀ |

အခန်း(၃)

## အကာလမရဏဘေးမှလွတ်မြောက်ရသူများ၏ ဘဝအတွေ့အကြုံများ


- အလမ္ဗာယ်ဆရာ၏အကာလမရဏဘေးမှ လွတ်ရပုံ ၅၀
- မာဃလုလင်နှင့်အဖော်များ၏အကာလမရဏ ဘေးမှလွတ်ရပုံ ၅၄
- အကာလမရဏဘေးမှလွတ်ခဲ့သော အာယုဝဍ္ဎနသတို့သား ၆၁
- ထင်းခွေသားငယ်၏အကာလမရဏဘေးမှ လွတ်ရပုံ ၆၈
- နန္ဒိယကုန်သည်၏ဖုတ်သရဲအကာလမရဏ ဘေးမှလွတ်ရပုံ ၇၄
- ဆင်ရိုင်းဖြင့်နင်းသတ်ခြင်းသေဘေးမှလွတ်ခဲ့ရ သောမိတလထော်၏ဂုဏ်တော်သစ္စာ ၇၇
- ကျွန်ုပ်၏သစ္စာတန်ခိုး သားအမိအကာလ မရဏဘေးမှလွတ်ရကျိုး ၈၄
- လုပ်ကြံမှုဘေးမှလွတ်ခဲ့ရသော ရတနာသုံးပါးဂုဏ်ကျေးဇူး ၈၉
- အဠာနမေတ်ပုတီးတန်ခိုးဖြင့်၏ အကာလမရဏဘေးမှလွတ်ခဲ့ရခြင်း ၉၄

-ရွှာစောင့်နတ်၊ မိခင်မေတ္တာ၊ ရတနာသုံးပါး
ဂုဏ်ကျေးဇူးကြောင့်အကာလမရဏဘေးမှ
လွတ်ခဲ့ရခြင်း ၁၀၇
-မဟာသရဏဂုံနှင့်အကာလမရဏဘေးမှ
လွတ်ခဲ့ရပုံ ၁၁၂
-ဓာရဏပရိတ်နှင့် ၎င်းအကာလမရဏဘေးမှ
လွတ်ခဲ့ရခြင်း ၁၂၀
-ပဋ္ဌာန်းတန်ခိုးနှင့်အကာလမရဏဘေးမှ
လွတ်ခဲ့ရခြင်း ၁၂၈
-စွယ်တော်ပုံးကွဲမှုနှင့်အကာလမရဏသေဘေး ၁၃၄
-ဆရာသစ်၏အကာလမရဏဘေးနှင့်သစ္စာတန်ခိုး ၁၃၉
-ဓဇဂ္ဂပရိတ်နှင့်အကာလမရဏဘေးလွတ်ခြင်း ၁၅၅

၅။ အခန်း(၄)

## အကာလမရဏဘေးမှလွတ်မြောက်စေသောပရိတ်ဂါထာများ

- အကာလမရဏဘေးမှလွတ်မြောက်အောင် ၁၆၂
- အကာလမရဏဘေးမှလွတ်မြောက်စေသော
ပရိတ်ဂါထာများ
(၁) ရတနာသုံးပါးဂုဏ်တော် ၁၆၅
(၂) သဝေမပါကိုးဂါထာ ၁၇၀

(၃) သက်တော်မြဲဂါထာ ၁၇၁
(၄) အသက်အန္တရယ်မပြုနိုင်သော ဂုဏ်တော် (၄)ပါးဂါထာ ၁၇၂
(၅) နာညတြဲဂါထာ ၁၈၀
(၆) လက်နက်မစူးရှဂါထာ ၁၈၁
(၇) လက်နက်ရန်သူကင်းဂါထာ ၁၈၂
(၈) ရန်သူမမြင်ကိုယ်ပျောက်ဂါထာ ၁၈၃
(၉) အန္တရာယ်ကင်းဂါထာ ၁၈၄
(၁၀) အသက်အန္တရာယ်ကင်းဂါထာ ၁၈၅
(၁၁) သက်ရှည်ရန်အောင်ဂါထာ ၁၈၆
(၁၂) စမ္မခန်းဂါထာ ၁၈၇
(၁၃) သမ္ဗုဒ္ဓေဂါထာတော်ကြီး ၁၈၉
(၁၄) ပရိတ်ဂါထာများ ၁၉၂
(၁၅) မဟာဝေဒပ္ပမန္တန်တော် ၁၉၃
(၁၆) ပဋ္ဌာန်း(၂၄)ပစ္စည်း ၁၉၇
(၁၇) ပဋ္ဌာန်း(၂၄)ပစ္စည်းအနက် ၁၉၈
(၁၈) နိဂုံးဆုတောင်း ၂၀၅

## အမှာစာ

ကျွန်တော်တို့ရပ်ကွက်ရှိ ရတနတ္တယဝေယျာဝစ္စမှာရုံ အကျိုးတော်ဆောင်ဦးအေးကြိုင်သည်ကားချင်းတိုက်မိရာမှ တစ်ဘက်ကားမှသံချွန်ဖြင့်ထိုးမိပြီး သက်တမ်းမစေ့မီ အကာလမရဏဖြင့် ကွယ်လွန်ခဲ့ရပါသည်။

အလားတူ သန်လျင်မှလုပ်ဖော်ကိုင်ဘက်တစ်ဦးသည် ပုဇွန်တောင်မြစ်ဝတွင်သင်္ဘောမှောက်ရာမှ သက်တမ်းကံမကုန်သေးခင် အကာလမရဏ ဖြင့် ကွယ်လွန်ခဲ့ရပါသည်။

အလားတူ ကားမှောက်၊ ကားတိုက်၊ သင်္ဘောမှောက်၊ လှေမှောက်၊ လက်နက်ဘေး၊ ပုံးဘေး၊ မြွေဆိုးဘေးစသည့်ဘေးပေါင်းစုံတို့ဖြင့် သက်တမ်းစေ့၊ ကံမစေ့ဘဲ အကာလမရဏဖြင့် ကွယ်လွန်ကြရသူများ များစွာရှိနေကြရပါသည်။

ကျွန်တော်တို့ မတ္တရာမှ လောကချမ်းသာအဘယလာဘ မုနိကျောက်တော်ကြီးဘုရားပင့်ဆောင်လာသောအခါ ရန်ကုန်မြို့ အဝင် တွံတေး၀ (၂၆)မိုင်၌ သင်္ဘောတစ်ညတာရပ်နားစခန်းချ ခဲ့ရပါသည်။

ဥပါသကာအဖြစ်အတူပါလာသူ ဆရာဦးစိုးတင့်က ဆရာမြိုင်ဒီနေရာက သင်္ဘောနစ်မြုပ်ခဲ့လို့ လူများစွာအကာလ မရဏာသေဘေးဖြင့် သေခဲ့ကြရတဲ့နေရာဖြစ်ပါတယ်၊ ကျွန်တော် တို့ဝတ်အဖွဲ့ ခါတိုင်းရွတ်နေကြထက် မေတ္တာသုတ်ကို(၇)ခေါက် ရွတ်ပြီးအမျှပေးဝေရအောင်လို့ဆိုလာပါသည်။

ကျွန်တော်တို့ဝတ်အဖွဲ့သည် ထိုနေရာ၌သင်္ဘောမှောက် ၍ အကာလမရဏာဖြင့်သေခဲ့ရသူများ မကျွတ်မလွတ်သူများရှိပါ က အမျှရသာစုခေါ်နိုင်ပြီး ကျွတ်လွတ်မှုရအောင် အထူးမေတ္တာ ပို့အမျှပေးဝေခဲ့ပါသည်။

ကျွန်တော်တို့မေတ္တာပို့အမျှပေးဝေပြီးသောအခါ မိမိတို့ အိပ်ရာသင်္ဘောအခန်းသို့ပြန်လာခဲ့ကြသည်၊ ထိုအချိန်တွင် အခန်း အတူကူကျသော ဦးစိုးအရာရှိကိုနေမျိုးက-

"ဆရာ. . . သက်တမ်းမစေ့ ကံမကုန်သေးဘဲ ယခုလို အကာလမရဏာနှင့်မသေအောင် ကာကွယ်ပေးနိုင်တဲ့အကျင့်မရှိ ဘူးလား" ဟုမေးလာပါသည်။

"ဗုဒ္ဓခေတ်ကကော့ အကာလမရဏနှင့်သေတဲ့ အာယု ဝဍ္ဎနသတို့သားကလေးကတော့ ဗုဒ္ဓရဲ့ပရိတ်အရံအတားနှင့်လွတ် ခဲ့တယ်၊ ဘီလူးစားခံရမဲ့ထင်းခွေသားကလေးကျတော့ နမောဗုဒ္ဓ သနှင့်ဘီလူးစားဘေးမှလွတ်ခဲ့ရတယ်၊ သာမန်အကုသိုလ်ကံ သေးလေးတွေရှိနေရင်တော့ ရတနာသုံးပါးမပြတ်ဆည်းကပ်၊ ပရိတ်ဂါထာရွတ်ဖတ်သရဇ္ဈာယ်လျှင်တော့ အကာလမရဏဘေး မှလွတ်နိုင်ပါတယ်။

အဲဒီလိုလွတ်နိုင်ဖို့အတွက် သမ္ဗုဒ္ဓေဂါထာတို့ နမောတေ ဂါထာတို့ဆိုတာတွေ ရှေးရှေးဆရာတော်များလမ်းညွှန်ဟောပြော ထားတာတွေရှိပါတယ်"

ဟု စာရေးသူကအဖြေပေးခဲ့ရပါသည်။

ယခုခေတ် ဗုဒ္ဓဘာသာဝင်တွေ အဲဒီလိုအကာလမရဏ ဘေးမှလွတ်အောင် ဆရာအနေနှင့် ဗုဒ္ဓမပွင့်မီခေတ်၊ ဗုဒ္ဓခေတ်၊ ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနောက်ပိုင်းခေတ်မှသည် ယနေ့ခေတ် အထိ အဲဒီလိုပရိတ်ဂါထာတွေရွတ်ဖတ်ကြလို့ အကာလမရဏ ဘေးကလွတ်မြောက်ကြသူတွေအကြောင်း စာအုပ်တစ်အုပ်ရေး ပါလားဆရာ၊ ပြီးတော့ အဲဒီစာအုပ်ထဲမှာ ဘယ်ဂါထာဘယ်ပရိတ် တွေကတော့ ရွတ်ဖတ်လျှင် အကာလမရဏဘေးမှလွတ်တယ်၊

ဘယ်လိုရှောင်ရှားရတယ်၊ ဘယ်လိုယုံကြည်မှုထားရတယ်ဆိုတဲ့ လမ်းညွှန်ချက်တွေပါထည့်ရေးပေးပေါ့ဆရာ”

ဟု သူကထပ်မံအကြံပြုပါသည်။

သို့အတွက် စာရေးသူသည် ယနေ့ခေတ်ကာလ လက်နက်ဘေး၊ မီးဘေး၊ ရေဘေး၊ ယာဉ်အန္တရာယ်ဘေး၊ ပေါများလှသောကာလ၌ ဗုဒ္ဓဘာသာဝင်တို့ ကံနှာ၊ ဝဋ်နှာမဟုတ်ဘဲ ဥပစ္ဆေဒကကံ ဘေးမကျရောက်ကြစေရန် ရေးသားတင်ပြသင့်သည်ဟုယုံကြည်ပြီး မေတ္တာစေတနာအပြည့်အဝထားကာ ဤ “အကာလမရဏာဘေးမှလွတ်မြောက်ရသူများ၏ဘဝအတွေ့အကြုံများ” စာအုပ်ကို ရေးသားပြုစုတင်ပြရပါသည်။

ဤစာအုပ်ကိုဖတ်မိကြသောပုဂ္ဂိုလ်များသည် မိမိတို့၏ အတိတ်ကုသိုလ်ကံ၊ အကုသိုလ်ကံများကိုမသိခဲ့ကြသောကြောင့် လည်းကောင်း၊ ပစ္စုပ္ပန်ပြုလုပ်မိခဲ့သောအကုသိုလ်ကံကိုသတိမထား၊ ကျေပျောက်အောင်မကုစားမိကြသော်လည်းကောင်း၊ မိမိတို့ဘဝ ဥပစ္ဆေဒကကံဟုခေါ်သော အကာလမရဏာဘေးမှကင်းဝေးစေဖို့ သတိရှိလာကြမည်ဖြစ်ပါသည်၊ ရတနာသုံးပါးဂုဏ်ကို အမြဲမပြတ်ဆည်းကပ်နိုင်လာကြမည်ဖြစ်ပါသည်။

ဤသို့ရတနာသုံးပါး၏ဂုဏ်ကို ဗုဒ္ဓါနုဿတိ ဘာဝနာအရောက်ကျင့်ကြံအားထုတ်နိုင်ကြပါလျှင် ဤပစ္စုပ္ပန်ဘဝ၌လည်း အကာလမရဏဘေးမှလွတ်မြောက်နိုင်သလို တစ်ဆင့်ထက်တစ်ဆင့်မြင့်ပြီး ဝိပဿနာဉာဏ်အဆင့်ရောက်ကာ မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်ကိုမြင်နိုင်ကြပါလိမ့်မည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဆွေးနွေးအကြံပြုပေးသော ကိုနေမျိုး၊ အကြောင်းအရာများကို စုဆောင်းပြောပြကြသောဓမ္မမိတ်ဆွေများ၊ စာမူများကိုဝိုင်းဝန်းကူညီရေးသားပေးသော သမီးငယ် မစန္ဒာမြင့် (B.Com)၊ စာကိုအေးအေးဆေးဆေးရေးသားနိုင်ရန် ပါရမီဖြည့်ပေးသော ဇနီး-ဒေါ်တင်အေး၊ ထုတ်ဝေသူတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

ဦးကိုကိုမြင့်
အမှတ်(၅၅)၊ သုနန္ဒာ(၃)လမ်း
စ–ရပ်ကွက်၊ မ/ဥက္ကလာပမြို့နယ်
ဖုန်း–၆၉၀၃၂၄

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ ဘီ–အေ)

# အခန်း (၁)

## သက်တမ်းမစေ့ ကံမစေ့ဘဲ ဘဝရွှေ့ရသည်မှာ

### သေခြင်းတရားဟူသည်

ယနေ့လောကရှိ သက်ရှိသတ္တဝါဟူသမျှတို့သည် ဇာတိပဋိသန္ဓေဖြစ်ခြင်း၊ မွေးဖွားခြင်းဆိုသောကိစ္စတစ်ခုဖြစ်လာပြီးနောက် လောကအလယ်၌နေခြင်းနှင့်အိုခြင်း၊ နာခြင်း၊ သေခြင်းဟူသောကိစ္စရပ်များ ဆက်လက်တွေ့ကြုံကြရမည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။

နေခြင်းသည် သေခြင်း၏ရှေ့၌ကြိုတင်ဖြစ်ခဲ့ရပြီး ကျေးဇူးပြုနေပါသည်၊ အဘိဓမ္မာပဋ္ဌာန်းတရားတော်အရပြောရလျှင် ပုရေဇာတပစ္စည်းကျေးဇူးပြုနေခြင်းဖြစ်သည် ဟုဆိုရပါမည်။

နေခြင်းသည် အကြောင်းတရားဖြစ်၍ သေခြင်းသည် အကျိုးတရားဖြစ်လာပါသည်။

ဗုဒ္ဓက သေခြင်းတရားသည် အရေးကြီးသောအရာမဟုတ်၊ အဆန်းတကြယ်လည်းမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါမရေမတွက်နိုင်အောင်ဖြစ်ခဲ့ကြရပြီး၊ သေခဲ့ကြရပြီးဖြစ်ကြသည်၊ သေခြင်းဟူသည် လက်ရှိဘဝနှင့်နောက်ဘဝကြား၌ဖြစ်လေ့ဖြစ်ထရှိသော အဖြစ်အပျက်တစ်မျိုးသာဖြစ်သည် ဟူ၍ ဗုဒ္ဓကဟောကြားခဲ့ပါသည်။

သေခြင်းဟူသည် မွေးဖွားမှုခံလာရသောသတ္တဝါ(ဝါ)ဖြစ်လာသောပုဂ္ဂိုလ်သတ္တဝါတိုင်း သတ်မှတ်ထားသောသက်တမ်းကာလကုန်ဆုံးချိန်ဝယ် တွေ့ကြုံဆုံရကြမည့်ဓမ္မတာသဘောတရားဖြစ်သည်။

ဗုဒ္ဓက လူတိုင်းအသက်ရှင်နေသမျှ ဘဝတစ်ခုကာလပတ်လုံးအပြစ်ကင်းစွာနေတတ်ဖို့သာ အရေးကြီးကြောင်း ဟောကြားခဲ့ပါသည်။

လူတစ်ယောက် အသက်ရှင်နေခြင်းမှာ-

"အာယု၊ ဥသ္မာစ၊ ဝိညာဏံ"

အာယု -ဇီဝိတိန္ဒြေသည်လည်းကောင်း

ဥသ္မာစ -ကံကြောင့်ဖြစ်သောတေဇောအပူဓာတ်သည်
လည်းကောင်း

ဝိညာဏ်-အကျိုးဝိပါက်ဝိညာဏ်သည်လည်းကောင်း

ဤ(၃)ချက်ချိန်ကိုက်မှုမှန်ကန်နေသဖြင့် အသက်ရှင်နေရပါသည်၊ တစ်နည်းဆိုရလျှင် နာမ်နှင့်ရုပ်နှစ်ပါးချိန်ကိုက်မှုမှန်ကန်စွာစည်းချက်ညီနေသောကြောင့် အသက်ရှင်နေရပါသည်၊ တစ်ခုခုအခြေအနေပျက်လျှင်သေသည် ဟု မှတ်သူရပါသည်။

မြန်မြန်ဒုက္ခအေးသည်ဟုဆိုတတ်ကြလေ့ရှိပါသည်၊ ဤသဘောအရဆိုပါက မည်သူမဆိုအသက်ရှင်၍နေလိုကြမည်မဟုတ်ပါ၊ အားလုံးသေချင်ကြမည်သာဖြစ်ပါသည်၊ ဤသို့ဆိုလျှင် မည်သူမျှအသက်ရှည်အောင် ဆေးကုသခြင်း၊ ကျန်းမာရေးလိုက်စားခြင်းလုပ်စရာမလိုတော့ပါ။

သေဆုံးခြင်းသည် မည်သည့်ဆင်းရဲဒုက္ခကိုမှအဆုံးသတ်မပေးနိုင်ကြောင်းကိုမသိ၍သာပေ့ါပေ့ါတန်တန်ပြောဆိုနေကြခြင်းဖြစ်ပါသည်။

အမှန်တကယ်သေခြင်း၏သဘောတရား၊ သေခြင်း၏အဓိပ္ပာယ်၊ သေခြင်းနှင့်ပတ်သက်သောအကြောင်းအရာမှန်သမျှကို ဗုဒ္ဓနှင့်အရိယာသူတော်စင်တို့မှတစ်ပါး အခြားမည်သူမျှနားလည်နိုင်ကြမည်မဟုတ်ပါ။

ဗုဒ္ဓမိန့်ကြားသည့်အတိုင်း သေခြင်းသည်အရေးကြီးမစေသာမှု လူတိုင်းသတ္တဝါတိုင်းသည် သေဘုယျအားဖြင့်သေရမည်ကိုတစ်နည်းနည်းဖြင့်ကြောက်ရွံ့ထိတ်လန့်ကြပါသည်။

ဗုဒ္ဓက သေရမည်ကိုမကြောက်ရွံ့ပါနှင့်ဟောခဲ့ခြင်းသည် စင်စစ်ကြောက်ရွံ့ခြင်းအရင်းခံ၍မည်သည့်ပြဿနာကိုမျှမဖြေရှင်းနိုင်၊ မည်သည့်အခက်အခဲကိုမျှမကျော်လွှားနိုင်၊ သေခြင်းကိုရဲရဲဝံ့ဝံ့စွာရင်ဆိုင်ပါ၊ သေခြင်းကောင်းဖို့အတွက် အပြစ်ကင်းစွာနေထိုင်အောင်နေပါ ဟုဟောလိုခြင်းဖြစ်ပါသည်။

-အနေကောင်းလျှင် အသေကောင်းပါမည်

-အနေမှန်လျှင် အသေမှန်ပါမည်

-အနေမြတ်လျှင် အသေမြတ်ပါမည်

မည်သည့်အရာမဆို ကြောက်ကြောက်ရွံ့ရွံ့နှင့်အသက်ရှင်နေရသူထက် ရဲရဲဝံ့ဝံ့သေမင်းအတွက် ကြိုတင်ပြင်ဆင်ထားပြီး သေနိုင်သူကပိုမို၍အဖိုးတန်လှပါသည်။

သီလမရှိဘဲ အသက်ရှည်နေရသူထက် သီလရှိသူ၏တစ်ရက်မျှအသက်ရှင်ခြင်းကပိုမိုဘန်ဖိုးကြီးလှ၊ မြတ်လှပါသည်။

လုံ့လမရှိဘဲ အသက်တစ်ရာနေရသူထက် လုံ့လရှိပြီးတစ်ရက်နေရသူ၏အသက်ရှင်ခြင်းက ပို၍တန်ဖိုးကြီးလှ၊ မြတ်လှပါသည်။

ပညာမဲ့စွာဖြင့်အသက်ရှင်နေရသူလူမိုက်ထက် အသိအလိမ္မာဉာဏ်ပညာရှိပြီး တစ်ရက်တာမျှအသက်ရှင်ရခြင်းသည်က ပို၍တန်ဖိုးကြီးလှ၊ မြတ်လှပါသည် ဟူ၍ ဗုဒ္ဓက ဓမ္မပဒစသောတရားတော်အသီးသီး၌ အခါအားလျော်စွာလမ်းညွှန်ဟောကြား

## သေခြင်းလေးမျိုး

လူသားမှန်သမျှတို့သည် ဤဘဝမိမိတို့ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများ၊ ချစ်သောမယား၊ သားသမီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ရရှိထားသောရာထူးဂုဏ်သိန်များစွာကိုစွန့်လွှတ်၍ သေမင်းခေါ်ရာသို့မသေချင်ဘဲနှင့်၊ မလိုက်ချင်ဘဲနှင့် သေခြင်းဓမ္မတာအရ သေပွဲဝင်ကြရသည်။

သေခြင်းတရားသည်-

၁။ လောကနိယာမသတ်မှတ်ထားသော သက်တမ်းကုန်သဖြင့်လည်းသေရပါသည်။

၂။ မိမိတို့ပြုလုပ်ခဲ့သောကုသိုလ်ကံကုန်သဖြင့်လည်း သေရပါသည်။

၃။ သက်တမ်းနှင့်ကုသိုလ်ကံနှစ်ပါးစုံကုန်၍ သေရပါသည်။

၄။ သက်တမ်းကုသိုလ်ကံကမကုန်သေး၊ တစ်စုံတစ်ခုသော လက်နက်ဘေး၊ အန္တရာယ်ဘေး၊ ရောဂါဘေးဖြင့်လည်း သေရပါသည်။

ယင်းသေခြင်းလေးမျိုးကို လောကဥပမာအားဖြင့်ပြောဆိုကြရာ၌ ဆီမီးတစ်တိုင်ငြိမ်းသွားရာ၌-

ဆီကုန်သွား၍ငြိမ်းခြင်း -သက်တမ်းကုန်၍သေခြင်းနှင့် တူသည်

| | |
|---|---|
| မီးဇာကုန်၍ငြိမ်းခြင်း | -ကံကုန်၍သေခြင်းနှင့်တူသည် |
| ဆီ၊ မီးဇာနှစ်ပါးစုံကုန်၍ ငြိမ်းခြင်း | -သက်တမ်းနှင့်ကံနှစ်ပါးစုံကုန်၍ သေခြင်းနှင့်တူသည်။ |
| ဆီ၊ မီးဇာရှိပါသော်လည်း ရုတ်တရက်လေပြင်းတိုက် ခတ်၍သေခြင်း(သို့) တမင်ငြိမ်းသတ်သဖြင့် ငြိမ်းခြင်း | -ကြားက ရောဂါတစ်မျိုးမျိုး၊လက်နက် ဘေးတစ်မျိုး၊ အန္တရာယ်ဘေးတစ်မျိုး မျိုးပေါ်ပေါက်၍သေရခြင်းနှင့် တူသည်။ |

ဤသေခြင်း(၄)မျိုးတွင် ရှေ့(၃)မျိုးသည် သေချိန်ရောက်၍သေရသောသဘောဖြစ်သောကြောင့် အချိန်စေ့၍သေရခြင်း၊ (ကာလမရဏ)ဟုခေါ်ပါသည်။

နံပါတ်(၄)သေခြင်းသည် အချိန်မကျသေးဘဲသေရသောသဘောဖြစ်သောကြောင့် အချိန်မစေ့မရောက်ဘဲသေရခြင်း (အကာလမရဏ) ဟုခေါ်ကြပါသည်။

## အကာလမရဏဖြင့် သေရခြင်းဟူသည်

ပုဂ္ဂိုလ်သတ္တဝါတို့၏သန္တာန်ဝယ် ရှေးရှေးဘဝများစွာက ပြုလုပ်ခဲ့ကြသော မကောင်းမှုကံများ၊ ကိုယ်စီကိုယ်ငှ အများအပြားပါရှိတတ်ကြပါသည်။

ထိုကံများသည် မိမိတို့ချည်းသက်သက် သေကြေအောင် မသတ်ဖြတ်နိုင်ကြသော်လည်း သတိမရှိ၊ ဉာဏ်မရှိ၊ အစဉ်းစား ဆင်ခြင်ဉာဏ်မရှိ၊ အမြော်အမြင်မရှိ၍ အစားမတတ်၊ အသွားမ တတ်၊ အနေမတတ်သူများကို ဘေးဥပါဒ်ရောက်အောင် ထိုဘေး ဖြင့်သေကြေပျက်စီးအောင်ကားပြုဘတ်ကြပါသည်။

ဥပမာ-ရှေးက သူတစ်ပါးကိုအငတ်ထားခဲ့ဖူးခြင်း၊ အဆိပ်ခတ်သတ်ခြင်း၊ လက်နက်ဖြင့်သတ်ခြင်း၊ ရေနစ်သတ်ခြင်း၊ မီးတိုက်သတ်ခြင်းစသည်ဖြင့် သူတစ်ပါးသေအောင်တစ်နည်း နည်းဖြင့်ပြုခဲ့သောသူသည် မိမိကသတိမရှိ၊ ကုသိုလ်ကောင်းမှု အားကြီးပြီးလွှမ်းမိုးနိုင်အောင်လည်း မပြုလုပ်နိုင်ခဲ့သော် ထိုကံများ အခွင့်ရလာသောဘဝဝယ် ထမင်းငတ်၍လည်းသေရတတ်သည်၊ ရေငတ်၍လည်းသေရတတ်သည်၊ လက်နက်ဘေးဖြင့်လည်း သေ ရတတ်သည်၊ ရေနစ်၊ မီးလောင်၍လည်းသေရတတ်သည်။

သူတစ်ပါးကိုတစ်နည်းနည်းဖြင့် နှိပ်စက်သတ်ဖြတ်ခဲ့ဖူး သူသည် ယခုဘဝဝယ်လေနာခြင်း၊ သလိပ်ရောဂါရှိခြင်း၊ ပန်းနာ ရှိခြင်း၊ နူနာရှိခြင်း၊ မကျန်းမမာရှိခြင်းစသည်ဖြင့် ညှိုးနွမ်းပင်ပန်း စွာအသက်ရှင်ရသည့်ပြင် ထိုရောဂါဖြင့်ပင်သေရတတ်ပါသည်။

ဤသို့စသည်ဖြင့် ရှေးကကံကလေးများသည် ဆင်ခြင် စဉ်းစားသတိထားတတ်သူ၊ ကုသိုလ်စွမ်းအားကြီးအောင်ပြုထား သူတို့၌ နှိပ်စက်ခွင့်၊ သတ်ဖြတ်ခွင့်မရသော်လည်း မစဉ်းစားမဆင်

ခြင်၊ သတိမရှိ၊ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်စွမ်းအားမရှိသူတို့ ၌ကား မကျန်းမာအောင် ဥပစ္ဆေဒကခေါ် သောကံတစ်ပါးဖြတ်မှု ကြောင့် သေခြင်းဟူသော သေချိန်မရောက်ဘဲသေခြင်း(အကာ လမရဏ)ဖြင့်သေကြေပျက်စီးတတ်ကြရပါသည်။

ထို့ကြောင့် ရှေးပညာရှိသူတော်ကောင်းတို့က-

- အသက်ဉာဏ်စောင့်၊ ဥစ္စာကံစောင့်
- အသွားမတော်တစ်မှုဟုတ်၊ အစားမတော်တစ်လုပ်
- ကျားရဲရာ ကြမ္မာမယိုးသာ
- ကံယုံပြီး ဆူးပုံမနင်းရာ

ဟူ၍ ဆုံးမထားခဲ့ကြပါသည်။

ဤစကားပုံဆုံးမစာများ၏ဆိုလိုရင်းမှာ လူတိုင်းမှာပင် မကောင်းကျိုးပေးရန် အကုသိုလ်ကံများရှေးဘဝများစွာက တစ် မျိုးနှစ်မျိုး စသည်ပြုခဲ့မိကြသဖြင့် ကိုယ်စီကိုယ်ငှ အကုသိုလ်ကံ များရှိနေတတ်ကြပါသည်။

ထိုကံများသည် အလွန်သတ္တိမထက်လျှင် သူတို့ဘာသာ အကျိုးပေးခွင့်သာအောင်မတတ်နိုင်ကြပါ။ အစဉ်းစားအဆင်ခြင် မရှိသူများ၌သာ အသွားအလာ၊ အစားအသောက်၊ အနေအထိုင် မတတ်သည့်အတွက် ထိုကံများအကျိုးပေးခွင့်ရရှိပြီး ဥပစ္ဆေဒက ကံအခွင့်သာပြီးသက်တမ်းကံမစေ့ဘဲ အစွမ်းမကုန်သေးဘဲ သေ ရခြင်း (အကာလမရဏ)မျိုးကြုံရခြင်းဖြစ်ပါသည်။

## အကာလမရဏသေခြင်းအမျိုးမျိုး

သက်တမ်း ကံအစွမ်းမကုန်သေးဘဲ အကာလမရဏဖြင့် သေခြင်းတို့တွင် လက်နက်ဘေး၊ အင်တော်ဘေး၊ ရောဂါဘေးတို့ဖြင့် သေဆုံးကြရာ၌ သေနည်းအမျိုးမျိုးရှိသည်တို့ကို ကျမ်းဂန်တို့၌ ဖော်ပြထားသည်ကိုတွေ့ရပါသည်။

လယ်တီဆရာတော်ကြီး၏ ရောဂန္တရဒီပနီ၌ သေခြင်း ဖြစ်ပေါ်ရာအနာရောဂါရခြင်းကြောင့်(၇)ပါးကိုတွေ့ရပါသည်။

၁။ လေကြောင့်အနာရောဂါဖြစ်ကာသေရခြင်း

၂။ သည်းခြေကြောင့်အနာရောဂါဖြစ်ကာသေရခြင်း

၃။ သလိပ်ကြောင့်အနာရောဂါဖြစ်ကာသေရခြင်း

၄။ အထက်ပါအကြောင်း(၃)ပါးစုံညီ၍ အနာရောဂါဖြစ်ကာ သေရခြင်း

၅။ ဥတုဖောက်ပြန်သောကြောင့်အနာရောဂါဖြစ်ကာ သေရခြင်း

၆။ အာဟာရမညီညွတ်မှုကြောင့်အနာရောဂါဖြစ်ကာ သေရခြင်း

၇။ သူတစ်ပါးရိုက်နှက်ပုတ်ခတ်မှုကြောင့် အနာရောဂါ ဖြစ်ကာသေရခြင်း

တစ်ဖန် အကာလမရဏသေရခြင်းအကြောင်းများမှာ-

၁။ ရာဂကြောင့်သေရခြင်း
-သက်တမ်း၊ ကံမကုန်သေးပါဘဲလျက် ပြင်းပြသောရာဂတို့ကို သည်းမခံနိုင်ဘဲ ချစ်သူနှင့်ကွဲရ၍ အဆိပ်သောက်သေခြင်းမျိုး၊ ကြိုးဆွဲချသေခြင်းမျိုး၊ တစ်နည်းနည်းဖြင့် ကိုယ့်ကိုယ်ကိုသတ်သေခြင်းမျိုးများသည် ရာဂကြောင့် အကာလမရဏသေရခြင်းမျိုးဖြစ်ပါသည်။

၂။ ဒေါသကြောင့်သေရခြင်း
-သက်တမ်း၊ ကံမကုန်သေးပါဘဲလျက် ပြင်းထန်သောဒေါသအာဃာတကြောင့် ရိုက်ပုတ်သေရခြင်း၊ ကြောက်လန့်ကာသေရခြင်း၊ ရှဲကုန်သည်ဒေဝဒတ်လောင်းကဲ့သို့ ပြုစုပြုပြန်၍ သွေးအံသေရခြင်း၊ ရင်ကွဲနာကျသေရခြင်းမျိုးများသည် ဒေါသကြောင့် အကာလမရဏသေရခြင်းမျိုးဖြစ်ပါသည်။

၃။ မောဟကြောင့်သေရခြင်း
-သက်တမ်း၊ ကံမကုန်သေးပါဘဲ အသိအလိမ္မာဉာဏ်ပညာနည်းမှုကြောင့် မပြုလုပ်အပ်သည်ကိုပြုလုပ်မိ၍သေရခြင်း၊ မသွားအပ်သည့်နေရာကိုသွားမိ၍သေရခြင်း၊ မစားသောက်အပ်သောအရာကိုစားသောက်၍သေရခြင်း စသည်မျိုးများသည် မိမိ၏မိုက်မဲမှုကြောင့် အကာလမရဏသေရခြင်းမျိုးဖြစ်ပါသည်။

၄။ မာနကြောင့်သေရခြင်း

-သက်တမ်း၊ ကံမကုန်သေးပါဘဲ ကိုယ်အောက်ယုတ်ညံ့သူ၊ ကိုယ်နှင့်တန်းတူသူ၊ ကိုယ့်ထက်သာလွန်သူတို့၌ လွှမ်းမိုးလိုခြင်း၊ ဖက်ပြိုင်လိုခြင်း၊ တုပလိုခြင်းစသော အပြုအမူအမျိုးမျိုးကြောင့် သည်းမခံနိုင်၍ ဥပမာ-မဟာနာမ်သည် ကျွန်မသားဝိဋဋူဘမင်းသားနှင့် ထမင်းအတူတူမစားလို၍ ရေ၌ငုပ်ပြီး သတ်သေခြင်း၊ မင်းရဲကျော်စွာကဲ့သို့ ဆေးကုမခံဘဲသေခြင်း စသည်များသည် မာနကြောင့် အကာလမရဏာသေရခြင်းမျိုး ဖြစ်ပါသည်။

၅။ ဟီရိ(အရှက်)ကြောင့်သေရခြင်း

-သက်တမ်း၊ ကံမကုန်သေးပါဘဲ မပြုသင့်မပြုထိုက်သော ဒုစရိုက်မှုမျိုးကိုကျူးလွန်ပြုကျင့်ရမည်မှ ရှက်ကြောက်၍ အသတ်အသေခံ သီလစောင့်ထိန်းသွားသောပုဂ္ဂိုလ်တို့၏ သေခြင်းမျိုးသည် ဟီရိ(အရှက်)ကြောင့် အကာလမရဏာသေရခြင်းမျိုးဖြစ်ပါသည်။

၆။ သဒ္ဒါကြောင့်သေရခြင်း

-သက်တမ်း၊ ကံမကုန်သေးပါဘဲ ရတနာသုံးပါးနှင့်မိမိ ကြည်ညိုအားထားရာစသည်တို့၌ သဒ္ဒါတရားလွန်အား

ကြီးသဖြင့် မိမိကိုယ်ကိုမိမိ မီးရှို့ပူဇော်ခြင်း၊ ဘုရားအလောင်းယုန်မင်းကဲ့သို့ အသက်စွန့်လှူမျိုးမှာ သဒ္ဓါတရားဖြင့် အကာလမရဏသေရခြင်းမျိုးဖြစ်ပါသည်။

၇။ ပညာကြောင့်သေရခြင်း

-သက်တမ်း၊ ကံမကုန်သေးသော်လည်း သေခြင်း၌ အကျိုးကိုဆင်ခြင်သိမြင်၍သေခြင်း၊ ဂေါဓိတမထေရ်ကဲ့သို့သေခြင်းနှင့်သေခြင်းတရားတို့ကို ပညာဖြင့်နှလုံးသွင်းဆင်ခြင်၍သေခြင်းမျိုးသည် ပညာဖြင့် အကာလမရဏသေရခြင်းမျိုးဖြစ်ပါသည်။

၈။ ကရုဏာကြောင့်သေရခြင်း

-သက်တမ်း၊ ကံမကုန်သေးပါသေးသော်လည်း သူတစ်ပါးအတွက်(သို့မဟုတ်)အများအတွက် တိုင်းပြည်အတွက်၊ လူမျိုးအတွက် ကရုဏာထား၍ မိမိ၏အသက်ကိုစွန့်လွှတ်ခြင်းသည် ကရုဏာအကာလမရဏသေရခြင်းမျိုးဖြစ်ပါသည်။

## အကာလမရဏာဖြင့် သေရသူများ

### (က) ရှေးကံအခွင့်သာ၍ အကာလမရဏာဖြင့်သေရသူများ

၁။ ရှင်မောဂ္ဂလာန်သည် မိဘကိုသတ်ခဲ့ဖူး၏၊ အရှင်မောဂ္ဂလာန်ရဟန္တာဘဝ၌ ထိုကံအခွင့်ရလာသဖြင့် ခိုးသားငါးရာတို့၏အသတ်ခံရပြီး ပရိနိဗ္ဗာန်စံဝင်ရသည်။

၂။ ဗိမ္ဗိသာရမင်းသည် ရှေးက ဘုရားရှင်ပြင်၌ဖိနပ်စီးဖူးခဲ့၏၊ ဗိမ္ဗိသာရမင်းဘဝ၌ ထိုကံအခွင့်ရသဖြင့် ခြေဖဝါးခွဲခံခဲ့ရ၏။

၃။ သာကီဝင်များသည် ရှေးကငါးကန်၌ အဆိပ်ခတ်သတ်ခဲ့ဖူး၏၊ ထိုကံကအခွင့်ပေါ်လာ၍ ယခုဘဝ၌ ဝိဋူဍဘ၏ဆွေမျိုးလုံးပြုတ်၍ အသတ်ခံရ၏။

၄။ သာမာဝတီအမှူးရှိသောမောင်းမတို့သည် အတိတ်က ပစ္စေကဗုဒ္ဓါကိုမီး ရှို့သတ်ခဲ့ဖူး၏၊ ထိုကံအခွင့်ပေါ်လာ၍ မာဂဏ္ဍီမိဖုရားဦးရီးတော်၏ မီးရှို့သတ်ခြင်းကိုခံခဲ့ရ၏။

၅။ ဗာဟိရဒါရုစီယမထေရ်သည် ရှေးကပြည့်တန်ဆာမကိုသတ်ခဲ့ဖူး၏၊ ထိုကံကအခွင့်ကြုံလာ၍ အမိုက်ပုံ၌ သက်န်းကောက်ရင်းနွားမဝှေ့၍သေရ၏။

ဤသည်တို့မှာ ရှေးကံအခွင့်သာ၍ သက်တမ်း၊ ကံမကုန်သေးဘဲ အကာလမရဏာဖြင့်သေဆုံးရသော ပုဂ္ဂိုလ်အချို့တို့ကို ထုတ်ဖော်ပြခြင်းဖြစ်ပါသည်။

## (ခ) လက်ငင်းကံဖြင့် အကာလမရဏာသေရသူများ

တစ်ဖန် ယခုဘဝ၌ ဂုဏ်သိက္ခာကြီးမားသောသူများ၌ စော်ကားမိ၍ အကာလမရဏာဖြင့်သေရသူများလည်းရှိပါသည်-

၁။ ခန္တီဝါဒီကိုနှိပ်စက်သော ကလာဗုမင်းသည် ချက်ချင်း မြေမျိုခံရသည်။

၂။ ကဿပဘုရားရှင်ယကျာတော်ရံ အဂ္ဂသာဝကအရှင်၏ ဦးခေါင်းကိုကျောက်ခဲဖြင့်ပစ်ပေါက်ခဲ့သော ဒုဿိမည်ရှိသော မာရ်နတ်သည် ချက်ချင်းမြေမျိုခံခဲ့ရသည်။

၃။ နန္ဒလုလင်သည် ဥပ္ပလဝဏ်ထေရီကိုစော်ကားသဖြင့် ချက်ချင်းမြေမျိုခံခဲ့ရသည်။

၄။ မိဘကိုစော်ကားထွက်သွားသော မိတ္တဝိန္ဒကသည် ချက်ချင်းရေနစ်ပြီး ငရဲသို့သွားရသည်။

၅။ ဘုရားရှင်ကိုသေကြောင်းကြံခဲ့သော ရှင်ဒေဝဒတ်သည် ချက်ချင်းမြေမျိုခံခဲ့ရသည်။

၆။ ဘုရားရှင်ကိုပြစ်မှားစော်ကားခဲ့သော သုပ္ပဗုဒ္ဓဘုရင်သည် ချက်ချင်းမြေမျိုခံခဲ့ရသည်။

၇။ ဘုရားရှင်ကိုစွပ်စွဲခဲ့သော စိဉ္စမာဏဝိကသည် ချက်ချင်း မြေမျိုခံခဲ့ရသည်။

၈။ သာကီဝင်မင်းမျိုးတို့ကို မျိုးတုံးအောင်သတ်ခဲ့သောဝိဋူဍဘ သည် ထိုညတွင်ပင် အပေါင်းသင်းတပည့်များနှင့်အတူ ရေတိုက်စားပြီးသေဆုံးကြရသည်။

ဤပုဂ္ဂိုလ်များသည် သက်တမ်း၊ ကံမကုန်သေးသော်လည်း ဂုဏ်သိက္ခာကြီးမားသောပုဂ္ဂိုလ်ကိုပြစ်မှားကျူးလွန်ခဲ့ကြ၍ အကာလမရဏဖြင့် သေဆုံးကြရပါသည်။

## သေနည်းတတ်၍ အသေမြတ်ကြပါစေ

လူတို့၏သေခြင်းတရားသည် အထက်မဖော်ပြပါသေခြင်းတရားလေးမျိုးဖြင့်သေရမည်မှာ သဘာဝဓမ္မတာတရားဖြစ်သော်လည်း သက်တမ်းကုန်၍သေရခြင်း၊ ကံကုန်၍သေရခြင်း၊ သက်တမ်း၊ ကံနှစ်ပါးစုံကုန်၍သေရခြင်းကိုမလွန်ဆန်နိုင်၊ မဆန့်ကျင်နိုင်ကြသော်လည်း အကာလမရဏမခေါ် ဥပစ္ဆေဒကံဖြင့်သေခြင်းမျိုး မကျရောက်စေရန်မှာ မိမိတို့သည် စဉ်းစားဆင်ခြင်နိုင်သောအသိဉာဏ်သတိတမန်ရှိကလွတ်နိုင်ကြပါသည်။

မိမိတို့သည် ရခဲလှစွာသောလူ့ဘ၀ကိုရလာပြီးနောက် မိမိဘ၀၏သမိုင်းမှတ်တိုင်၌-

-သေခြင်းသဘာဝတရားကိုလည်စင်းခံရသူမဖြစ်ပါစေနှင့်။

-သေရသူအချင်းချင်းပြောစမှတ်ဖြစ်ရအောင်မသေပါစေနှင့်။
-ကိုယ့်လိုပင်နောက်သေရမည့်သူများစိတ်မချမ်းသာအောင်မလုပ်ပါနှင့်။
-သူတို့အတွက် မိမိသည်စံပြဖြစ်အောင် ဒါန၊ သီလ၊ ဘာဝနာနှင့်ပြည့်စုံသူဖြစ်အောင် ဤအလုပ်များ၌ မပျင်းမနွဲ့ပါနှင့်။
-အမြဲသတိရှိပြီး သေခြင်းကိုရဲဝံ့စွာရင်ဆိုင်နိုင်ကြောင်း စွမ်းရည်ကိုပြသပေးသွားပါ။
-ရဲရင့်သောသေခြင်းဖြင့် သမိုင်းတွင်ရစ်နေခဲ့ပါက ကြောက်ရွံ့သေခြင်းဖြင့် သမိုင်းစွန်းထင်မကျန်ရစ်ပါစေနှင့်။
-ပျော်ပျော်ရွှင်ရွှင်သေပါ၊ လှလှပပသေပါ၊ သပ်သပ်ရပ်ရပ်သေပါ၊ တန်ဖိုးရှိစွာသေပါ။
-အပြစ်ကင်းစွာနေထိုင်ခြင်းကို သဘောပေါက်ပါလျက်သေရမည်ကိုကြောက်နေသေးသည်ဟုဆိုလျှင် ထိုသူသည်ဗုဒ္ဓ၏စကား၊ ဗုဒ္ဓ၏တရားကိုနားမလည်သေးသူ၊ မသိသေးသူ၊ မကျင့်သေးသူသာဟုဆိုရပါမည်။
-နေခြင်းနှင့်သေခြင်းတို့၏အကြောင်းအကျိုးဆက်စပ်မှု သဘောတရားအရ အမှန်စင်စစ်သေရမှာကိုကြောက်

နေခြင်းသည် မိမိ၏အနေမတတ်၊ အနေမကောင်းခြင်းကိုဖော်ညွှန်းနေခြင်းပင် ဖြစ်ပါသည်။

ဗုဒ္ဓ၏အနေကောင်းခြင်းဖြစ်ဖို့အတွက် လူမှန်သမျှမသေခင်ကာလမှာ-

- မကောင်းမှုကိုမပြုလုပ်ပါနှင့်
- ကောင်းမှုကိုပြုလုပ်ပါ
- စိတ်ကိုဖြူစင်အောင်ထားပါ
- တွယ်တာမှုသံယောဇဉ်ကိုဖြတ်ပါ
- အကုသိုလ်အားလုံးကိုသတ်ပါ
- ဒါန၊ သီလတို့ကိုပြုအပ်ပါ
- သမထဝိပဿနာအကျင့်ကိုကျင့်တတ်ကြပါ

ဟု ဗုဒ္ဓကမိန့်ဆိုထားပါသည်။

ဤလုပ်ဆောင်ဖွယ်ရာများသည် အသက်ရှင်စဉ်ကာလအတွင်းမှာသာ(ဝါ)ကျန်းမာရေးကောင်းနေသေးသောအချိန်ကာလအတွင်းမှာသာပြုလုပ်နိုင်ခွင့်ရကြပါသည်၊ မကျန်းမာသောအခါ သေကာနီးကာလအချိန်ရောက်မှ သတိသံဝေဂနောင်တရပြီး ထလုပ်၍မဖြစ်တော့ပါ။

မိမိကကံထူး သူလား၊ ကံဆိုးလူလားဆိုသည်ကို မိမိကိုယ်ကိုမိမိ စဉ်းစားဆင်ခြင်သုံးသပ်ပါ။

-ကံထူးသူများ လူ့ဘဝရစဉ်သာသနာနှင့်ကြုံကြိုက်ရပြီး တရားကျင့်ခွင့်ရကြသည်။
-ကံဆိုးသူများ သာသနာခွင့်ကြုံနေသော်လည်း တရားနှင့်လွဲနေရပါသည်။
-ကံအလွန်ဆိုးသူများ တရားကိုရှောင်ကွင်းကြသည်။
-သင်လူ့ပြည်ကထွက်ခွာဖို့အချိန်နီးပြီ၊ ဘာလုပ်ရမည်လဲ
-သင့်ဘဝလက်ကျန်အချိန်ကို အကျိုးရှိစွာအသုံးချပါ။
-သေလျှင် အားလုံးထားခဲ့ရမှာပါ။

ဆရာတော်အရှင်နာရဒ ( နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မန္တလေးမြို့)က လောကီရေးရာ၌-

| | |
|---|---|
| အတတ်ပညာသင်ကြရာဝယ် | -ဖျင်းသူမှာတက်မြောက်နိုင်သေး၏။ |
| | -ပျင်းသူမှာမတတ်မြောက်နိုင် |
| စီးပွားဥစ္စာရှာကြရာဝယ် | -ဖျင်းသူမှာကြီးပွားနိုင်သေး၏ |
| | ပျင်းသူမှာမကြီးပွားနိုင် |
| လုပ်ငန်းဆောင်တာလုပ်ဆောင်ရာဝယ် | -ဖျင်းသူမှာ ပြီးစီးနိုင်သေး၏ |
| | ·ပျင်းသူမှာမပြီးစီးနိုင် |

လောကုတ္တရာရေးရာ၌-

| | |
|---|---|
| သမထဝိပဿနာအားထုတ်ရာဝယ် | -ဖျင်းသူမှာတရားရနိုင်သေး၏ |
| | ပျင်းသူမှာတရားမရနိုင် |

နိဗ္ဗာန်ခေမာသွားရာဝယ် ဖျင်းသူမှာရောက်နိုင်သေး၏
ပျင်းသူမှာမရောက်နိုင်

-လူဖျင်းသည် လူပျင်းထက်သာ၏
-ဖျင်းသူထက် ပျင်းသူကပိုဆိုး၏
-လူပျင်းသည် လူဖျင်းထက်ပိုမိုကြောက်စရာကောင်း၏

ဟူ၍ ဆုံးမသြဝါဒပေးထားပါသည်။

ထို့ကြောင့် သင်သည်လူ့ဘဝကိုခေတ္တရလာခိုက် ဗုဒ္ဓသာသနာတော်နှင့်ကြုံခိုက်၊ တရားကျင့်စဉ်များဟောပြောမည့်သူများ ရှိခိုက် အနေတတ်၍ အသေမြတ်အောင်အားထုတ်ပါလေ။

# အခန်း (၂)

## အကာလမရဏဘေးနှင့်ရတနာသုံးပါးဂုဏ်စွမ်းရည်

### ရတနာသုံးပါးနှင့်ပရိတ်ဂါထာဟူသည်

### ရတနာသုံးပါး

ရတနာမည်ပုံ

-စိတ်နှလုံးမွေ့လျော်ရွှင်ပျော်နှစ်သက်ခြင်းကို ဖြစ်စေတတ်သော သက်ရှိ-သက်မဲ့အရာဝတ္ထုဟူသမျှသည် ရတနာမည်ပါသည်။

-စိန်၊ ရွှေ၊ ကျောက်သံ၊ ပတ္တမြားရတနာတို့သည် လောကလူအပေါင်းတို့၏ စိတ်နှလုံးကိုနှစ်သက်စေတတ်၊ မွေ့လျော်ပျော်ရွှင်စေတတ်သောကြောင့် လောကီရတနာဟုခေါ်ပါသည်။

-ထို့အတူ ဘုရား၊ တရား၊ သံဃာတို့သည် လူ၊နတ်၊ ဗြဟ္မာသတ္တဝါတို့၏ စိတ်နှလုံးကိုနှစ်သက်စေတတ်၊ မြတ်နိုးစေတတ်သောကြောင့် လောကုတ္တရာရတနာ မည်ပါသည်။

ရတနာ၏သဘောလက္ခဏာ

-အလေးအမြတ်ပြုခံရခြင်း

-အဖိုးများစွာထိုက်တန်ခြင်း

-အတုမရှိအသာဆုံးဖြစ်ခြင်း

-တွေ့ခဲ၊ ကြုံခဲ၊ ရခဲခြင်း

-ဘုန်းကံရှိသူတို့၏အသုံးအဆောင်(သို့မဟုတ်)ကိုးကွယ်ရာဖြစ်ခြင်း စသောလက္ခဏာများရှိပါသည်။

ဗုဒ္ဓရတနာ

-ဗုဒ္ဓသည် အရဟံအစ ဘဂဝါအဆုံးရှိသောကိုးပါးသော ဂုဏ်တော်နှင့်ပြည့်စုံသူဖြစ်သည်။

-ဗုဒ္ဓ၏ တရားတော်ကိုနာကြားရသူတို့မှာ ငြိမ်သက်အေးချမ်း သာယာမှုအသိဉာဏ်တိုးတက်မှုတို့ကိုရသောကြောင့် ဆည်းကပ်ကိုးကွယ်သူတို့ အလေးအမြတ်ပြုအပ်သော ရတနာဖြစ်ပါသည်။

-စိန် မြ ရတနာတို့သည် အဖိုးထိုက်တန်သော်လည်း ထိုရတနာ တို့အတွက် ညစ္စာရှင်မှာစိတ်ချမ်းသာမှုအကျိုးခံစားရ

သကဲ့သို့ ဘုရားရှင်ကိုဖူးတွေ့ရ၊ ကိုးကွယ်ဆည်းကပ်ရသောပုဂ္ဂိုလ်တို့သည် လောကသံသရာနှစ်ဖြာသော အကျိုးကိုရကြရပါသည်။

-ထိုပုဂ္ဂိုလ်များအတွက် ဗုဒ္ဓရတနာသည် တန်ဖိုးမဖြတ်နိုင်သောရတနာဖြစ်ပါသည်။

-ပြည်တန်ပတ္တမြားသည် အခြားတန်းတူရတနာမရှိနိုင်သကဲ့သို့ ဘုရားရှင်၏သီလ၊ သမာဓိ၊ ပညာဂုဏ်နှင့်တူသောပုဂ္ဂိုလ်သည် လောကတွင်မရှိ၊ သို့အတွက် ဗုဒ္ဓသည် အတုမရှိသောရတနာဖြစ်သည်။

-ပြည်တန်ပတ္တမြားကိုတွေ့ကြုံဖို့ခဲယဉ်းသကဲ့သို့ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကြာအောင် ပါရမီဖြည့်ပြီးမှဘုရားဖြစ်လာရသောဗုဒ္ဓမည်သောပုဂ္ဂိုလ်ထူးနှင့် တွေ့ဖို့၊ ကြုံဖို့၊ ဖူးတွေ့ဖို့ အလွန်ခဲယဉ်းလှ၍ ဗုဒ္ဓသည် ရတနာဖြစ်ပါသည်။

-လောက၌ ကျောက်သံပတ္တမြား၊ စိန်ရွှေရတနာတို့သည် လူသာမန်တို့မသုံးနိုင်၊ ချမ်းသာကြွယ်ဝသူတို့သာသုံးဆောင်နိုင်သကဲ့သို့ ဗုဒ္ဓရတနာကိုလည်း ဘုန်းကံရှိသူတို့သာ ဆည်းကပ်ကိုးကွယ်နိုင်သောကြောင့် ရတနာမည်ပါသည်။

-လောကတွင်လူနေအားဖြင့် အထက်တန်းကျကျနေ ထိုင်စားသောက်နိုင်သည်မှန်သော်လည်း ဗုဒ္ဓရတနာကို မယုံကြည်၍ ကိုးကွယ်ဆည်းကပ်ခွင့်မရကြပါ။

**ဓမ္မရတနာ**

-မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန် ပရိယတ် ဤ(၁၀) ပါးကို ဓမ္မဟုခေါ်ပါသည်။

-ဓမ္မဂုဏ်သည် သွက္ခာတောမှ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူ ဟီတိအထိ ဂုဏ်တော်(၆)ပါးနှင့်ပြည့်စုံပါသည်။

-ထို(၁၀)မျိုးသောဓမ္မကို ရှိသေလေးမြတ်စွာနာယူမှတ် သားအပ်၊ ကျင့်ကြံပွားများအပ်၏။

-တန်ဖိုးမဖြတ်နိုင်လောက်အောင် အဖိုးထိုက်တန်၏။

-မဂ်၊ ဖိုလ်နိဗ္ဗာန်တရားတော်များကိုမဆိုထားဘိ၊ ပရိယတ္တိတရားများသည်ပင် အတုမရှိအသာဆုံးတရား များဖြစ်ပါသည်။

-ထိုတရားတော်များကို ဘုရားပွင့်မှကြားသိရသောတရား တော်များဖြစ်၍ ဘုရားရှင်ကိုဖူးတွေ့ရဖို့မလွယ်သလို တရားတော်ကိုလည်း ကြားနာရန်မလွယ်ပါ။

-ထိုတရားတော်ကို ဘုန်းကံနည်းသူများမသိနိုင်၊ မသုံးစွဲ နိုင်၊ ဘုန်းကံရှိသောသူတို့၏အသုံးအဆောင်ဖြစ်၏။

-ဤသို့လျှင် တရားတော်သည် ရတနာဂုဏ်အင်္ဂါ(၆)ပါး နှင့်ပြည့်စုံသောကြောင့် ဓမ္မရတနာမည်ပါသည်။

သံဃရတနာ

-သမ္မုတိနှင့်အရိယာနှစ်ဖြာသောသံဃာတော်အရှင်မြတ် အပေါင်းသည် သံဃာရတနာဖြစ်ပါသည်။

-ထိုသံဃာရတနာသည် ရိုသေလေးစားထိုက်၏၊ မရိုမ သေပြုလုပ်လျှင် ထိုမရိုမသေပြုလုပ်သူများ လောက၌ ကြီးပွားခြင်း၏အန္တရာယ်ကိုဖြစ်စေတတ်၏၊ နောင် သံသရာ၌လည်း မကောင်းကျိုးကိုခံစားရမည်။

-သံဃာတော်ကို ရိုသေလေးမြတ်ဆည်းကပ်သူများ လောကသံသရာနှစ်ဖြာသောအကျိုးကိုရနိုင်ပါသည်။

-သံဃာရတနာသည် ဗုဒ္ဓပေါ်ထွန်းချိန်၌သာတွေ့ရကြုံရ ဖူးမြင်ရသောကြောင့် အလွန်တွေ့ကြုံခဲသောရတနာ ဖြစ်သည်။

-ထိုသံဃာရတနာကိုဘုန်းကံကြီးသူ လူတို့သာဖူးတွေ့နိုင်၊ ဆည်းကပ်ကိုးကွယ်နိုင်သောကြောင့် သံဃာရတနာ သည် ဘုန်းကံရှိသူတို့၏သာ ကိုးကွယ်ရာဖြစ်သည်။

-(ဗုဒ္ဓ၏ဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ သံဃာဂုဏ်တော်ကိုးပါး၏ပါဠိတို့ကို နောက်ပိုင်း၌ ဖော်ပြ ထားပါမည်)

## ပရိတ်ဂါထာဟူသည်

### ပရိတ်

ပရိတ်ဟူသည် ထက်ဝန်းကျင်အရပ်ဆယ်မျက်နှာမှကျရောက်ဆဲ၊ ကျရောက်လတ္တံ့သော ဘေးအန္တရာယ်အသွယ်သွယ်တို့ကိုတားဆီးကာကွယ်စောင့်ရှောက်တတ်သောကြောင့် ပရိတ်ဟုခေါ်ပါသည်။

ပရိတ်တရားတော်များသည် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဟောကြားခဲ့သောဗုဒ္ဓမန္တန်တော်(ဗုဒ္ဓဘာသိတ)များဖြစ်ကြပါသည်။

ယင်းပရိတ်တရားတော်များကိုရွတ်ဖတ်ခြင်း၊ နာကြားခြင်းပြုလုပ်သောပုဂ္ဂိုလ်များအဖို့-

- ဖြစ်ဆဲဖြစ်သောရောဂါအမျိုးမျိုး၊ ဘေးအန္တရာယ်အသွယ်သွယ်တို့မှကင်းလွတ်စေနိုင်ခြင်း။
- မဖြစ်သေးသောဘေးအန္တရာယ်တို့ကိုကာကွယ်စောင့်ရှောက်ပေးခြင်း
- ကောင်းကျိုးချမ်းသာကျန်းမာ [illegible] ပြည့်စုံစေခြင်း
- နောင်ဘဝလွန်အတွက်လည်း နိဗ္ဗာန်တိုင်အောင် အကျိုးကိုရနိုင်ခြင်း စသောအကျိုးများရှိပါသည်။

"ရဟန်းတို့ . . . အာရညကင်္ဂရှိယ်မည်သောအရုံအတား (ပရိတ်)ကိုသင်ယူကြကုန်လော့၊ အဖန်ဖန်လေ့လာကြကုန်လော့၊ ဆောင်ကြကုန်လော့၊ အာရညကင်္ဂနိယမည်သောအရုံအတားသည် ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့၏ အစောင့်အရှောက်ဖြစ်ခြင်းငှာ ချမ်းသာစွာဖြစ်ခြင်းဖြစ်၏"

ဟူ၍ ဘုရားရှင်ကိုယ်တော်တိုင် ဒီဃနိကာယ်ပါတိကဝဂ် အာရညကင်္ဂနိယသုတ်တော်၌ အာရညကင်္ဂနိယပရိတ်အရုံအတားကိုသင်ယူ ဆောင်ရန်မိန့်ကြားခဲ့ပါသည်။

"ရဟန်းတို့ . . . မိမိကိုယ်ကိုလုံခြုံစေခြင်းငှာလည်း ကောင်း၊ မိမိကိုယ်ကိုစောင့်ရှောက်ခြင်းငှာလည်းကောင်း၊ မိမိအရုံ အတား(ပရိတ်)ပြုခြင်းငှာလည်းကောင်း ဤမြွေမင်း(၄)မျိုးတို့ကို မေတ္တာစိတ်ဖြင့်ပြန့်ခြင်းငှာခွင့်ပြု၏"

ဟူ၍ ဝိနည်းစူဠဝါပါဠိတော်(၂၄၅)၊ အင်္ဂုတ္တိုရ်ပါဠိတော်(ပ)၃၈၄ တို့၌ ဘုရားရှင်က ရဟန်းတို့အားမေတ္တာပို့ရန်မိန့်ကြားခဲ့သည်။

တစ်ဖန် ဝိနည်းပိဋကတ်တော် ဘိက္ခုနီဝိဘင်၊ တိရစ္ဆာန ကထာသိက္ခာပုဒ်(၂)ခု၏ အနာပတ္တိဝါရ၌-

"ဘေးရန်မှလုံခြုံရေးအတွက် ပရိတ်ကိုသင်ယူပို့ချသော ရဟန်းမိန်းမအား အာပါတ်မသင့်"

ဟူ၍ သိက္ခာပုဒ်ခွင့်ပြုချက်ကိုတွေ့ရပါသည်။

ဤသိက္ခာပုဒ်ခွင့်ပြုသောပရိတ်ဟူသည်မှာ တဋ္ဌော၊ သရဲနိုင်မန္တန်၊ မြွေနဂါးမန္တန် စသည်တို့ဖြစ်သည်။
ဟူ၍ (ဝိ-၄-၃-၂၊ ၂၁၅) အဋ္ဌကထာအဖွင့်၌ ဖွင့်ဆိုပြထားပါသည်။

ဓမ္မပဒအဋ္ဌကထာ(ပ-၄၂၃-၄)၌မွေးဖွားပြီး (၇)ရက်မျှသာရှိသေးသော အာယုဝဍ္ဎနသတို့သားကို မြတ်စွာဘုရား၏ညွှန်ကြားချက်အရ ပရိတ်အရံအတားပြုလုပ်ပေး၍ အသက်(၁၂၀) ရှည်သွားရသည်။

ရတနသုတ်ပရိတ်တော်ကို ဗုဒ္ဓက ရှင်အာနန္ဒာကိုသင်ပေးပြီး ဝေသာလီတံတိုင်း(၃)ထပ်ကြား၍ရွတ်ပွားစေခဲ့သဖြင့် ဝေသာလီပြည်သူပြည်သားများ ကပ်(၃)ပါးမှကင်းခဲ့သည်ကိုတွေ့ရပါသည်။

ဤအထောက်အထားများအရ ပရိတ်ရွတ်ဖတ်မှုနှင့်ထိုပရိတ်ရွတ်ဖတ်မှုကြောင့် အန္တရာယ်ကင်းမှုသည် ဘုရားရှင်လက်ထက်ကတည်းကရှိခဲ့ပြီး ပရိတ်အကျိုးနှင့်ပရိတ်တန်ခိုးကြီးမားကြောင်း သိရပါမည်။

ဂါထာ

ဂါထာဆိုသည်မှာ ဆန်းကျမ်းစည်းကမ်းများနှင့်အညီဖွဲ့ဆိုသီကုံးထားသော ပါဠိကဗျာ၊ ပါဠိသီချင်းများပင်ဖြစ်ပါသည်။

တစ်ဂါထာမှာ (၄)ပါဒ၊ သို့မဟုတ် (၆)ပါဒ ရှိပါသည်၊ တစ်ပါဒလျှင် (၆)လုံးဘွဲ့မှစ၍(၂၂)လုံးဘွဲ့အထိရှိသည်၊ ပိဋကတ်ကျမ်းမှာ၌ကား (၈)လုံးဘွဲ့(၄)ပါဒရှိသောဂါထာကများသည် ဟုအဋ္ဌကထာဆရာက ဖွင့်ဆိုထားပါသည်။

သုတ္တနိပါတ်၌ (၃၂)ပါဒနှင့်အက္ခရာ(၂၄)လုံးပါရှိသော ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဟူသောအရိယာသာဝတ္တိဂါထာလည်းရှိသည် ဟုဆိုထားပါသည်။

ဘုရားဟောပိဋကတ်တော်များ၌ ဟောပုံဟောနည်းအရ သုတ္တ၊ ဂေယျ၊ ဝေယျာကရဏ၊ ဂါထာစသည်ဖြင့် အင်္ဂါ(၉)တန်ရှိကြောင်းပြဆိုထားရာ ဂါထာသည်ဘုရားဟောပိဋကတ်၌ အရေးပါလှပါသည်။

ဓမ္မပဒ၊ ထေရဂါထာ၊ ထေရီဂါထာနှင့်သုတ္တနိပါတတို့၌ သုတ်အမည်မပါ၊ ဂါထာချည်းသက်သက်ဟောထားသည်ကို တွေ့ရပါသည်၊ ယင်းတို့ကို ဂါထာဟုခေါ်ပါသည်။

ယခုနေ့ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့သက်ဝင်ယုံကြည်ထားသော ဂါထာများဟူသည် ဘုရားရှင်ကိုယ်တော်တိုင်ဟောကြားထားသောရတနာသုံးပါးဂုဏ်ရည်ပြဂါထာများပါရှိသလို၊ ဘုရားဟောတိုက်ရိုက်မဟုတ်သော်လည်း ရှေးရှေးဆရာတော်ကြီးများက ရတနာသုံးပါးဂုဏ်ကိုပူဇော်သောဂါထာများဖြင့် ဆန်း၊ အလင်္ကာကျမ်းနှင့်အညီရေးသားထားသောဂါထာများလည်း ပါဝင်ပါသည်။

## ပရိတ်ဂါထာရွတ်ပွားအောင်မြင်မှု

လောက၌ ယနေ့ဗုဒ္ဓဘာသာဝင်များသည် ဘုရား၊ တရား၊ သံဃာဟူသောရတနာသုံးပါးနှင့်ပတ်သက်သော ဂါထာမန္တန်ကိုရွတ်ဆိုပွားများခြင်း၊ ပုတီးစိပ်မှုပြုကြခြင်းသည် များသောအားဖြင့် မိမိလက်ရှိပစ္စုပ္ပန်ဘဝ-

-ဘေးအန္တရာယ်များမကျရောက်စေလိုခြင်းအကျိုးတရား

-ပစ္စည်းဥစ္စာရတနာများရလိုမှုအကျိုးတရား

-နောင်တမလွန်တွင်ချမ်းသာသောနတ်ရွာသုဂတိရောက်ရှိစေရေးနှင့်

-မဂ်ဖိုလ်ဝင် နိဗ္ဗာန်ရောက်ရှိစေရေး

စသောအကျိုးတရားများအတွက်ရည်ရွယ်ပြီး မိမိတို့ကိုယ်တိုင်လည်း ရွတ်ဆိုကျင့်ကြံအားထုတ်နေကြသည်၊ ရဟန်းသံဃာများထံ၌လည်း နာယူနေကြပါသည်။

ပရိတ်တရားတော်များ၊ ရတနာသုံးပါးဂုဏ်တော်များကိုရွတ်ပွားသရည်ရွယ်မှုနှင့်ပတ်သက်၍ ရွတ်ပွားသူ၌ရှိရမည့်အင်္ဂါနာကြားသူ၌ရှိရမည့်အင်္ဂါအသီးသီး သတ်မှတ်ဟောကြားထားသည်များရှိပါသည်။

ရွတ်ဖတ်သူသည်-

-ပရိတ်ဂါထာ၏အနက်အဓိပ္ပာယ်ကိုကောင်းစွာရှင်းလင်း သိထားခြင်း

-ပုဒ်၊ ပါဠိ၊ အက္ခရာမှန်ကန်စွာရွတ်တတ်ခြင်း

-လာဘ်လာဘကိုရလိုမှုမျှော်ကိုးမှုမရှိဘဲ မေတ္တာထားခြင်း

ဟူသော အင်္ဂါ(၃)ပါးနှင့်ညီညွတ်ရန်လိုအပ်လှပါသည်။

ပရိတ်နာယူသူကလည်း-

-ပဉ္စာနန္တရိယကံကျူးလွန်ထားမှုမရှိခြင်း

-နိယတမိစ္ဆာဒိဋ္ဌိမဖြစ်ခြင်း

-ပရိတ်၊ ဂါထာတရားအပေါ် ဒ္ဓယုံကြည်မှုရှိခြင်း

ဟူသောအင်္ဂါ(၃)ပါးနှင့်ညီညွတ်ရန်လိုအပ်လှပါသည်။

ဤတွင် ပဉ္စာနန္တရိယကံဆိုသည်မှာ-

၁။ အမိရင်းကိုသတ်မိခြင်း

၂။ အဖရင်းကိုသတ်မိခြင်း

၃။ ရဟန္တာကိုသတ်မိခြင်း

၄။ ဘုရားရှင်ကိုသွေးစိမ်းတည်အောင်ပြုမိခြင်း

၅။ သံဃာတော်များကို ဂိုဏ်းကွဲအောင်ခွဲခြင်း

ဤငါးပါးအနက် တစ်ပါးပါးကိုကျူးလွန်ထားမိသူသည် ဤဘဝမှသေပြီးနောက် မုချဆတ်ဆတ်ငရဲ၌ကျရောက်ခံရမည် ဖြစ်၍ အခြားမရှိအကျိုးပေးအပြစ်ခံရမည်ဖြစ်၍ အနန္တရိယကံ ထိုက်သူ ဟုခေါ်ပါသည်။

နိယတမိစ္ဆာဒိဋ္ဌိဆိုသည်မှာ-
-ပြုလုပ်မှုကံကိုပယ်ခြင်း (အဟေတုကဒိဋ္ဌိ)
-ကံ၏အကျိုးကိုပယ်ခြင်း (နတ္ထိကဒိဋ္ဌိ)
-ကံနှင့်ကံ၏အကျိုးကိုပယ်ခြင်း (အကိရိယာဒိဋ္ဌိ)

ဤအယူရှိသောသူများသည် ဤဘ၀မှသေဆုံးလျှင် မလွဲမသွေငရဲပြည်၌ကျရောက်ခံရမည်ဖြစ်သောကြောင့် နိယတမိစ္ဆာဒိဋ္ဌိ(မြဲ၍မှားသောအယူရှိသူ) ဟုခေါ်ဆိုပါသည်။

ဤပုဂ္ဂိုလ်များသည် ဤဘ၀မှသေဆုံးသော် မုချမသွေငရဲကျခံရမည့်ပုဂ္ဂိုလ်များဖြစ်သောကြောင့် ပြုလုပ်သောကုသိုလ်ကံအကျိုးကို ခံစားကြရသည်မဟုတ်သောကြောင့် ပရိတ်၊ ဂါထာရွတ်လည်းအကျိုးမထင်၊ အလဟဿသာဖြစ်ပါမည်။

ပရိတ်၊ ဂါထာရွတ်ဆိုသူတို့တွင် ရွတ်ဖတ်မှုအောင်မြင်မှုဖြစ်စေရန်(ဝါ)အကျိုးရရှိခံစားစေရန် အထူးလိုအပ်သောအင်္ဂါရပ်များရှိနေပါသေးသည်၊ ယင်းမှာ သီလ၊ သမာဓိ၊ ပညာဖြစ်၍ ယင်း(၃)ပါးအခြေခံပြည့်စုံကြရန်လိုအပ်ပါသည်။

**သီလ** -ကိုယ်ကျင့်တရားဖြစ်ပါသည်၊ အိတ်ပေါက်နှင့်ဖားကောက်၍မရနိုင်သကဲ့သို့ လူတွင်လူနှင့်ဆိုင်ရာသီလများရှိပါသည်၊ ထိုသီလများနှင့်ပြည့်စုံရန်လိုအပ်လှပါသည်၊ သီလမရှိသူ၏စိတ်သန္တာန်၌သူတော်ကောင်း

တရားနှင့်ကောင်းကျိုးတရားများတည်ရှိရန်မဖြစ်နိုင်သောကြောင့် သီလတရားလုံခြုံစွာထားရှိပြီးမှပရိတ်၊ ဂါထာတို့ကို ရွတ်ဖတ်သင့်ပါသည်။

သမာဓိ - စိတ်ပျံ့လွင့်နေသောလူတစ်ယောက်သည် မည်သည့်အလုပ်ကိုမျှ ကောင်းမြင်ကောင်းလုပ်နိုင်မည် မဟုတ်သလို မိမိပွားများရွတ်ဆိုနေသော ပရိတ်၊ ဂါထာများရွတ်ပွားနေချိန်ဝယ် သမာဓိစိတ်တည်ကြည်စွာထားရန်လိုအပ်လှပါသည်၊ နှုတ်ကသာရွတ်ဆိုနေသည်၊ စိတ်ကရောက်ချင်ရာရောက်နေတာမျိုးဖြစ်ပါက ပရိတ်၊ ဂါထာအကျိုးနှင့်အစွမ်းသည် မည်သို့မျှရနိုင်မည်၊ စွမ်းနိုင်မည်မဟုတ်ပါ။

ပရိတ်၊ ဂါထာရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ပုတီးစိပ်ခြင်းသည် ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သမထဘာဝနာပွားများခြင်းဖြစ်ပါသည်၊ သမထ၊ ဘာဝနာအားထုတ်ကြရာ၌ သမာဓိကိုဦးစွာထူထောင်ကြရပါသည်။

## သမာဓိတည်နိုင်၊ ပွားနိုင်ပါစေ

သမာဓိရမှ ဝိပဿနာလက္ခဏာရေးသုံးပါးတင်နိုင်ပြီး မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်ကိုမြင်နိုင်ပါသည်။

ဤတွင် သမာဓိဟူသောမူလစကားသည် ပါဠိဘာသာစကားလုံးဖြစ်ပါသည်၊ သမာဓိသည် သံ+အာ+ဓာ ဟူသော(၃)ပုဒ်ကိုပေါင်းစည်း၍ "က္ကပစ္စည်းသက်ထား၍ သံ+အာ+ဓာ+က္က=သမာဓိဖြစ်ပေါ်လာရပါသည်။

သံ - ကောင်းစွာညီညီ

အာ - စွဲစွဲမြဲမြဲ

ဓာ - ဆောင်ရွက်

က္က - တတ်သောတရား

ကောင်းစွာညီညီညွတ်ညွတ်စွဲမြဲစေရန် ဆောင်တတ်သောတရားကို သမာဓိ ဟုခေါ်ဆိုပါသည်။

ဤသမာဓိတရားသည်-

-မိမိနှင့်အတူယှဉ်ဖော်ယှဉ်ဖက်စိတ်၊ စေတသိက်တရားတို့ကို ပြန့်ကျဲမသွားစေခြင်းလက္ခဏာရှိပါသည်

-စုစည်းခြင်း၊ အလုပ်ကိစ္စရှိပါသည်

-ငြိမ်သက်တည်ကြည်နေသည့်တရားတစ်ခုဟုထင်မြင်ရသောသဘောရှိသည်

-ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းရှိမှသာ အနီးကပ် အကြောင်းဖြစ်သည်

ဟူ၍ အဘိဓမ္မာဝတာရအဋ္ဌကထာစသော ဗုဒ္ဓအဘိဓမ္မာကျမ်းတို့၌ ဖွင့်ဆိုထားသည်ကိုတွေ့ရပါသည်။

သမာဓိ၏မူလတရားကိုယ်မှာ ဧကဂ္ဂတာ(တည်ကြည်မှု)စေတသိက်ဖြစ်ပါသည်၊ ထိုစေတသိက်သဘောအရ သမာဓိသည် တစ်ခုတည်းသောအာရုံ၌သာ စူးစူးစိုက်စိုက်မှတ်တတ်သည်၊ ဟိုအာရုံ-ဒီအာရုံဟူသောအာရုံအမျိုးမျိုးကိုအသုံးမပြုတတ်ပါ။ ထို့ကြောင့် သမာဓိဟူသည် တည်ငြိမ်စူးစိုက်သောသဘောရှိပါသည်။

မဂ္ဂင်(၈)ပါးကျင့်စဉ်တရား၌ သမ္မာသမာဓိတရားပါရှိပါသည်၊ မဂ်တရား-ဖိုလ်တရားရရန်မှာ သမာဓိရှိရန်လိုအပ်ပါသည်၊ မြေလျှိုးမိုးပျံနိုင်သောဈာန်တရား၊ သမာပတ်တရား၊ အဘိညာဉ်တရားတို့ကိုရရှိရန်အတွက်လည်း သမာဓိရှိရန်လိုအပ်ပါသည်၊ ဈာနင်ခေါ် ဈာန်အင်္ဂါ(၅)ပါးတွင် ဧကဂ္ဂတာ ဟုခေါ်သော သမာဓိသည် အဓိကအဖြစ်ပါဝင်နေပါသည်၊ သမာဓိရှိမှသာ ဈာန်သမာပတ်ကိုရနိုင်ပါသည်။

သတိမန္တတေဒဂ္ဂ၊ ဂတိမန္တတေဒဂ္ဂ၊ ဗဟုသုတတေဒဂ္ဂ၊ ဓိတိမန္တတေဒဂ္ဂ၊ ဥပဋ္ဌာကတေဒဂ္ဂဟူ၍ တေဒဂ္ဂ(၅)တန်ရခဲ့သော ရှင်အာနန္ဒာသည် တရားအားထုတ်ရာတွင် ပူပန်မှု၊ စိတ်ပျံ့လွင့်မှု

များပြီး သမာဓိမရခဲ့၍ တစ်ညလုံးတရားအားထုတ်ခဲ့သော်လည်း တရားမရခဲ့ပေ၊ နောက်ဆုံး ထိုအရာများကိုထိန်းသိမ်းသောဝီရိယ ကိုလျှော့ချလိုက်မှ သမာဓိရပြီးရဟန္တာဖြစ်ခဲ့ရသည်။

ရှင်အာနန္ဒာဖြစ်စဉ်ကိုကြည့်ပါက သမာဓိမရှိဘဲ တရား မှန်ကိုမသိနိုင်၊ မရနိုင်ဆိုသည်မှာ ထင်ရှားလှပါသည်။

ဘုရားရှင်ကိုယ်တော်တိုင်ကလည်း ရဟန်းများကို-

"ရဟန်းတို့ . . . သမာဓိကိုပွားများကြ၊ သမာဓိရှိမှ အမှန် တိုင်းကိုသိနိုင်သည်" ဟူ၍ ဟောကြားသတိပေးခဲ့ပါသည်။

ထို့ကြောင့် ဂါထာ၊ ပရိတ်ရွတ်ဖတ်ကြသောသူများသည် သမာဓိတည်ကြည်မှုအားရှိကြမှသာလျှင် မိမိတို့လိုရာလောကီ၊ လောကုတ္တရာအကျိုးပြီးနိုင်သည်ကို အသိ-သတိရှိကြစေလိုပါ သည်။

**ပညာ** -မိမိရွတ်ပွားနေသောပရိတ်၊ ဂါထာတို့၌ကျွမ်းကျင်လိမ္မာ စွာသိထားမှုရှိရပါမည်၊ ဆေးဆရာတစ်ဦးသည် မိမိ ကုသမည့်လူနာရှင်၏ရောဂါဝေဒနာကို ကောင်းစွာသိ ပြီး ကျွေးမွေးကုသရမည့်ဆေးဝါးကိုလည်းကောင်းစွာ သိမှကျေးဇူးဖြစ်ထွန်းမည်ဖြစ်သကဲ့သို့ ပရိတ်ဂါထာရွတ် ပွားသူသည် ထိုပရိတ်ဂါထာ၏အကျိုးအာနိသင်အစွမ်း ကိုသိထားပြီး ယုံကြည်မှုသဒ္ဓါတရားဟူသော အသိပညာ ပြည့်စုံရန်လိုအပ်လှပါသည်။

ထို့ကြောင့် ပရိတ်ဂါထာရွတ်ပွားသူတို့သည် မိမိတို့၏ ပရိတ်၊ ဂါထာအစွမ်းထက်မြက်ပြီး အောင်မြင်မှုရစေရန်အတွက် ဤသီလ၊ သမာဓိ၊ ပညာ(၃)ချက်ကိုအထူးပြည့်စုံအောင် သတိထားဆောင်ရွက်ပြီး ရွတ်ပွားပါမှ မိမိလိုရာလောကီ၊ လောကုတ္တရာအကျိုးများအောင်မြင်မှုရရှိမည်ဖြစ်ပါသည်။

## ဘုရားဟောမဟုတ်ဂါထာ ရွတ်ကောင်း–မရွတ်ကောင်း

မြတ်စွာဘုရား၏တရားတော်၌ တရားအမှား-အမှန်ကို ဝေဖန်ဆုံးဖြတ်နိုင်ရန် မဟာပဒေသကြီး(၄)ပါးရှိပါသည်။

၁။ သုတ္တ -ဘုရားဟောပိဋကတ်သုံးပုံလာပါဠိတော်များ ဖြစ်သည်

၂။ သုတ္တာနုလောမ-ဘုရားဟောပါဠိတော်နှင့်ညီစွာ ကြံဆထားသောတရားဖြစ်သည်

၃။ အာစရိယဝါဒ-ပါဠိတော်ကိုဖွင့်ဆိုထားသောအဋ္ဌကထာဖြစ်သည်

၄။ အတ္တနောမတိ-ရှေးသုံးပါးတို့နှင့်လျော်ညီစွာကျမ်းပြုသူ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ထပ်မံဖွင့်ဆိုရေးသားထားသောတရား(သို့မဟုတ်)ဋီကာဖြစ်သည်

ဤ(၄)ပါးတွင် သုတ္တန်သည် ပဓာနဖြစ်ပါသည်၊ နောက် (၃)မျိုးတို့သည် သုတ္တန်နှင့်ညီညွတ်မှသာတရားမှန်ဟု လက်ခံယူရမည်ဖြစ်ပါသည်။

ဘုရားဟောမဟုတ်သောဂါထာများသည် သုတ္တာနုလောမ၊ အာစရိယဝါဒ၊ အတ္တနောမတိတို့ဖြစ်ကြပါသည်။

သို့သော် ထိုဂါထာများကိုဆန်းစစ်ကြည့်၍-

-ရတနာသုံးပါးဂုဏ်တော်များကိုဖော်ကျူးရှိခိုးသောဂါထာများ (ဗုဒ္ဓါနုဿတိဘာဝနာ)

-မေတ္တာပို့သောဂါထာများ (မေတ္တာဘာဝနာ)

-သစ္စာဆိုသောဂါထာများ (သစ္စာဝါစာ)

စသည်ဖြင့် ဘုရားဟောတရားတော်များကိုမှီငြမ်းပြုပြီး စီကုံးထားသောဂါထာများဖြစ်ပါက သုတ္တခေါ် ပါဠိတော်နှင့်ညီညွတ်လျော်ကန်သောသုတ္တာနုလောမဂါထာ ဟုသတ်မှတ်ရပါသည်။

ဥပမာ-ဇောရွှင်သုတ်လာဂါထာများသည် ဘုရားရှင်တိုက်ရိုက်ဟောသောဂါထာများမဟုတ်၍ သုတ္တမည်ပါ။ သို့သော် မဟာဝဂ္ဂသံယုတ်ပါဠိတော်တွင် ပါဠိစကားပြေ(စုဏ္ဏိယ)အားဖြင့်ဟောထားသည့် ပထမ၊ ဒုတိယ၊ တတိယဂိလာနသုတ်လာအကြောင်းတရားတို့ကိုစီကုံးကာ သစ္စာဆိုထားသောဂါထာများဖြစ်၍ သုတ္တခေါ်ပါဠိတော်နှင့်ညီညွတ်သော သုတ္တာနုလောမဂါထာများဖြစ်သည် ဟုဆိုရပါမည်။

ထို့ကြောင့် ရတနာသုံးပါး၏ဂုဏ်ကျေးဇူးများကို ပိဋကတ်တော်လာတရားတော်များနှင့် အညီရေးသားစီကုံးထားသော သုတ္တာနုလောမဂါထာများ၊ အာစရိယဝါဒဂါထာများ၊ အတ္တနောမတိဂါထာများသည် မဟာပဒေသ(၄)ပါးတွင်အကျုံးဝင်၍ရွတ်ဆိုကောင်းသည် ဟုမှတ်ရပါသည်၊ ထေရဝါဒဗုဒ္ဓဘာသာနှင့်မဆန့်ကျင်ပါ၊ တန္တရ-မန္တရမည်သည်ဟုမသတ်မှတ်ရပါ၊ ဗုဒ္ဓါနုဿတိသမထဖြစ်ပါသည်။

ဘုရားရှင်လက်ယာဂ်မှစ၍ ယနေ့ခေတ်အထိ ရတနာသုံးပါးဂုဏ်တော်ဂါထာများရွတ်ပွားသရဇ္ဈာယ်သဖြင့် အသက်အန္တရာယ်ဘေးမှလက်တွေ့လွတ်ကင်းကြပုံဥပမာ ဘုရားရှင်လက်ထက်က အာယုဝဍ္ဍနသတို့သားထင်းခွေသားအဖတို့၏အဖြစ်အပျက်များသည်ထင်ရှားလှပါသည်၊ ဗုဒ္ဓသာသနာတော်ထွန်းကားခဲ့သော သီဟိုဠ်ခေတ်၊ မြန်မာနိုင်ငံသရေခေတ္တရာခေတ်၊ ဟံသာဝတီခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်နှင့်ယနေ့ခေတ်အထိလည်း အသက်ဘေးအန္တရာယ်အပေါင်းမှလွတ်ကင်းကြသူအပေါင်းများစွာရှိနေကြပါသည်။

ထို့ကြောင့် ရတနာသုံးပါးဂုဏ်ချီးကျူးပူဇော်သောဂါထာများရွတ်ဆိုသည်ကို တန္တရ-မန္တရဟူ၍လည်းကောင်း၊ မဟာယာနဟူ၍လည်းကောင်း၊ ထေရဝါဒနှင့်မကိုက်ညီ၊ ဆန့်ကျင်သည်ဟူ၍

လည်းကောင်း ပြောဆိုနေကြသူများသည် ဓမ္မန္တရာယ်ဖြစ်ကြ၍ နောက်ဘဝတွင်သီလ၊ သမာဓိအကျင့်ကင်း၍ယုတ်ညံ့ခြင်းအတိ ဖြစ်တတ်သည်ဟု လယ်တီဆရာတော်ဘုရားကြီးက အတိအလင်း မိန့်ကြားထားခဲ့သည်ကို သတိပြုမိကြစေလိုပါသည်။

ထို့ကြောင့် ရွတ်ဆိုကောင်းသော(ဝါ)ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိထိုက်သောဂါထာတော်များကိုရွတ်ဆိုကြရာ၌-

-ဂါထာ၏ပုဒ်၊ ပါဠိ၊ အက္ခရာများကိုမှန်ကန်ပီသစွာ ရွတ်ဆိုခြင်း

-ရွတ်ဆိုသောဂါထာ၏အနက်အဓိပ္ပာယ်ကိုသိခြင်း

-မိမိရွတ်ဆိုသောဂါထာအပေါ်ယုံကြည်ခြင်း

-မိမိ၌သီလပြည့်စုံခြင်း

-မိမိ၌ကျူးလွန်ထားသော ပဉ္စနန္တရိယကံမရှိခြင်း

-မိစ္ဆာဒိဋ္ဌိအယူမရှိခြင်း

ဟူသောအင်္ဂါရပ်များနှင့်ညီညွတ်မှုရှိရန်လိုအပ်သလို ခလုပ်ထိမှ အမိတဆိုသကဲ့သို့ အန္တရာယ်ကျရောက်လာကာနီးမှ သို့မဟုတ် ဘေးအန္တရာယ်ကျရောက်လာပါမှ ထ၍ရွတ်တာမျိုးမဟုတ်ဘဲ ရွတ်ဆိုမှုအထုံ ထုံနေစေရန်လိုအပ်လှပါသည်၊ ရွတ်ဆိုမှု၌သမာဓိ အားကောင်းနေစေရန်လိုအပ်လှပါသည်။

ထေရဝါဒဗုဒ္ဓဘာသာအနေဖြင့် မရွတ်ကောင်းသော ဂါထာများကိုအကြမ်းအားဖြင့် ဥပ-ဩ ခြောင်းပါသောလောကီမန္တန် ဂါထာများပြဟ္မဇာဝါဒ၊ တန္တရ-မန္တရမဟာယာန အယူအဆပါ ဂါထာများစသည်တို့ကို မရွတ်ကောင်းဟုသတ်မှတ်ပါသည်။

ဘုရားဟောပါဠိဂါထာများကိုလည်း ရှေ့က ဥပ-ဩ ခြောင်း ခံ၍မရွတ်ဆိုရပါ။

ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃဂုဏ်များကိုအာရုံပြုပြီး ဗုဒ္ဓါနု ဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိပွားများသူတို့သည် လောကီ ချမ်းသာသာမက လောကုတ္တရာချမ်းသာအနှစ် မဂ်-ဖိုလ်နိဗ္ဗာန် သို့ပင် တစ်ဆင့်ပြီးတစ်ဆင့်ရောက်နိုင်ကြပါသည်။

လောကီ-လောကုတ္တရာကောင်းကျိုးလိုလျှင် သမာဓိ တည်ကြည်စွာဖြင့်-

- ယုံကြည်ပါ
- အထုံခာတ်ရအောင်မပြတ်နေ့စဉ်ရွတ်ပွားပါ

## ရတနာသုံးပါးဂုဏ်ပွားများခြင်းအကျိုးများ

ဗုဒ္ဓသည် မဟာဝုန်တော၌ မဟာသမယသုတ်တော်ကို ဟောတော်မူသောအခါ ဗြဟ္မာကြီး(၄)ယောက်ကြပြီး ဘုရားရှင်ကို ချီးကျူးပူဇော်ရွတ်ဆိုရာ၌ မြောက်ဘက်စကြဝဠာတောင်ထိပ်၌ သက်ဆင်းသောတတိယဗြဟ္မာကြီးက-

"ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊ နတေဂမိဿန္တိ အပါယဘူမိံ ပဟာယမာနုသံ ဒေဟံ၊ ဒေဝကာယံပရိပူရေဿန္တိ"

"အလုံးစုံကုန်သောသတ္တဝါတို့သည် ဘုရားရှင်ကို(တရားတော်ကို၊ သံဃာတော်များကို)ကိုးကွယ်ရာဟူ၍ ယုံကြည်လေးမြတ်ဆည်းကပ်ကုန်ပြီး ထိုသတ္တဝါတို့သည် အပါယ်လေးဘုံသို့ ပုံသေမလားရကုန်လတ့်၊ လူအတ္တဘောကိုပယ်စွန့်ကြသည်ရှိသော် နတ်ပြည်သို့မုချပုံသေပြည့်စုံစေကုန်လတ့်"

ဟူ၍ ရွတ်ဆိုပူဇော်ခဲ့ပါသည်။

ဤသည်ကိုထောက်ဆသောအားဖြင့် ရတနာသုံးပါး၏ဂုဏ်ကိုယုံကြည်ကိုးကွယ်သူတို့သည် မုချသေပြီးနောက် နတ်ရွာသုဂတိသို့လားရောက်ကြရမည်ဖြစ်ပါသည်။

ဘုရားရှင်တို့မည်သည် သတ္တဝါတို့အတွက်တရားဟောကြားရာ၌ မဟာကရုဏာတရားရှေ့ထားပြီး အကျိုး(၃)မျိုးရရှိအောင် ဟောပြောပြလေ့ရှိပါသည်။

၁။ ဒိဋ္ဌဓမ္မိကတ္ထံ

-မသေမီဘဝမှာရနိုင်သောကောင်းကျိုးချမ်းသာ

-ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း၊ ပူဆွေးသောကဖြစ်ခြင်း စသည်တို့သည် ဆိုးကျိုးများဖြစ်ကြသည်၊ ထိုဆိုးကျိုးများမှလွတ်မြောက်အောင် တရားနည်းပြ

ဟောပြောပြခြင်း၊ ကျင့်ကြံအားထုတ်စေခြင်းသည် ဤဘဝကောင်းကျိုးရစေခြင်းဖြစ်ပါသည်။

-ထိုသို့ဟောပြောပေးမှုနှင့်ကျင့်ကြံအားထုတ်မှုတို့ကြောင့် အနာထပိဏ်၊ ဝိသာခါ၊ ဗိမ္ဗိသာရမင်းတို့ လောကီကောင်းကျိုး နတ်ရွာသုဂတိလားရခြင်း ရရှိခံစားရသလို ရဟန္တာမထေရ်များ ဤသံသရာဘဝကလွတ်မြောက်စေသောမဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာများကို လက်ရှိရုပ်နာမ်ဘဝ၌ရရှိခံစားကြရပါသည်။

၂။ **သမ္ပရာယိကတ္ထ**

-နောင်ဘဝအဆက်ဆက်ရနိုင်သောကောင်းကျိုးချမ်းသာ

-သတ္တဝါတိုင်းသည် နိဗ္ဗာန်မရမချင်းတစ်ဘဝပြီး တစ်ဘဝ(၃၁)ဘုံ၌ ပြောင်းရွှေ့ကျင်လည်ကြရဦးမည်ဖြစ်ပါသည်၊ သံသရာဘဝအဆက်ဆက် ကောင်းကျိုးချမ်းသာ ရရှိခံစားနိုင်ရန်အတွက် ဒါနစသော ကုသိုလ်ပြုရန် ဟောကြားတော်မူခြင်းသည် နောင်ဘဝအဆက်ဆက် ရနိုင်သော ကောင်းကျိုးချမ်းသာအတွက် နည်းပေးလမ်းပြဟောကြားပြသခြင်းဖြစ်ပါသည်။

-လင်းနို့သားငါးရာ၊ ဖားနတ်သား၊ မဋ္ဌကုဏ္ဍလီ၊ဆတ္တမာဏဝလုလင်၊ စဏ္ဍာလီသူအိုမ၊ လာဇာနတ်သမီးစသည်

တို့သည် အနည်းငယ်မျှသော ဒါန၊ သီလကုသိုလ်တို့ဖြင့် နောင်ဘဝကောင်းကျိုးချမ်းသာရရှိခံစားကြရသူများ ဖြစ်ကြပါသည်။

၃။ ပရမတ္ထ

-အမြတ်ဆုံးသောနိဗ္ဗာန်ရယူခြင်းချမ်းသာ

-(၃၁)ဘုံသံသရာလောကမှလွတ်မြောက်၍ အမြတ်ဆုံး ငြိမ်းအေးရာနိဗ္ဗာန်ကိုရယူစေရန် နည်းပေးလမ်းပြ ဟောကြားခြင်းသည် အမြတ်ဆုံးသောချမ်းသာကို ရစေခြင်းမည်ပါသည်။

-အရှင်မဟာကဿပ၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်မှအစ နောက်ဆုံးအရှင်သုဘဒ္ဒရဟန္တာအထိ (၈၀)သောမဟာသာဝက၊ အဂ္ဂသာဝက၊ ပကတိသာဝကတို့သည် အမြတ်ဆုံးနိဗ္ဗာန်တရားကိုနာကြား၊ ကျင့်ကြံခွင့်ရရှိကြပြီး ကျွတ်တမ်းဝင်ကြသည်၊ အမြတ်ဆုံးချမ်းသာကိုရရှိကြခြင်းဖြစ်ကြပါသည်။

ထိုသို့ဘုရားရှင်က ပစ္စုပ္ပန်-တမလွန်ကောင်းကျိုးတရားများကို လမ်းညွှန်ဟောကြားထားပြီးဖြစ်၍ ထိုတရားများကိုလိုက်နာကျင့်ကြံအားထုတ်ရန်မှာ မိမိတို့၏တာဝန်သာဖြစ်ပါသည်။

ရတနာသုံးပါး၏ဂုဏ်တော်များကို ယုံယုံကြည်ကြည်နှစ်နှစ်ခြိုက်ခြိုက် သဒ္ဓါစရိုက်အားကြီးစွာဖြင့်ရွတ်ပွားကြသောပုဂ္ဂိုလ်

များသည် ဂုဏ်တော်ကိုမိမိ၏စိတ်အတွင်း၌ပေါ်လာအောင် အာရုံပြုပြီးရွတ်ပွားရန်လိုအပ်ပါသည်။

ထိုသို့အာရုံပြုနိုင်အောင်-

-ရေချမ်းဆီးမီးပူဇော်ရပါမည်

-ဘုရားကိုရှိခိုးရပါမည်

-သရဏဂုံသုံးပါးနှင့်ငါးပါးသီလကိုဆောက်တည်ရပါမည်

-ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်မှစ၍ နတ်၊ ဗြဟ္မာများကိုပင့်ဖိတ်၍ သတ္တဝါများအပေါ်၌ မေတ္တာပို့ပွားများရပါမည်။

-မိမိရွတ်ဖတ်သရဇ္ဈာယ်သောပရိတ်ဂါထာ၏အနက်အဓိပ္ပာယ်ကိုသိပြီး အစွမ်းကိုလည်းယုံကြည်မှုရှိရပါမည်

ဂုဏ်တော်ဂါထာမရွတ်မီ ဤကဲ့သို့သောကိစ္စများဆောင်ရွက်ထားခြင်းဖြင့် စိတ်ကိုရတနာသုံးပါးထံသို့ရောက်နေစေပါသည်။

ဂုဏ်တော်ပွားများခြင်းသမာဓိဘာဝနာကို ဒါနကုသိုလ်၊ သီလကုသိုလ်တို့ဖြင့် အမွမ်းတင်ရာလည်းရောက်ပေသည်။

သီလဖြင့်အမွမ်းတင်ထားအပ်သော သမာဓိသည် ကြီးကျယ်ခမ်းနားသောအကျိုးကိုရစေနိုင်ပါသည်။

ဂုဏ်တော်ပွားများမပွားမီ ရှေ့ပိုင်းအချိန်၊ နောက်ပိုင်းအချိန်များ၌ ကုသိုလ်များဝိုင်းရံနေပြီးဖြစ်သောကြောင့် အမြတ်ဆုံးဉာဏ်နှင့်ယှဉ်သောကုသိုလ်ထူးကိုရနေသည် မည်ပါသည်။

ရတနာသုံးပါးဂုဏ်ကိုပွားများရသဖြင့် ဂုဏ်တော်ပွားများနေသူသည် အကျိုး(၁၈)ပါးကိုရနိုင်သည်ဟူ၍ ဝိသုဒ္ဓိမဂ်၌ဆိုပါသည်-

၁။ ဂုဏ်တော်ပွားများနေချိန်၌ လောဘစိတ်ကင်းနေ၍ စိတ်အစဉ်ကြည်လင်နေသည်

၂။ ဒေါသစိတ်ကင်းနေ၍ စိတ်အစဉ်ကြည်လင်နေသည်

၃။ မောဟစိတ်ကင်းနေ၍ စိတ်အစဉ်ကြည်လင်နေသည်

၄။ ဣဿာ၊ မစ္ဆရိယ၊ မာနစသောစိတ်များကင်းနေ၍ စိတ်အစဉ်ကြည်လင်နေသည်

၅။ ရတနာသုံးပါးဂုဏ်၌အာရုံစိုက်ထားသောအကြံဆင်ခြင်မှုများဖြောင့်နေ၍ စိတ်အစဉ်ကြည်လင်နေသည်

၆။ ဂုဏ်တော်အာရုံစိတ်မှာထုံနေသဖြင့် နှစ်သက်မှုဖြစ်နေသည်

၇။ နှစ်သက်မှုအာရုံဖြစ်နေသဖြင့် ကိုယ်စိတ်ပူလောင်မှုငြိမ်းနေရသည်

၈။ အပူငြိမ်းနေသဖြင့် ကိုယ်စိတ်ချမ်းသာမှုရနေရသည်
၉။ ကိုယ်စိတ်ချမ်းသာနေသဖြင့် သမာဓိရနေသည်
၁၀။ ဘုရားရှင်အပေါ်၌ ရှိသေစိတ်တရားကိုလိုက်နာကျင့်ကြံလိုစိတ်များဖြစ်နေရသည်
၁၁။ သဒ္ဓါ၊ သတိ၊ ပညာကုသိုလ်တရားများတိုးပွားနေရသည်
၁၂။ ဘုရားရှင်နှင့်အတူနေရသကဲ့သို့ စိတ်မှာထင်မြင်သည်
၁၃။ ရတနာသုံးပါးဂုဏ်လွှမ်းခြုံထားသဖြင့် စေတီတစ်ဆူကဲ့သို့ပူဇော်ထိုက်နေသည်
၁၄။ သဗ္ဗညုတဉာဏ်တော်နှင့်ပြည့်စုံသောဘုရား ဖြစ်လိုစိတ်များဖြစ်ပေါ်နေတတ်သည်
၁၅။ ကျူးလွန်ဖွယ်အပြစ်များနှင့်ကြုံတွေ့လာသောအခါ ရှက်စိတ်၊ ကြောက်စိတ်များဖြစ်ပေါ်လာသည်
၁၆။ ဘေးအန္တရာယ်များ၊ ဆင်းရဲဒုက္ခများမဖြစ်ပေါ်နိုင်၊ အတိတ်ကုသိုလ်ကံကြောင့်ဖြစ်ပေါ်လာသော်လည်း ခံနိုင်ရည်စွမ်းရှိသည်
၁၇။ တရားအားထုတ်ခွင့်ရလာသဖြင့် မဂ်ပေါက်-ဖိုလ်ဝင် နိဗ္ဗာန်ကိုမြင်နိုင်-ရနိုင်သည်
၁၈။ ဤဘဝ၌ တရားထူးမရခဲ့သော်လည်း သုဂတိဘဝသို့ မုချရောက်ရမည်

ဤအကျိုးများသည် ရတနာသုံးပါးဂုဏ်အနက် မည်သည့်ဂုဏ်ကိုပွားပွား(သို့မဟုတ်) ဘုရားဂုဏ်(၉)ပါး၊ တရားဂုဏ်(၆)ပါး၊ သံဃာဂုဏ်(၉)ပါးတို့အနက် တစ်ပါးပါးကိုပွားများနေပါက ရနိုင်သောအကျိုးများဖြစ်ကြပါသည်။

ရတနာသုံးပါးဂုဏ်၏ မှန်ကန်သောဂုဏ်တော်များဖြစ်နေကြ၍ မှန်သောသစ္စာစကားကိုဆိုရာရောက်နေသဖြင့် မှန်သောအကျိုးတရားများကို ဂုဏ်တော်ပွားနေသူတိုင်း ရနေနိုင်ပါသည်။

## ဘုရားဂုဏ်တော်ပွားများခြင်းအကျိုး

စေတီတစ်ဆူ၊ စိတ်မူတည်ကြည်
ရောက်မည်နတ်ရွာ၊ တွေ့ခါသိလွယ်
မြတ်နွယ်အမျိုး၊ ရှိကျိုးခံရ
ပြည့်ဝအင်္ဂါ၊ ဆင်းလှစွာဖြင့်
ကာယခံတွင်း၊ ကြိုင်သင်းမွှေးကြူ
ကြီးမှူးပညာ၊ နက်စွာထက်ရှွင်
လျင်မြန်ဆန်းကြယ်၊ ကောင်းကြွယ်စကား
ဆိုနိုင်ငြားသည်၊ ဘုရားဂုဏ်တော်ပွားကျိုးတည်း။

စေတီတစ်ဆူ -ဘုရားဂုဏ်တော်များထုံမွမ်းနေသဖြင့် စေတီ
နည်းတူ ရှိခိုးပူဇော်ထိုက်သည်။
စိတ်မှုတည်ကြည်-စိတ်သန္တာန်တည်တည်ကြည်ကြည်ရှိနေသည်
ရောက်မည့်နတ်ရွာ-ဤဘဝမှသေသော် နတ်ပြည်ရောက်မည်
တွေခါသိလွယ် -ပညာဉာဏ်ပါရမီပါ၍ အဘတ်ပညာသင်ရာ၌
တတ်လွယ်-သိလွယ်သည်
မြတ်နွယ်အမျိုး -မြင့်မြတ်သောအမျိုးအနွယ်၌ဖြစ်ရသည်
ရိုကျိုးခံရ -လူတကာ၏ရိုသေလေးစား ရိုကျိုးခြင်းခံရ
သည်
ပြည့်ဝအင်္ဂါ -ဖြစ်လေရာဘဝတိုင်း ကိုယ်လက်အင်္ဂါပြည့်စုံ
ရသည်
ဆင်းလှစွာနှင့် -ရုပ်ရည်အဆင်းလှပ၍ လူတကာချစ်မြတ်နိုးမှု
ခံရသည်
ကာယခံတွင်း -ကိုယ်အနံ့၊ အာခံတွင်းအနံ့တို့ ကြိုင်သင်း
ကြိုင်သင်းမွှေးကြူ မွှေးကြူရသည်
ကြီးမှုပညာ -ဖြစ်လေရာဘဝတိုင်း၌ ပညာဉာဏ်ကြီးမားရ
သည်
နက်စွာထက်ရှှင် -ပညာရပ်များကို နက်နက်နဲနဲသိရတတ်သည်
ထက်ထက်မြက်မြက်တတ်မြောက်ရသည်
ရွှင်သောဉာဏ်နှင့်လည်းပြည့်စုံရသည်

လျှင်မြန်ဆန်းကြွယ်-ပညာရပ်တို့ကိုလျှင်မြန်စွာသိရသည်
ကောင်းကြွယ်စကား-ကောင်းမွန်သောစကားများကို စကားလုံး
ဆိုနိုင်ငြားသည် ကြွယ်ဝစွာပြောဆိုနိုင်သည်

ထို့ကြောင့် ရတနာသုံးပါးကို အမြဲမပြတ်ကိုးကွယ်ဆည်းကပ်နေကြ၊ ပူဇော်နေကြသောဗုဒ္ဓဘာသာဝင်တို့သည် ရတနာသုံးပါးဂုဏ်တော်များကို နေ့စဉ်မပြတ်ရွတ်ပွားပူဇော်သင့်ကြပါသည်။

* မသောခင်မှာကုသိုလ်ရှာ-သေခါသက်သာမည် *

# အခန်း (၃)

## အကာလမရဏဘေးမှလွတ်မြောက်ရသူများ၏ ဘဝအတွေ့အကြုံများ

### အလမ္ပာယ်ဆရာ၏အကာလမရဏဘေးမှလွတ်ပုံ

ကဿပဘုရားရှင်လက်ထက်ဖြစ်သည်၊ တောမြို့ကလေးတစ်မြို့၌ မြွေအလမ္ပာယ်အလုပ်ဖြင့်အသက်မွေးဝမ်းကြောင်းပြုနေသော အလမ္ပာယ်ဆရာတစ်ဦးရှိသည်။

တစ်နေ့တွင် သူသည်တောသို့ထွက်၍မြွေသွားရှာရာ လမ်းခရီးတွင်မိုးချုပ်သဖြင့် တောအုပ်အနီးရှိရွာတစ်ရွာသို့ဝင်၍ အိမ်တစ်အိမ်၌မေတ္တာရပ်ခံကာ ခဏတည်းခိုအိပ်သည်။

ထိုရွာနေသူတို့သည် ရတနာသုံးပါးကိုယုံကြည်ကိုးကွယ်ကြသူများဖြစ်ကြ၍ ညအိပ်ရာဝင်ချိန်၌ ဘုရားဂုဏ်တော်များကိုရွတ်ပွားသရဏ္ဍာယ်ရှိခိုးပြီးမှအိပ်ကြလေ့ရှိသည်။

အလမ္ပာယ်ဆရာသည် အိမ်သူအိမ်သားများ၏ ဗုဒ္ဓါနုဿတိသရဏဂုံရွတ်ပွားရှိခိုးနေမှုကိုကြည်ညိုနှစ်သက်မိသဖြင့် အာရုံပြုနားစိုက်ထောင်ကာ မိမိလည်းဂုဏ်တော်များကိုလိုက်၍ရွတ်ဆိုလျက်မှတ်နေမိသည်၊ မိမိနှုတ်၌ဂုဏ်တော်များကိုကျက်မှတ်ရလာမိပြီး မိမိလည်းအိမ်သူအိမ်သားများကဲ့သို့ အိပ်နေခြင်းပင် ရွတ်ပွားသရဏ္ဍာယ်မိသည်။

နောက်တစ်နေ့မိုးလင်းသော် အိမ်သူ-အိမ်သားများကိုနှုတ်ဆက်ပြီး တောသို့ဝင်ကာ မြွေများဖမ်းယူရန်မြွေကိုရှာဖွေလေသည်။

တောင်စောင်းတစ်နေရာတွင် ရစ်ပတ်ခွေ၍အိပ်နေသောနဂါးတစ်ကောင်ကိုတွေ့မြင်ရသောအခါ မြွေကြီးဟုထင်မှတ်ကာဖမ်းယူရန်ကြိုးပမ်းအားထုတ်လေသည်။

နဂါးမင်းသည် မိမိကိုဖမ်းယူရန်ကြိုးစားလာသောအလမ္ပာယ်မုဆိုးကိုတွေ့မြင်ရသောအခါ အမျက်ထွက်ပြီးလျှင်ပါးပြင်းကိုထောင်ကာ အလမ္ပာယ်ဆရာကိုပေါက်သတ်ရန်ကြိုးပမ်းလေသည်။

အလမ္ဗာယ်ဆရာသည် နဂါးမှန်းသိပြီး ကြောက်လန့်သဖြင့် အသက်ဘေးမှလွတ်မြောက်ရန်ကြောက်လန့်တကြား ထွက်ပြေးလေသည်၊ နဂါးသည် အလမ္ဗာယ်နောက်သို့ ဒေါသအမျက်ဖြင့်ဆက်လက်လိုက်လေသည်။

ထိုခဏတွင် အလမ္ဗာယ်ဆရာသည် ပြေးရင်းလွှားရင်း ကျောက်ခဲတစ်လုံးနှင့်တိုက်မိပြီးလဲကျသွားရာ ပြန်မထနိုင်ဘဲရှိလေသည်။

အလမ္ဗာယ်ဆရာသည် သေဘေးမှအလွန်ကြောက်လန့်ပြီး ကိုးကွယ်ရာမဲ့ဖြစ်နေသည်၊ ထိုခဏမှာပင် ညက ရွာတွင် မိမိကြားသိ-မှတ်မိရွတ်ခဲ့သောဘုရားဂုဏ်တော်ကိုသတိရမိသည်။

ရေနစ်သောသူသည် လက်လှမ်းမှီရာကောက်ရိုးမြက်ကိုပင်လှမ်းယူဆွဲမိသကဲ့သို့ နှုတ်တွင်ညကမိမိရခဲ့သော ဗုဒ္ဓါနုဿတိဘုရားဂုဏ်တော်ကိုအသံထွက်၍ ရွတ်ဆိုမိသွားလေသည်။

အလမ္ဗာယ်ဆရာ၏နှုတ်မှ ဗုဒ္ဓါနုဿတိရွတ်သံကိုကြားရသောနဂါးမင်းသည် ဘုရား၌မူလကတည်းကကြည်ညိုသောစိတ်ရှိသောသူပီပီ ဒေါသပြေပျောက်ကာ အလမ္ဗာယ်ဆရာကို အန္တရာယ်မပြုတော့ဘဲ လူယောင်ဖန်ဆင်းပြီးလျှင် အလမ္ဗာယ်ဆရာကို ရွှေပန်းကုံး(၃)ပွင့်ပေးအပ်ကာ-

"-တစ်ပွင့်ကိုစေတီအား ငါ့ကိုယ်စားပူဇော်ပေးပါ

-တစ်ပွင့်ကို သင်ကိုယ်စားပူဇော်ပါ
-တစ်ပွင့်ကို သင့်အသက်မွေးမြူပါ

သင်သည် ယနေ့မှစ၍ အကုသိုလ်အမှုတို့ကိုမပြုတော့ဘဲ ယခုရွတ်ပွားသောဗုဒ္ဓါနုဿတိဂုဏ်ကိုပွားများ၍နေပါ ” ဟု မှာကြားပြီးပြန်လွှတ်လိုက်လေသည်။

အလမ္ပာယ်ဆရာသည် နဂါးမင်းကိုရှိခိုးဦးချပြီး အိမ်သို့ပြန်လာကာ နဂါးမင်းဆိုသည့်အတိုင်း ကောင်းမှုကိုပြုသည်၊ မိမိအတွက်ရသောရွှေပန်းပွင့်ကိုရောင်းချပြီး ကောင်းမွန်သောအသက်မွေးမှုကိုပြု၍ ကောင်းမှုအစုစုကိုပြုလုပ်ဆောင်ရွက်ကာနေလေသည်။

အလမ္ပာယ်ဆရာသည် အကုသိုလ်အမှုကိုပြုလုပ်နေခဲ့သော်လည်း တဒင်္ဂကြားသိရသောဗုဒ္ဓါနုဿတိဂုဏ်တော်တန်ခိုးကြောင့် အကာလမရဏဘေးမှလွတ်မြောက်ရသည့်အပြင် ရွှေပန်းကုံးဖြင့်ပင် ပူဇော်ခံခဲ့ရလေသည်။

## မာယလုလင်နှင့်အဖော်များ၏ အကာလမရဏာဘေးမှလွတ်ပုံ

ရှေးလွန်လေပြီးသောအခါ မာဂဓတိုင်း၊ မစလရွာ၌ မဃအမည်ရှိသောလုလင်သံည် ရွာသူ၊ ရွာသားများအလုပ်လုပ်ရာသို့ လိုက်ပြီးအနားယူရန်နေရာကို သဲများညီညာစွာခင်းပြုလုပ်ထားသည်၊ ထိုနေရာသို့သူများကလာယူလျှင် စိတ်မဆိုးဘဲပေးပြီး အခြားနေရာသစ်ကိုအသစ်ပြုလုပ်သည်၊ ထိုနေရာကို အခြားသူများလာယူပါက ကြည်ဖြူစွာဖြင့်ပင် ပေးပြန်ပါသည်။

မဃလုလင်သည် အလုံးစုံသောနေရာလွတ်တို့၌ နေချင်စဖွယ်ပြုလုပ်သည်၊ ထိုနေရာသို့နေလိုသူများပေါ်လာကဖယ်ပေးသည်၊ လှူသည်။

"လောကရှိလူသားအားလုံးသည် နှလုံးမွေ့လျော်ဘွယ်ပျော်ဘွယ်ရာရှိသည့်နေရာကို ကြိုက်နှစ်သက်ကြသည်သာဖြစ်သည်"

ဟု မဃလုလင်ကစဉ်းစားမိပြီး လူသွားလမ်းခရီး ရွာလမ်းခရီးတို့ကို အမြဲစောစောထပြီးပြုပြင်သည်၊ မြေဖို့သည်၊ လမ်းညှိပေးသည်၊ လမ်းအမှိုက်တို့ကိုလည်း အမြဲသန့်ရှင်းပေးသည်။

ထိုမဃလုလင်၏လုပ်ဆောင်နေမှုကိုမြင်တွေ့ပြီး သတိထားမိသောလုလင်တစ်ယောက်က-

"အဘယ်ကြောင့် ဤအမှုကိုပြုဘိသနည်း"

ဟုမေးသည်။

"နတ်ပြည်သို့သွားကြောင်းလမ်းခရီးကိုပြုပြင်၏"

ဟုပြောပြသည်။

ထိုလုလင်သည်လည်း မဃလုလင်၏လုပ်ဆောင်ချက်ကို သဘောကျ၍သူပါပါဝင်ဆောင်ရွက်ခွင့်တောင်းပြီး မဃလုလင်နှင့်အတူတူပြုလုပ်သည်။

သူတို့၏လုပ်ဆောင်ချက်ကို တစ်ယောက်ပြီး တစ်ယောက်သဘောကျလာပြီး ပူးပေါင်းလုပ်ကိုင်လာခဲ့ကြရာ(၃၃)ယောက်လူငယ်အုပ်စုဖြစ်လာသည်။

ထိုလူငယ်တစ်စုသည် လမ်းခင်း၊ လမ်းဖောက်၊ တံတားဆောက်ပြုလုပ်ကြရာ သာယာချောမွေ့သောလမ်းမကြီးများသည် တစ်ယူဇနာမှနှစ်ယူဇနာအထိ လမ်းရှည်ခဲ့သည်။

ထိုလူငယ်များ၏ရပ်ရွာအကျိုးသည်ပိုးဆောင်ရွက်နေမှုကိုရွာစားသည်သတိထားမိလာသည်။

"ဤလုလင်များသည် သူတစ်ပါးတို့ယှဉ်ပြိုင်မပြုနိုင်သော လောကီလောကုတ်အကျိုးတို့ကိုပြုလုပ်နေကြသည်၊ ဒီအလုပ်ကို မလုပ်ဘဲ အမဲငါးရှာ အရက်ချက်ပြီးစားသောက်နေကြလျှင် ငါ့အဖို့လည်း အဖိုးအခရပေမည်၊ ယခုမူ ငါ့အတွက်ဘာမျှမရ"

ဟုအကြံဖြစ်လေသည်။

ထို့နောက် ရှာစားသည်(၃၃)ယောက်တို့ကိုခေါ်၍-

"အသင်တို့သည် အဘယ်အမှုတို့ကိုပြုလုပ်နေကြပါသလဲ"

"အရှင်ရွာစားမင်း. . . ကျွန်ုပ်တို့သည် နတ်ရွာလမ်းခရီးကိုပြုနေကြပါကုန်၏"

"အိမ်ရာတည်ထောင်လူ့ဘောင်၌နေသောသူတို့ကား ဤအမှုများကိုပြုခြင်းငှာမသင့်လျော်ပါ၊ သင်တို့သည် ငါး၊ အမဲကိုရှာ၍လည်းကောင်း၊ သေရည်ကိုချက်၍လည်းကောင်း သောက်စားကြပြီး အမှုကိစ္စတို့ကိုဆောင်ရွက်သင့်ကြသည်"

ဟု ရွာစားကအကြံပြုပြောကြားသည်။

ထိုအကြံကိုလုလင်တို့က လက်မခံပေ၊ ရွာစားကခဏခဏပြောကြားသော်လည်း ရွာစားပြောကြားတိုင်း လုလင်တို့ကလက်မခံသဖြင့် ရွာစားသည်သူ၏စကားကိုနားမထောင်သဖြင့် ဒေါသထွက်ကာ-

"ဤလုလင်တို့ပျက်စီးအောင်ကြံအံ့"

ဟု မင်းကြီးထံသို့သွားပြီး

"အရှင်မင်းမြတ်. . . အုပ်စုဖွဲ့၍လှည့်ပတ်သွားလာနေကြသောခိုးသူအုပ်စုကိုတွေ့ရပါသည်"

ဟုလျှောက်ထားလေသည်။

"ထိုသူတို့ကိုဖမ်း၍ဆောင်ခဲ့ချေ"

ဟုမင်းကြီးကစေခိုင်းသောအခါ ရွာစားသည်စစ်သည်များကို ခေါ်၍ မဃလုလင်အပါအဝင်လူငယ်တို့ကိုဖမ်းဆီးကာ မင်းကြီး ထံအပ်နှံလေသည်။

မင်းကြီးသည် စုံစမ်းစစ်ဆေးဆင်ခြင်မှုမပြုဘဲ-

"ထိုသူများကိုဆင်ဖြင့်နင်းသတ်ကြစေကုန်လော့"

ဟု စေခိုင်းလေသည်။

ထိုအခါ မဃလုလင်က မိမိ၏နောက်ပါများကို-

"အို-အချင်းတို့. . . အလုံးစုံသောသတ္တဝါတို့၌ချစ်ခင် ခြင်းဟုဆိုအပ်သောမေတ္တာကိုထား၍ ငါတို့အားတစ်ပါးသော ကိုးကွယ်မှီခိုရာမည်သည်မရှိပါ၊ အသင်တို့သည် တစ်စုံတစ် ယောက်သောသူ၌ အမျက်ဒေါသကိုမပြုမူ၍ ပြည့်ရှင်မင်းကြီးကို လည်းကောင်း၊ ရွာစားကိုလည်းကောင်း၊ နင်းအပ်သောဆင်ကို လည်းကောင်း၊ မိမိကိုယ်၌လည်းကောင်း မေတ္တာစိတ်ဖြင့်တူမျှ သောစိတ်နှလုံးကိုကျင့်သုံးဆောက်တည်ခြင်းဖြစ်ကြပါကုန်လော့" ဟု အဆုံးအမကိုပေးပြီး မေတ္တာပို့မှုကိုပြုစေသည်။

လုလင်များသည် မဃလုလင်ဆုံးမသည့်အတိုင်း လိုက်နာ ပြုကျင့်ကြလေသည်။

ထိုအခါ မယလုလင်အမျိုးပြုသော(၃၃)ယောက်တို့၏ မေတ္တာစိတ်အာနုဘော်ကြောင့် ဆင်သည်အနီးသို့ပင်ချဉ်းကပ်ခြင်းငှာမဝံ့ပေ။

ထိုအကြောင်းအရာကိုမင်းကြီးကြားသိသော်-

"ဆင်သည် လူများစွာကိုမြင်၍သာ မနင်းဝံ့သလိုဖြစ်နေပေမည်၊ ထိုသူတို့ကိုမြက်ဖျာတို့ဖြင့်အုပ်လွှမ်းထား၍နင်းစေပါလော့"

ဟုထပ်မံစေခိုင်းပြန်သည်။

ထိုသူတို့ကိုမင်းအမိန့်အတိုင်း ဆောင်ရွက်ကြသော်လည်း ဆင်တို့သည် ဖယ်ရှောင်၍သာထွက်ပြေးလေသည်။

မင်းကြီးသည် ထိုအကြောင်းအရာကိုသိ၍-

"ဤအရာ၌ တစ်စုံတစ်ရာသောအကြောင်းသည် ဖြစ်ပေလိမ့်မည်"

ဟု ကြံစည်မိပြီး မယလုလင်အမျိုးပြုသော(၃၃)ယောက်တို့ကို မိမိရှေ့မှောက်သို့ခေါ်ပြီး-

"အမောင်တို့. . . ငါ့ကိုအမှီပြုပြီး သင်တို့သည် အဘယ်အရာကိုမရကုန်ကြသနည်း"

ဟုမေးသည်။

"အရှင်မင်းမြတ်. . . ဤအကြောင်းသည် အဘယ်သို့သောအကြောင်းပါနည်း"

"အသင်တို့သည် အုပ်စုဖွဲ့ပြီးသော် ခိုးသူလုပ်ပြီးလှည့်လည်နေကြကုန်သည်မဟုတ်လော"

"အရှင်မင်းကြီး. . . ဤအကြောင်းကိုအဘယ်သူသည်ပြောကြားပါသနည်း"

"အမောင်တို့၏ရွာစားလာ၍ပြောကြားပါသည်"

"အရှင်မင်းကြီး. . . အကျွန်ုပ်တို့သည်ခိုးသူမဟုတ်ကြပါ၊ ကျွန်ုပ်တို့သည် မိမိ၏နတ်ရွာခရီးလမ်းကိုသုတ်သင်ကုန်လျက်ဤသို့သောလမ်းပြင်ခြင်း၊ တံတားဆောက်ခြင်း၊ ရေတွင်းရေကန်တူးခြင်း၊ လမ်းသန့်ရှင်းခြင်းတို့ကိုပြုလုပ်နေကြပါသည်၊ ရွာစားသည် ကျွန်ုပ်တို့ကို အကုသိုလ်ဖြစ်ကုန်သောအမဲ၊ သား၊ ငါးရှာခြင်း၊ အရက်သေစာချက်လုပ်စေခြင်းတို့ကိုပြုလုပ်ခိုင်းပါသည်၊ ထိုသည်ကိုမလုပ်၍ အမျက်ထွက်ပြီးအရှင်မင်းကြီးအား ဤကဲ့သို့မဟုတ်မမှန်လာရောက်လျှောက်ထားခြင်းဖြစ်ပါသည်"
ဟု အကြောင်းစုံလျှောက်ထားပြလေသည်။

မင်းကြီးက ရွာစားကိုစစ်ဆေးရာ ရွာစားမှာမလိမ်ဝံ့တော့ဘဲ အမှန်အတိုင်းလျှောက်ထားလေသည်။

"အမောင်တို့. . . တိရစ္ဆာန်ဖြစ်သောဤဆင်သည်ပင်အမောင်တို့၏ဂုဏ်ကျေးဇူးကိုသိတုံသေး၏၊ ငါတို့သည် လူဖြစ်ပါလျက်သိခြင်းငှာမစွမ်းနိုင်၊ အမောင်တို့ ငါ့အားသည်းခံကြပါကုန်လော့"

ဟု စကားဆို၍ ရွာစားကိုသားမယားနှင့်တကွ မဃလုလင်တို့၏ ကျွန်အဖြစ်ပေးပြီး မဃလုလင်ကိုရွာစားခန့်သည်၊ နင်းစေသော ဆင်ကိုလည်းပေးလေသည်။

"ဤယခု ငါတို့ပြုလုပ်အပ်သောကုသိုလ်သည် ပစ္စက္ခဘဝ ၌ပင်လျှင် ကောင်းကျိုးအာနိသံကိုခံစားကြရလေပြီ"

ဟု အတိုင်းအထက်အလွန် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ထိုဆင်ကိုလည်း အလှည့်လှည့်ဖြင့်တက်စီးသွားလာကုန်လျက်-

" ယခုအခါ ငါတို့သည်အလွန်အကဲမွန်မြတ်သော ကောင်းမှုကို ပြုအပ်၏"

ဟုတိုင်ပင်ကြကာ ကောင်းမှုတို့ကိုဆက်လက်ပြုလုပ်ကြသည်။

မဃလုလင်တို့၏မေတ္တာ၊ သစ္စာ၊ ကုသိုလ်တန်ခိုးကြောင့် အကာလမရဏဘေးမှလွတ်ခဲ့ရခြင်းဖြစ်ပါသည်။

(အာပ္ပမာဒဝဂ္ဂ မဃလုလင်ဝတ္ထု)

## အကာလမရဏာဘေးမှလွတ်သော အာယုဝမ္မနသတို့သား

ဒီဃလဂ္ဂိကမြို့၌နေသော အဆွေခင်ပွန်းပုဏ္ဏားနှစ်ယောက်တို့သည် သာသနာတော်ပြင်ပရသေ့ရဟန်းပြုလုပ်ကြပြီး (၄၈)နှစ်ပတ်လုံးအကျင့်ကိုပြင်းထန်စွာကျင့်ကြံအားထုတ်ကြသည်။

တစ်နေ့တွင် တစ်ယောက်ပုဏ္ဏားသည် ဤသို့ကျင့်နေသဖြင့်' ငါ၏အမျိုးအနွယ်သည် ပျက်စီးပေလတ့်၊ လူထွက်တော့အံ့" ဟုကြံစည်ပြီး မိမိကျင့်အပ်သောအကျင့်တို့ကို သူတစ်ပါးတို့အားနွား(၁၀၀)၊ အသပြာ(၁၀၀)တို့ဖြင့်ရောင်းချပြီးလျှင် မယားတစ်ယောက်နှင့်ဥစ္စာတို့ကိုတည်စေသည်။

ထို့နောက် ထိုပုဏ္ဏားလင်မယား၌သားငယ်တစ်ယောက်မွေးဖွားခဲ့သည်။

အခြားအဖော်ရသေ့သည် အရပ်တစ်ပါးသို့သွားရောက်နေထိုင်နေရာမှ ဒီဃလဂ္ဂိကမြို့သို့တစ်ဖန်ပြန်ရောက်လာသည်၊ အဖော်ဖြစ်ခဲ့ဖူးသောပုဏ္ဏားသည် ထိုရသေ့ထံသို့မယားနှင့်သားကိုခေါ်ကာသွားရောက်ဖူးမျှော်သည်၊ ဖခင်ပုဏ္ဏားသည် ကလေးကိုမိခင်လက်ပေးပြီး မိမိကဦးစွာရှိခိုးသည်၊ ထို့မှတစ်ဖန် ကလေးကိုဖခင်လက်ပြန်ပေးပြီး မိခင်ကရှိခိုးပြန်သည်၊ ထိုအခါ ရသေ့က-

"အသင်တို့အား ရှည်သောအသက်ရှိသည်ဖြစ်ကြပါစေကုန်သတည်း" ဟုဆုပေးလေသည်။

ဆက်လက်၍ သားငယ်ကိုရှိခိုးစေမှုပြုသောအခါ ရသေ့ကဆိတ်ဆိတ်သာနေလေသည်။

"အရှင်ဘုရား. . . တပည့်တော်တို့ရှိခိုးသောအခါ ရှည်သောအသက်ရှိသည်ဖြစ်စေသောဟုမိန့်ဆိုဆုပေးပါလျက် ဤသူငယ်ရှိခိုးသောအခါ၌ အဘယ်ကြောင့်ဆုပေးတော်မမူပါသနည်း၊ ဤသူငယ်အား အဘယ်သို့သောအန္တရာယ်ရှိနေပါသနည်း" ဟု ဖခင်ပုဏ္ဏားကမေးလျှောက်သည်။

"ဒါယကာ ပုဏ္ဏား. . . သင်၏သားငယ်အားအန္တရာယ်သည်ရှိ၏"

"အရှင်ဘုရား. . . ဤသူငယ်အား အဘယ်မျှလောက်အသက်ရှည်ပါအံ့နည်း"

"ဒါယကာ ပုဏ္ဏား. . . ခုနစ်ရက်မျှလောက်သာ အသက်ရှင်ပေလိမ့်မည်"

"အရှင်ဘုရား. . . ထိုအန္တရာယ်ကျရောက်မည်ကိုတားမြစ်နိုင်ဖွယ်ရာသောအကြောင်းရှိပါသလားဘုရား"

"ဒါယကာ ပုဏ္ဏား. . . ငါသည် တားမြစ်နိုင်ဖွယ်ရာသောအကြောင်းကိုမသိပါ"

"အရှင်ဘုရား. . . အဘယ်သူသည်သိနိုင်ပါသနည်း၊ ကူညီပြောပြပေးပါ"

“ဒါယကာ ပုဏ္ဏား. . . ရဟန်းဂေါတမသည် သိနိုင်ရာ၏ သူ့ထံသို့သွားရောက်၍မေးလျှောက်လေလော့”

“အရှင်ဘုရား. . . ရဟန်းဂေါတမထံမှောက်သို့သွား ရောက်သည်ရှိသော် အကျင့်မှဆုတ်ယုတ်ပျက်စီးရမည်ကို ကြောက်ရွံ့ရပါသည်”

“ဒါယကာ ပုဏ္ဏား. . . သင်သည် အသင်၏သား၌ချစ် ခြင်း၊ အကယ်၍ရှိသည်ဖြစ်ခဲ့ငြားအံ့၊ အကျင့်မှဆုတ်ယုတ်ပျက်စီး အံ့သည်ကိုကြံစည်တွေးတောခြင်းကိုမပြုမူ၍ ထိုရဟန်းဂေါတမ ထံသို့သာသွားရောက်ပြီး မေးလျှောက်သင့်ပါသည်”

ထိုအခါ ပုဏ္ဏားသည် မယားနှင့်သားငယ်ကိုခေါ်ကာ မြတ်စွာဘုရားသီတင်းသုံးရာတောကျောင်းသို့သွားရောက်ချဉ်းကပ် ၍ ရှေးဦးစွာမိမိသည်ရှိခိုးသည်။

“သင့်အားအသက်ရှည်ပါစေ”

ဟု ဘုရားရှင်ကဆုပေးသည်၊ မိန်းမရှိခိုးသောအခါ၌လည်း ဘုရား ရှင်ကအလားတူဆုပေးသည်၊ သားငယ်ရှိခိုးသောအခါ ဘုရားရှင် ကဆိတ်ဆိတ်သာနေလေသည်။

ပုဏ္ဏားသည် ဘုရားရှင်ကိုရသေ့ထံမေးသကဲ့သို့ပင် မေး မြန်းသည်၊ ဘုရားရှင်ကလည်း ရသေ့ဖြေသကဲ့သို့ပင်အဖြေပေးခဲ့ သည်။

"အရှင်ဘုရား. . . အန္တရာယ်ကိုတားမြစ်နိုင်ခြင်း အကြောင်းတစ်စုံတစ်ခုမျှရှိပါအံ့လော"
ဟု ပုဏ္ဏားက ဘုရားရှင်ကိုမေးလျှောက်သည်။

"ပုဏ္ဏားကြီး. . . အန္တရာယ်ကိုတားမြစ်ခြင်းငှာစွမ်းနိုင်သည်ဖြစ်ရာ၏"

"အရှင်ဘုရား. . . အဘယ်သို့ပြုလုပ်ရပါအံ့နည်း"

"ပုဏ္ဏား. . . သင်သည် မိမိအိမ်တံခါး၌မဏ္ဍာပ်ကို ဆောက်လုပ်ပြီး ထိုမဏ္ဍာပ်အလယ်၌ အင်းပျဉ်ကိုပြု၍ဝန်းရံပြီးသော် နေရာရှစ်ခုတို့ကိုလည်းကောင်း၊ နေရာ(၁၆)ခုတို့ကိုလည်းကောင်းခင်းစေပြီး ထိုနေရာ၌ ငါဘုရား၏တပည့်သား သံဃာတော်များကိုထိုင်စေပြီးလျှင် ခုနှစ်ရက်ပတ်လုံးအဆက်မပြတ် ပရိတ်အရံအတားကို အကယ်၍ပြုခြင်းငှာစွမ်းနိုင်သည်ဖြစ်အံ့၊ ထိုသူငယ်အား ဤသို့သောအန္တရာယ်သည် ပျက်စီးပ,ပျောက်ရာ၏"
ဟု ဘုရားရှင်ကမိန့်ကြားသည်။

"အရှင်ဂေါတမ. . . တပည့်တော်သည် မဏ္ဍာပ်စသည်တို့ကိုမိန့်ဆိုတော်မူသည့်အတိုင်း ပြုလုပ်နိုင်စွမ်းရှိပါ၏၊ အရှင်ဘုရား၏တပည့်သံဃာတို့ကိုမူ အဘယ်သို့ရနိုင်မည်နည်း"

"ပုဏ္ဏား. . . သင်သည် ဤမျှလောက်အဆောက်အအုံ လုံလောက်ပြည့်ဝအောင်ပြုသည်ရှိသော် ငါဘုရားသည် ငါ၏ တပည့်သားသံဃာတော်တို့ကိုစေလွှတ်ပေးပါအံ့"

"အရှင်ဂေါတမ. . . ကောင်းလှပါပြီ"

ပုဏ္ဏားသည် မိမိအိမ်သို့ပြန်သွားပြီး လိုအပ်သည်တို့ကို ပြည့်စုံလုံလောက်ပြီးစီးအောင် အားချင်းဆောင်ရွက်သည်၊ ထို့ နောက် ဘုရားရှင်ထံပြီးစီးကြောင်းလျှောက်ထ ားသည်။

ဘုရားရှင်က ရဟန်းတို့ကိုစေလွှတ်တော်မူသည်၊ ရဟန်း တို့သည် ပုဏ္ဏားအိမ်သို့ကြွသွားကြပြီး သတ်မှတ်ခင်းထားသော နေရာ၌သီတင်းသုံးထိုင်ကြပြီးလျှင် သူငယ်ကိုအင်းပျဉ်ခုံ၌အိပ်စေ ပြီးလျှင် သံဃာ၏အလယ်၌ထားပြီး ပရိတ်တို့ကိုခုနှစ်ညဥ့်၊ ခုနှစ် နေ့ပတ်လုံးမပြတ်ရွတ်ဖတ်ပေးကြလေသည်။

ခုနှစ်ရက်မြောက်သောနေ့တွင် ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်တော်မူလေသည်။

မြတ်စွာဘုရားကြွလာသည်ရှိသော် အလုံးစုံသောစကြာ ဝဠာ၌ရှိကြကုန်သောနတ်တို့သည် စည်းဝေးလာကြကုန်သည်။

အဝရုဒ္ဓကမည်သောဘီလူးသည် (၁၂)နှစ်ကာလပတ်လုံး ဝေဿဝဏ်နတ်မင်းကြီးကို ခစားလုပ်ကျွေးခဲ့ရာ ထိုနတ်မင်းကြီး ထံမှဆုကိုရရာတွင် ဤနေရာမှနောက်(၇)ရက်မြောက်သောနေ့၌ ဤသူငယ်ကိုယူလေလော့ ဟူသောဆုကိုရထားသူဖြစ်သည်။

ထို့ကြောင့် ထိုအဝရုဒ္ဓကဘီလူးသည်လည်း လာရောက်ရပ်တည်နေလေသည်။

မြတ်စွာဘုရားရှင်သည် ထိုအရပ်သို့ကြွသွားသည်ရှိသော် တန်ခိုးကြီးသောနတ်တို့အစည်းအဝေးရောက်လာကြကုန်သည်ရှိသော် တန်ခိုးငယ်သောနတ်တို့သည် နေရာအခွင့်ကိုမရကြကုန်သည်ဖြစ်၍ (၁၂)ယူဇနာအရပ်သို့ဖယ်သွားကြရကုန်သည်၊ အလားတူ အဝရုဒ္ဓကဘီလူးသည်လည်း (၁၂)ယူဇနာအရပ်သို့ ဖယ်ခွာသွားနေရသည်။

မြတ်စွာဘုရားရှင်သည် အလုံးစုံသောညဉ့်ပတ်လုံး ပရိတ်အရံအတားကိုပြုပေးတော်မူသည်။

ခုနှစ်ရက်လွန်သော် အဝရုဒ္ဓကဘီလူးသည် သူငယ်ကိုယူခြင်းငှာမရတော့ချေ၊ (၈)ရက်မြောက်သောနေ့ အရုဏ်တက်ချိန်၌ ကလေးကိုဆောင်ယူပြီးလျှင် ဘုရားရှင်ကိုရှိခိုးစေသည်။

"အသင်အား ရှည်သောအသက်ရှိသည်ဖြစ်စေလော့" ဟုဘုရားရှင်က ဆုပေးစကားမိန့်ကြားလေသည်။

"အရှင်ဂေါတမ. . . ဤကလေးသည်ကား အသက်မျှလောက်အသက်ရှည်သည်ဖြစ်၍ လူ့ပြည်၌နေရပါလတံ့နည်း"

"ပုဏ္ဏားး. . . ဤသူငယ်အား အသက်(၁၂၀)ရှည်၍ နေရလတံ့"

ထိုအခါ ပုဏ္ဏားသည်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးလျှင် သားကိုဘုရားရှေ့မှာပင် "အာယုဝဍ္ဍနကုမာရ" ဟူ၍ အမည်ပေးလေသည်။

ဤသည်မှာ အာယုဝဍ္ဍနသတို့သား၏ပရိတ်အရံအတားကြောင့် အကာလမရဏာဘေးမှလွတ်မြောက်ခဲ့ရပုံဖြစ်ပါသည်။

နောင်သတို့သားသည် ဥပါသကာငါးရာခြံရံလျက် သွားလာနေခဲ့သည်။

ထိုသတို့သား၏အသက်ရှည်ပြီး ဥပါသကာငါးရာခြံရံ၍ သွားလာနေနိုင်မှုနှင့်ပတ်သက်၍ ရဟန်းတို့အကြားဝယ်-

"ငါ့ရှင်တို့. . . အာယုဝဍ္ဍနသတို့သားကိုကြည့်ရှုကြကုန်လော့၊ ထိုသတို့သားသည် (၇)ရက်မြောက်သောနေ့၌ အကယ်၍ သေလွန်ခဲ့သည်ဖြစ်အံ့၊ ဤကဲ့သို့သောငါးရာသောဥပါသကာတို့နှင့်ခြံရံလျက်လှည့်လည်သွားလာနိုင်ခြင်းမရှိနိုင်စေရာ၊ ယခုအခါ၌ ဤသတို့သားသည် အသက်(၁၂၀)ရှည်စေပြီး ငါးရာသောဥပါသကာတို့နှင့်ခြံရံလှည့်လည်၍ နေရလေသည်၊ ငါ့ရှင်တို့ ဤသတ္တဝါတို့အား အသက်ကိုပွားစေတတ်သောအကြောင်းတရားသည် ရှိသေးယောင်တကား"

ဟုပြောဆိုကြရာ ထိုအကြောင်းနှင့်ပတ်သက်၍ ဘုရားရှင်က-

"အသက်သိက္ခာဂုဏ်ကြီးသူတို့အား ရိုသေမြတ်နိုးရှိခိုးလေ့ရှိသူတို့အား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဤလေးပါးတို့သည် တိုးပွားကုန်၏"
ဟူ၍ ဟောကြားပါသည်။

ဓမ္မပဒ–သဟဿဝဂ်၊ အာယုဝဍ္ဎနသတို့သားဝတ္ထု

## ထင်းခွေသားငယ်၏ အကာလမရဏဘေးမှလွတ်ရပုံ

ရာဇဂြိုဟ်မြို့၌ ဗိမ္ဗိသာရမင်းကြီးအုပ်ချုပ်နေချိန်ကာလဖြစ်ပါသည်၊ ထိုမြို့တွင်ဘုရားကို ကိုးကွယ်သောသမ္မာအယူရှိသူ၏သားငယ်နှင့်ဗုဒ္ဓကိုမကိုးကွယ်သော မိစ္ဆာအယူရှိသောသူ၏သားငယ်တို့သည် သူငယ်ချင်းများဖြစ်ကြသည်၊ တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင်နှင့်အတူတကွကစားကြလေ့ရှိသည်။

သူငယ်ချင်းနှစ်ယောက်တို့သည် ခုံညင်းထိုးကစားကြလေ့ရှိရာ ဗုဒ္ဓကိုးကွယ်သောသမ္မာအယူရှိသောသူငယ်က ကစားတိုင်း–ကစားတိုင်း နမောဗုဒ္ဓဿ ဟုဆို၍ခုံညင်းပစ်ကစားလေ့ရှိသည်။

မိစ္ဆာအယူရှိသော သူငယ်ကလည်း သူတို့မျိုးရိုးကိုးကွယ်သောဘုရားကိုနှုတ်ကရွတ်ဆိုတသပြီး ခုံညင်းထိုးကစားသည်၊ သို့ရာတွင် သမ္မာအယူရှိသောသူငယ်ချင်းကသာအနိုင်ရနေလေသည်။

ကြာလာသောအခါ မိစ္ဆာအယူရှိသောသူငယ်ကလည်း နမောဗုဒ္ဓဿ ဆိုပြီးကစားလျှင် အနိုင်ရသည်ကိုမှတ်သားပြီးသူလည်း နမောဗုဒ္ဓဿကိုရအောင်လေ့ကျင့်ထားသည်၊ အမြဲလည်း ရွတ်ဆိုလေ့ကျင့်ထားသည်။

တစ်နေ့သောအခါ ထိုဘုရားမကိုးကွယ်သောသူငယ်သည် တောသို့ထင်းခုတ်သွားသောဖခင်နှင့်အတူလိုက်သွားရသည်၊ ထင်းခုတ်ပြီးအပြန်တွင် မြို့ပြင်သုသာန်အနီး၌လှည်းဖြုတ်ပြီး စားသောက်အပန်းဖြေနားနေကြသည်၊ နွားနှစ်ကောင်ကိုလည်း ကြိုးဖြေပြီးစားကျက်တွင်လွှတ်ထားသည်၊ ညနေတွင် မြို့ထဲသို့ဝင်မည်ပြုသောအခါ နွားများကိုရှာမရဖြစ်နေရသည်၊ နွားများသည် အခြားနွားများနှင့်အတူ မြို့ထဲသို့ရောပါဝင်သွားသည်။

ဖခင်သည် နွားပျောက်ရှာရင်း သူ၏နွားများမြို့တွင်းသို့ ပါသွားကြောင်းသိရ၍ မြို့တွင်းသို့သွားရောက်ရှာဖွေသည်၊ နွားများက အိမ်ပြန်ရောက်နေပြီး နွားနှစ်ကောင်ကိုပြန်ဆွဲပြီးပြန်လာရာ မြို့တံခါးပိတ်ထားပြီးဖြစ်၍ မြို့ပြင်သို့ထွက်ခွင့်မရတော့ပေ။

သားငယ်သည် ဖခင်ကိုမျှော်ရင်း-မျှော်ရင်း ထမင်းကလည်းဆာဆာရှိနေပြီး မိုးကချုပ်သည့်ထက် ချုပ်လာသဖြင့် သုသာန်အနီးရပ်ထားသောလှည်းအောက်မှာပင် ခွေခွေကလေးအိပ်ပျော်သွားလေသည်။

ညဥ့်နက်သန်းကောင်ယံသို့ရောက်သော် အစာရှာထွက်လာသောဘီလူးကြီးနှစ်ကောင်သည် အိပ်ပျော်နေသောသူငယ်ကိုတွေ့ရ၍ ဝမ်းသာအားရဖမ်းယူစားသောက်ရန် မာန်ပြင်နေကြသည်။

ဘီလူးနှစ်ကောင်တွင် တစ်ကောင်က သမ္မာဒိဋ္ဌိအယူရှိပြီး တစ်ကောင်က မိစ္ဆာဒိဋ္ဌိအယူရှိသည်၊ သမ္မာဒိဋ္ဌိအယူရှိသောဘီလူးက အိပ်ပျော်နေသောအသက်ရှင်နေသောကလေးဖြစ်၍ မစားရန်တားမြစ်သည်။

မိစ္ဆာဒိဋ္ဌိအယူရှိသောဘီလူးက တားနေသည့်ကြားကပင် ကလေး၏ခြေထောက်ကိုလှမ်းဆွဲယူလိုက်သည်၊ ကလေးမှာ ကယောင်ကတမ်းနှင့် နမောဗုဒ္ဓဿ ဟုလန့်ပြီးအော်လိုက်ရာ ဘုရားဟူသောအသံကြောင့်ဘီလူးနှစ်ကောင်စလုံးမှာ အလွန်အမင်းကြောက်ရွံ့ထိတ်လန့်သွားကြလေသည်။

ထိုအခါ သမ္မာဒိဋ္ဌိအယူရှိသူဘီလူးက-

"ငါကတားနေပါလျက် သင်သည် ဘုရား၏လူကိုမလုပ်ထိုက်သောအလုပ်ကိုလုပ်သည်၊ ဝေဿဝဏ်နတ်မင်းကြီးသာသိပါက ကြီးစွာသောအပြစ်ကိုပေးခံရတော့မည်၊ ငါတို့သည် လူငယ်အတွက် ဒဏ်ထမ်းဆောင်ပေးကြရမည်"

ဟုဆိုလေသည်။

မိစ္ဆာဒိဋ္ဌိဘီလူးသည် အလွန်ကြောက်လန့်ပြီးလျှင် သမ္မာဒိဋ္ဌိဘီလူးနှင့်အတူ တစ်ညလုံးမိဘသဖွယ် သူငယ်ကိုစောင့်ရှောက်ကြသည်။

ထမင်းမစားရသေးမှန်းသိ၍ မိစ္ဆာဒိဋ္ဌိဘီလူးသည် မြို့တွင်းနန်းတွင်းဝင်ကာ ရှင်ဘုရင်စားသောရွှေခွက်၌ ထမင်းနှင့်ဟင်းအပြည့်ထည့်ယူလာပြီး မိဘနှစ်ပါးအယောင်ဆောင်၍ သူငယ်ကိုကျွေးမွေးသည်။

နောက်တစ်နေ့မိုးသောက်သော် သူငယ်သည် ရွှေခွက်နှင့်အတူလှည်း၌ကျန်ရစ်ခဲ့သည်၊ နန်းတော်၌ မင်း၏စားတော်အုပ်ရွှေခွက်ပျောက်သဖြင့် မြို့တံခါးပိတ်ကာ မြေလှန်ရှာဖွေကြရာမတွေ့ကြချေ။

မြို့ပြင်ထွက်ပြီးရှာဖွေကြရာ ထင်းလှည်းပေါ်၌သူငယ်နှင့်ရွှေခွက်ကိုတွေ့ရှိကြသဖြင့် ထိုသူငယ်ကိုဖမ်းဆီးပြီး မင်းကြီးထံအပ်နှံကြလေသည်။

ဗိမ္ဗိသာရမင်းက သူငယ်ကိုမေးသောအခါ ညကမိဘနှစ်ပါးစလုံးလာကျွေး၍ ထမင်းစားရပါသည်၊ မိဘနှစ်ဦး တစ်ညလုံးအနားမှာရှိပါသည်၊ သို့အတွက် တစ်ညလုံးစိတ်ချလက်ချအိပ်ပျော်နေခဲ့ပါသည်၊ ဤရွှေခွက်ကိုမိမိမယူပါ၊ မသိပါ ဟု သူငယ်ကအဖြေပေးသည်။

ထိုမှတစ်ဖန် မိဘတို့ကိုစစ်မေးသောအခါ သူတို့ဇနီးမောင်နှံသည်အိမ်မှာပင်ရှိနေကြောင်း သက်သေပြနိုင်ကြသည်။

မင်းကြီးသည် မစဉ်းစားတတ်အောင်ဖြစ်နေစဉ် ရွှေခွက်ကိုအမှတ်မထင်လှမ်းကြည့်မိလိုက်ရာ အလွန်အံ့အားသင့်သွားသည်။

ရွှေခွက်ပတ်လည်၌ မင်းကြီးသာမြင်စေရန်ဘီလူးနတ်တို့တန်ခိုးဖြင့်ရေးသားထားသောစာများကိုတွေ့မြင်ရလေသည်။

ဘီလူးများက သရဏဂုံ ဗုဒ္ဓါနုဿတိတန်ခိုးကြောင့် သူငယ်အားမစားဝံ့ကြသည့်အပြင် မလုပ်သင့်သည်ကိုလုပ်မိ၍ ဒေါ်ဟပ်သည့်အနေဖြင့် သူငယ်အားစောင့်ရှောက်ကာ စားတော်ရွှေခွက်ကိုခိုးယူပြီး ကျွေးမွေးပါကြောင်း အမှန်အတိုင်းရှင်းပြထားသည်။

မင်းကြီးဖတ်ရသောအခါ လွန်စွာအံ့ဩဝမ်းမြောက်လှသဖြင့် မင်းကြီးသည် သားအမိသားအဖ(၃)ယောက်ကိုခေါ်ကာ ဘုရားရှင်ထံသို့သွားရောက်ပြီး အကြောင်းစုံလျှောက်ထားပြလေသည်။

"မြတ်စွာဘုရား . . . ဂုဏ်ကျေးဇူးတော်ကိုသတိရသော ဗုဒ္ဓါနုဿတိဘာဝနာသာလျှင် အကာအကွယ်အစောင့်အရှောက်ကိုပေးနိုင်ပါသလား၊ အခြားမွှာနုဿတိစသောဘာဝနာတို့လည်း အကာအကွယ်အစောင့်အရှောက်ပေးနိုင်ပါသလားဘုရား"

"မင်းကြီး. . . ဗုဒ္ဓါနုဿတိဘာဝနာသာလျှင်မဟုတ်၊ ဓမ္မာနုဿတိဘာဝနာ၊ သံဃာနုဿတိဘာဝနာ၊ ၃၂-ကောဋ္ဌာသ စသည့်နှလုံးသွင်းသောကာယာဂတာသတိ၊ မေတ္တာနှင့်ကရုဏာ ဘာဝနာများသည်လည်း အခြားအံ့စောင့်အရှောက် အကာအကွယ်ဂါထာမန္တရားမလို အလိုလိုပင်အကာအကွယ်ရပေသည် မင်းကြီး"

ဟုဗုဒ္ဓကအဖြေပေးလေသည်။

ဘုရားရှင်တရားဟောပြီးသောအခါ ထင်းခွေသမား သားအဖသုံးဦးစလုံးသောတာပန်တည်သွားသည်၊ နောင်အခါ သားငယ်သည် ရဟန္တာတစ်ပါးဖြစ်သွားလေသည်။

ဤသည်မှာ ဗုဒ္ဓါနုဿတိ နမောဗုဒ္ဓဿရွတ်ဆိုမှုကြောင့် အကာလမရဏသေဘေးမှလွတ်ခဲ့သော ဗုဒ္ဓဘုရားရှင်လက်ထက် ထင်းခွေသားအဖအဖြစ်အပျက်ဖြစ်ပါသည်။

ရတနာသုံးပါးဂုဏ်၏ကျေးဇူးကို ရွတ်ဖတ်သရဇ္ဈာယ်ပွား များနေသောသူများအဖို့ အကာလမရဏာဘေးမှလွတ်ကြပါသည်။

ဗုဒ္ဓါနုဿတိကိုအမြဲမပြတ်သတိရနေခြင်းသည် ကံ အသေးအမွှားကလေးများကို ပပျောက်စေပါသည်။

## နန္ဒိကုန်သည်၏ဖုတ်သရဲ အကာလမရဏဘေးမှလွတ်ပုံ

သီဟိုဠ်ကျွန်း၊ အနုရာဓမြို့တွင် နန္ဒိအမည်ရှိသောကုန်သည်တစ်ဦးရှိသည်၊ သူ့တွင် အလွန်ချောမောလှပသောမယားရှိလေသည်။

သူတို့လင်မယားသည် ရတနာသုံးပါးကို ယုံကြည်ကြသည်၊ သဒ္ဓါတရားနှင့်ပြည့်စုံကြသည်။

နန္ဒိကုန်သည်သည် အိပ်ယာဝင်-အိပ်ယာထတွင်လည်းကောင်း၊ ကုန်ရောင်းကုန်ဝယ်အတွက်ခရီးသွားလာသောအခါတွင်လည်းကောင်း၊ ဘုရားဂုဏ်တော်ကိုးပါးကို အမြဲရွတ်ပွားသရဇ္ဈာယ်လေ့ရှိသည်။

တစ်နေ့သောအချိန်တွင် နန္ဒိကုန်သည်၏မယားသည် လေသာပြူတင်းမှအပြင်လမ်းမသို့လှမ်းမျှော်ကြည့်နေစဉ် လမ်းမပေါ်မှတာဝန်အရသွားနေသော အမတ်ငယ်တစ်ဦးသည် နန္ဒိမယားကိုမြင်သော် တပ်မက်သောရာဂစိတ်ဖြစ်ပေါ်ခံစားမိလေသည်။

ယင်းအမတ်သည် မိမိ၏အစေအပါးလုလင်အား နန္ဒိ၏မယားကိုလင်ရှိ-မရှိစုံစမ်းခိုင်းသည်၊ လင်ရှိမှန်းသိသောအခါ လင်ကိုသတ်၍ မိန်းမကိုအပိုင်သိမ်းယူရန်ကြံစည်စိတ်ကူးမိလေသည်။

တစ်နေ့တွင် ထိုအမတ်ငယ်သည် ဖုတ်သွင်းအတတ်ကို တတ်သောအောက်လမ်းဆရာတစ်ဦးကိုရအောင်ရှာစေပြီး ထိုဆေးဆရာကို လာဘ်လာဘများစွာပေးကာ လူသေကိုဖုတ်သွင်းစေ၍ နန္ဒိကုန်သည်ကိုလမ်းခရီး၌သတ်ဖြတ်ပေးရန် စီမံခိုင်းလေသည်။

အောက်လမ်းဖုတ်သွင်းဆရာသည် လာဘ်လာဘများစွာရသဖြင့် နန္ဒိကိုဖုတ်ကောင်ဖြင့်သတ်ဖြတ်ပေးရန်သဘောတူပြီး ဖုတ်ကောင်ကိုစီမံထားလေသည်။

တစ်နေ့သောအချိန်တွင် နန္ဒိကုန်သည်သည် ကုန်ရောင်းကုန်ဝယ်ဖြင့်အိမ်မှထွက်ခဲ့သည်၊ အမတ်ငယ်နှင့်ဖုတ်သွင်းဆရာတို့သည် နန္ဒိကုန်သည်၏အသွားအလာကို အကဲခတ်လေ့လာကြပြီး အပြန်တွင်ဖုတ်သွင်းသရဲဖြင့်သတ်ရန် စီမံဆောင်ရွက်ကြလေသည်။

နန္ဒိကုန်သည်သည် ကုန်အရောင်းအဝယ်ပြီး၍ အိမ်သို့ပြန်လာသည်၊ လမ်းခရီးလူပြတ်သောနေရာအရောက်တွင် ဖုတ်သွင်းဆရာနှင့်အမတ်တို့က ဖုတ်ကိုအသက်သွင်းပြီး နန္ဒိကုန်သည်ကို ရိုက်နှက်ပုတ်ခတ်သတ်စေရန်စေလွှတ်လေသည်။

ဖုတ်သရဲသည် နန္ဒိကုန်သည်ထံသို့ရှေ့ရှုသွား၍ ကုန်သည်ကြောက်လန့်ပြီးလိပ်ပြာလွင့်သွားစေရန် အခိုးအလျှံကိုထုတ်ပြီး ကြောက်မက်ဖွယ်ရာတို့ကိုပြသလေသည်။

ထိုအခါ နန္ဒိကုန်သည်သည် ထိုဖုတ်သရဲကိုမကြည့်ဘဲ ဘုရားရှင်ကိုအာရုံပြုပြီး ဗုဒ္ဓဂုဏ်တော်ကိုသာ ရွတ်ပွားသရဇ္ဈာယ်၍နေလေသည်။

ထိုအခါ ဖုတ်သရဲသည် နန္ဒိကုန်သည်၏ရှေ့တွင် သံတံတိုင်းကာရံထားသည် ဟုမြင်ကာ ရှေ့သို့မတိုးရဲတော့ဘဲ နောက်သို့ပြန်ဆုတ်သွားပြီးလျှင် စေခိုင်းသောအမတ်ငယ်နှင့်ဖုတ်သွင်းဆရာတို့ကိုပါလာသောသံလျက်ဖြင့်ခုတ်သတ်လေသည်။

မြတ်စွာဘုရား၏ဂုဏ်တော်များကိုပွားများခြင်း၊ ဗုဒ္ဓါနုဿတိဘာဝနာအလုပ်သည် ဘာဝနာအလုပ်တွင်အကုမရှိသော အမြတ်ဆုံးဘာဝနာဖြစ်ကြောင်း ထေရာပါဒါန်ပါဠိတော်(၈)-၁၇၆ ၌ ဗုဒ္ဓကိုယ်တော်တိုင်ဟောကြားထားပါသည်။

နန္ဒိကုန်သည် သည်ဗုဒ္ဓါနုဿတိဂုဏ်တော်ကို နေ့ညမပြတ်နှင့်ဘုရားလေရာရာတို့၌ပွားများသဖြင့် သူတစ်ပါးမကောင်းကြံသောအကာလမရဏဘေးမှလွတ်ကင်းရပါတော့သည်။

## ဆင်ရိုင်းဖြင့်နင်းသတ်ခြင်းသေဘေးမှလွတ်ခဲ့ရသော မိတ္တလထေ၏ဝုတ်တော်သစ္စာ

အောက်မြန်မာနိုင်ငံ(ဥဿာ-ပဲခူး)၌ သမလကုမ္မာ၊ ဝိမလကုမ္မာဟူသောညီနောင်နှစ်ပါးတို့သည် အေဒီ(၇၀၀)ခန့်တွင် ဟံသာဝတီမြို့သစ်တည်ထောင်၍ စတင်နန်းစံခဲ့သည်။

ထိုမှစ၍ရေတွက်သော် (၁၆)ဆက်မြောက်ဖြစ်သော ပုဏ္ဏရိကမင်းအထိ မူလအတောင်(၅၀)မြင့်သာ ကည်ထားကိုးကွယ်ခဲ့သော ရွှေမော်ဓောစေတီကိုဉာဏ်တော်အမြင့် လက်ရှိအတောင်(၁၉၈)အထိရောက်ရှိလာအောင် ထေရဝါဒဗုဒ္ဓသာသနာကိုအားပေးချီးမြှောက်လာခဲ့သောမင်းများဖြစ်ခဲ့ကြသည်။

အထက်မြန်မာပြည် ပုဂံ၌အနော်ရထာမင်းကြီး ထီးနန်းစိုးစံချိန်၌ ပုဏ္ဏရိကမင်း၏သားတော်တိဿမင်းသားသည် အေဒီ(၁၀၄၃/၅၇)၌ ဟံသာဝတီထီးနန်းကိုစိုးစံသူဖြစ်ခဲ့သည်။

ထိုမင်းသည် မင်းသားဘဝတွင် မြန်မာနိုင်ငံအောက်ပိုင်း(ဟံသာဝတီ)သို့ အိန္ဒိယမှရေကြောင်းခရီးဖြင့်ဝင်လာကြသော ဟိန္ဒူဗြဟ္မဏပုဏ္ဏားတို့နှင့်ချစ်ကျွမ်းရင်းနှီးဝင်ခဲ့ပြီး မိမိဘုရင်ဖြစ်က ဟိန္ဒူဗြဟ္မဏအယူဝါဒကို မိမိနိုင်ငံ၌အားပေးချီးမြှောက်ပါမည် ဟု ကတိပေးခဲ့ဖူးသည်ဟုဆိုပါသည်။

တိဿမင်းသားသည် မင်းအဖြစ်သို့ရောက်သော် ထို ကတိအတိုင်း ဟိန္ဒူဗြဟ္မဏဝါဒကိုအားပေးလက်ခံပြီး ထိုဝါဒကို ပြည်သူပြည်သားများအားလက်ခံယုံကြည်စေပြီး ဗုဒ္ဓရုပ်ပွားတော် များကိုမသန့်မပြန့်ရာ ချောင်း၊ မြောင်း၊ မြစ်၊ ရွှံ့ဗွက်အိုင်တို့၌ စွန့်ပစ်စေခဲ့သည်။

ဟိန္ဒူဗြဟ္မဏဘာသာကူးပြောင်းသွားသူ တိဿမင်း၏ ဗုဒ္ဓရုပ်ပွားတော်များစွန့်ပစ်ရာ ချောင်းတစ်ချောင်း၌ ဟံသာဝတီ မြို့အနီးရှိ ပိုင်တယော်ရွာသူ သူဌေးသမီးမိတလထော်သည် အဖော်များနှင့်အတူရေချိုးရန်ရောက်ရှိလာလေသည်။

မိလကထော်သည် ရေချိုးနေစဉ် သူမ၏လက်နှင့်အရာ ဝတ္ထုတစ်ခုကိုစမ်းမိလေသည်၊ သူမစိတ်ထဲတွင် ဘာများဖြစ်လိမ့် ပည်လဲ ဟူသောသိလိုစိတ်ဖြင့် ထိုအရာဝတ္ထုကိုစွဲဖော်ယူလိုက်ရာ ရွှေရောင်တဝင်းဝင်းလက်နေသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်တစ် ဆူကိုဖူးတွေ့လိုက်ရလေသည်၊ သူမသည် ဘုရားရုပ်ပွားတော်ကို သေချာစွာကြည့်ပြီး အံ့အားသင့်ကာ-

"အလို . . ဗုဒ္ဓရုပ်ပွားတော်ကို ဘယ်လိုလူတွေကစွန့်ပစ် ထားကြပါလိမ့်"

ဟု အသံထွက်ပြီး တုန်လှုပ်အံ့သြစွာနှင့်ပြောလိုက်သည်။

ထိုအခါ အတူပါလာသူအမျိုးသမီးတစ်ဦးက-

"အရှင်မ. . . ဘုရင်အမိန့်အရစွန့်ပစ်ရတာ၊ ဒီဘုရားရုပ်ပွားတော်များကို ကိုးကွယ်ဆည်းကပ်သူများကိုတွေ့က ဒီဘုရင်ကညှင်းဆဲသတ်ဖြတ်နှိပ်ကွပ်လေ့ရှိတယ်သခင်မ၊ ဒီဘုရားရုပ်ကလေးကို ချောင်းထဲပြန်ပစ်ထားလိုက်ပါ"
ဟုပြောပြရှင်းပြသည်။

ထိုရှင်းပြချက်ကို မိတလထော်က လက်မခံပေ။

"အလိုလေး. . . မင်းကသတ်ရင်လဲ ငါခံမယ်၊ ဒီဘုရားရုပ်ပွားတော်ကိုတော့ ငါပြန်လွှင့်မပစ်တော့ဘူး၊ ငါ့ကိုယ်တို့ သန့်ရှင်းရေဆေးပြီးကိုးကွယ်မယ်"
ဟုပြောပြီး ရေထဲမှတွေ့သမျှဘုရားရုပ်ပွားတော်(၇)ဆူကို ကောင်းမွန်စွာရေဆေးပြီး အိမ်သို့ပင့်ကာပူဇော်ကိုးကွယ်ထားလေသည်။

ထိုသတင်းကို မင်းမှုထမ်းများမှတစ်ဆင့် တိဿမင်းကြီးကြားသိသွားသောအခါ မင်းကြီးသည်အမျက်ဒေါသပြင်းစွာထွက်ပြီး မိတလထော်ကို မိမိထံဖမ်းဆီးခေါ်ဆောင်လာရန် အမိန့်ပေးလေသည်။

ရှေ့တော်သို့ရောက်လာသော မိတလထော်ကိုတွေ့မြင်သောအခါ စုံစမ်းမေးမြန်းခြင်းပင်မပြုတော့ဘဲ မိတလထော်ကို ဆင်ဖြင့်နင်းသတ်စေ ဟုချက်ချင်းအမိန့်ချမှတ်လိုက်လေသည်။

မင်းမှုထမ်းဘို့ကလည်း မင်းအမိန့်အတိုင်း မိတလထော်ကို လူသတ်ကုန်းသို့ခေါ်ဆောင်သွားပြီး ဆင်ရိုင်းဖြင့်နင်းသတ်ကြလေသည်။

မိတလထော်သည် ဘုရားဂုဏ်တော်ကိုအာရုံပြုပြီး ဒေါသထွက်နေသောမင်းကြီးကိုလည်းကောင်း၊ ဆင်ရိုင်းကြီးကိုလည်းကောင်း၊ မင်းမှုထမ်းတို့ကိုလည်းကောင်း မေတ္တာဓာတ်ကို အပြည့်အဝစေလွှတ်၍မေတ္တာပို့လေသည်။

မိတလထော်၏ဗုဒ္ဓဂုဏ်၊ မေတ္တာဓာတ်ဂုဏ်တို့ကြောင့် ဆင်ရိုင်းကြီးသည် မိတလထော်ကိုမနင်းရဲဘဲ ခြေစုံရပ်ကာ အသံကုန်အော်မြည်နေသည်၊ ဆင်ဦးစီးကချွန်အုပ်၍မောင်းနှင်သော်လည်း တုတ်တုတ်မျှမလှုပ်တော့ချေ။

ထိုအခါ မင်းချင်းတို့က ထိုအကြောင်းကို တိဿမင်းကြီးထံသို့သွားရောက်လျှောက်ထားဘင်ပြကြသည်။

"ဒီဘာသာခြားမိန်းမယုတ်ကို ကောက်ရိုးအုပ်ပြီး မီးရှို့သတ်စေ"

ဟူ၍ အမျက်ဒေါသဖြင့် ထပ်မံအမိန့်ချသတ်ဧဲပြန်သည်။

မိတလထော်၏ဗုဒ္ဓဂုဏ်၊ မေတ္တာဓာတ်ဂုဏ်တို့ကြောင့် မီးမလောင်ဘဲ မီးရှို့သတ်မရဖြစ်နေပြန်သည်။

ယင်းသို့ အကြိမ်ကြိမ်သတ်သော်လည်း မသေသော မိတလထော်ကို မင်းကြီးကမြေမြှုပ်သတ်ရန်ထပ်မံစီစဉ်ပြီးနောက် မိတလထော်ကို ကိုယ်တိုင်စုံစမ်းမေးမြန်းလာသည်။

"အယုတ်တမာမ တလထော်. . . နင့်ကို ငါကိုယ်တိုင် ဤတွင်းထဲမြှုပ်၍ သတ်မည်၊ သို့သော် နင့်ကိုအခွင့်အရေးတစ်ခု ပေးမည်၊ နင်ကိုးကွယ်သောနင့်ဆရာဗုဒ္ဓရုပ်ပွားတော်များသည် တန်ခိုးတော်နှင့်ကောင်းကင်ပျံတက်နိုင်ပြီး ဤနေရာသို့ကြွလာနိုင်လျှင် သင်၏အသက်ကိုချမ်းသာခွင့်ပေးမည်၊ မကြွနိုင်လျှင် ဤတွင်းထဲမှာ သင့်ကိုအရှင်လတ်လတ်မြှုပ်၍သတ်ရမည်" ဟု အမိန့်ချမှတ်ပြန်သည်။

ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကိုမသိသေးသော မင်းကြီးကို မိတလထော်သည် သည်းခံခွင့်လွှတ်နိုင်သောမေတ္တာအစွမ်းဖြင့် မိမိအိမ်တွင်ကိုးကွယ်ထားသော ဘုရားရှင်ရုပ်ပွားတော်များကို ရည်မှန်းကာ ဘုရားရှင်၏ဂုဏ်ကျေးဇူးများကို အထူးအာရုံပြုရှိခိုးပြီးလျှင်-

"အတုမဲ့ငြိမ်းအေးရာစံလွန်တော်မူပြီးဖြစ်သော မြတ်စွာဘုရား. . . မြတ်စွာဘုရားရှင်၏ကိုယ်စားထုလုပ်ပူဇော်အပ်သော ဆင်းတုတော်များကို တပည့်တော်မသည် ရေမှဆယ်ယူ၍ ကိုးကွယ်ပူဇော်ခဲ့ပါသည်၊ ဤမှန်ကန်သောသစ္စာစကားကြောင့် အရှင်

ဘုရားရုပ်တုများသည် ဤနန်းရင်ပြင်ကောင်းကင်၌ကြွလာစံပယ်သီတင်းသုံးတော်မူလာပါစေဘုရား"
ဟု ယုံကြည်စွာဖြင့် သက်ရှိဘုရားကိုပင့်သကဲ့သို့ သစ္စာဆို၍တိုင်တည်လျှောက်ထားလေသည်။

ထိုခဏမှာပင် ရုပ်ပွားဆင်းတုတော်(၈)ဆူသည် အံ့ဩစွာဖြင့် ကောင်းကင်ခရီးဖြင့်ကြွလာပြီး နန်းရင်ပြင်ကောင်းကင်၌ရပ်တည်လာသည်၊ တိဿမင်းနှင့်ပရိသတ်အားလုံးတို့သည် အံ့ဩတုန်လှုပ်စွာတွေ့မြင်ကြရလေသည်။

"အရှင်မင်းကြီး. . . ကျွန်ုပ်တို့ဆရာမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံဝင်ခဲ့ပါပြီ၊ ကိုယ်စားရုပ်ပွားတော်များသာ ကောင်းကင်၌ပျံကြွလာသည်ကိုဖူးတွေ့နိုင်ပါတော့သည်၊ သင်မင်းကြီးယုံကြည်သူပုဏ္ဏားတို့မှာ အသက်ထင်ရှားရှိနေသူများဖြစ်ကြပါသည်၊ သူတို့ကို ယခုလိုကောင်းကင်ပျံကြွနိုင်ပါလျှင် မြင်တွေ့လိုပါသည်"
ဟု တောင်းဆိုလျှောက်ထားလေသည်။

ထိုအခါ တိဿမင်းကြီးက မိမိ၏ဆရာ ဗြဟ္မဏဝါဒီပုဏ္ဏားတို့အား ထိုကဲ့သို့ကောင်းကင်ဈာန်ပျံကြွစေရန် စေခိုင်းရာမတတ်နိုင်ကြချေ။

သို့အတွက် မင်းကြီးသည် ထိုဆရာများကိုနန်းတော်မှနှင်ထုတ်ပြီး ကိုယ်တိုင်လည်း သရဏဂုံဆောက်တည်ပြီးလျှင်

မိတလထော်ကို ဘဒြာဒေဝီဟူသောဘွဲ့အမည်ဖြင့် မိဖုရားခေါင်ကြီးအရာ၌ထားကာ ချီးမြှင့်မြှောက်စားလိုက်လေသည်။

မိတလထော်သည် အသက်ဘေးကိုကြောက်လန့်တုန်လှုပ်ဖွယ်ရာတွေ့ရှိခဲ့သော်လည်း ရတနာသုံးပါး၏ဂုဏ်တော်ဖြစ်သော ဘုရားရှင်၏ဂုဏ်တော်ကိုအာရုံပြုပြီး သစ္စာဆိုခဲ့သောကြောင့် အယူမှောက်မှားသွားသူတိဿမင်းကြီးကြောင့် ဟံသာဝတီတစ်နိုင်ငံလုံး ဗုဒ္ဓသာသနာကွယ်ပျောက်မည့်အမှောင်ဖုံးလွှမ်းမှုဘေးကြီးကို မိတလထော်က ကယ်တင်ပေးနိုင်ခဲ့ပေသည်။

လွန်ခဲ့သောအတိတ်ကာလက အာဇာနည်အမျိုးသမီးမိတလထော်၏ ဗုဒ္ဓဂုဏ်ကိုအထူးယုံကြည်ခြင်း၊ အသက်နှင့်ရင်း၍ အကာအကွယ်ပေးခဲ့သောဖြူစင်သောစိတ်ထား၊ မေတ္တာတရား၊ သစ္စာတရားတို့မှာ မြန်မာ့သမိုင်းနှင့်ဗုဒ္ဓသာသနာသမိုင်းတွင် အံ့မခန်းမှတ်တမ်းတင်ကျန်ရစ်ခဲ့ရပါသည်။

မိတလထော်၏ ဗုဒ္ဓဂုဏ်တော်ယုံကြည်မှုအစွမ်းကြောင့် အကာလမရဏာသေဘေးမှလည်း လွတ်မြောက်ခဲ့ရပြီး နောက်ဆုံးဘဒြာဒေဝီမိဖုရားကြီးအဖြစ် ချမ်းသာသုခကိုပင် ရရှိခံစားသွားရပါသည်။

## ကျွန်ုပ်၏သစ္စာတန်ခိုး သားအမိ အကာလမရဏဘေးမှလွတ်ရကျိုး

ဦးပဥ္စင်းဟာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)သို့ သာသနာပြုတာဝန်များကိုအရည်အချင်းပြည့်ပြည့် နှင့်သာသနာပြုလုပ်ငန်းများဆောင်ရွက်ရန်အတွက် တက်ရောက် ခဲ့ပါတယ်။

ဒါပေမယ့် ဘဝကံကြောင့်ဆိုရမလားမသိပါဘူး၊ ဒုတိယ နှစ်အရောက်မှာ သူများပယောဂပြုလုပ်တဲ့အထဲမှာရောယောင် ပါသွားလို့ တက္ကသိုလ်ကထွက်ခဲ့ရပါတယ်။

ဒါပေမယ့် သာသနာပြုလိုတဲ့စိတ်ကပြင်းပြနေလေတော့ ပဲခူးတိုင်း၊ ကျောက်ကြီးနယ်နှင့်ကရင်ပြည်နယ်နယ်စပ်မှာ သာသ နာပြုလုပ်ငန်းဆောင်ရွက်နေတဲ့ဆရာတော်ဦးကေသရနှင့်အဆက် အသွယ်ရမိပြီး ဆရာတော်နှင့်အတူလိုက်ကာ သာသနာပြုလုပ် ငန်းများကိုဆောင်ရွက်လုပ်ကိုင်နေရပါတယ်။

ဆရာတော်ဦးကေသရ သာသနာပြုနေတဲ့ရွာတွေဟာ များသောအားဖြင့် ကရင်အမျိုးသားရွာတွေဖြစ်သလို အခြားဘာ သာကိုးကွယ်သူများလည်းများကြပါတယ်၊ ဗုဒ္ဓဘာသာဝင်ဦးရေ ဟာ အလွန်ပင်နည်းပါးလှတယ်၊ တစ်ရွာမှာမှ လေးငါးအိမ်ထောင် လောက်ဘဲ ဗုဒ္ဓဘာသာတွေရှိပါတယ်။

ထိုရွာတွေမှာ ဗုဒ္ဓဘာသာကရင်အဖွဲ့ကဦးဆောင်ပြီး အမျိုး၊ ဘာသာ၊ သာသနာထွန်းကားရေးတွေအားကြိုးမာန်တက် ဆောင်ရွက်နေလေတော့ ဦးပဥ္စင်းကတစ်ဖက်က ဘာသာရေး စည်းရုံးဟောပြောရသလို တစ်ဖက်ကလည်း ဗုဒ္ဓဘာသာယဉ်ကျေး မှုသင်တန်းတွေဖွင့်၊ အချို့မိဘမဲ့နှင့်မပြည့်စုံကြတဲ့ကလေးတွေကို သာသနာ့ဘောင်သွတ်သွင်းပြီး ကျောက်တံခါး၊ ပဲခူးယ်ကုန်း၊ ဟော ကျွဲအင်းမှာရှိတဲ့စာသင်တိုက်များသို့ လောကုတ္တရာစာပေသင်ကြား နိုင်ရန် ပို့ပေးရပါတယ်။

တစ်ဖက်ကလည်း အကြမ်းဖက်သောင်းကျန်းသူတွေက လွှမ်းမိုးနေပြီး အချိန်မရွေးမိမိတို့ကိုအန္တရာယ်ပေးနိုင်တဲ့ကာလမို့ မိမိတို့ဟာ ရတနာသုံးပါးဂုဏ်နှင့်မိမိ၏သီလဂုဏ် စရဏကျင့်စဉ် တွေကိုအလေးအနက်ထားပြီး ထိန်းသိမ်းစောင့်ရှောက်ကျင့်ကြံ ရပါတယ်။

တစ်နေ့ မိမိဟာ မိမိဆရာတော်ဦးကေသရ မြိုင်ကြီးငူ ဆရာတော်ထံကြွနေစဉ်မှာ ကျောင်းမှာပဲထိန်းသိမ်းစောင့်ရှောက် နေရပါတယ်၊ အဲဒီနေ့က နယုန်လဆိုတော့ မိုးတွေကသဲသဲမဲမဲ ရွာချနေလို့ ဘယ်လိုမှမထွက်ဖြစ်ဘဲ ကျောင်းမှာပဲနေနေရပါ တယ်။

ညနေအချိန် မိုးရေထဲမှ စောဆာမူဆိုတဲ့ဦးပဥ္စင်းနှင့်ရင်းနှီးနေတဲ့ ကရင်အမျိုးသားတစ်ယောက်ရောက်လာတာကို တွေ့ရပါတယ်၊ သူ့နောက်ကလည်း ကရင်အမျိုးသားလေးငါးဦး ပါလာပါတယ်။

"ဦးပဥ္စင်း. . . ကယ်ပါဦး၊ ရွာမှာနော်ဖောထူးမီးမဖွားနိုင်လို့ ဒုက္ခရောက်နေတယ်၊ ကြာရင် ကလေးရော၊ လူကြီးပါ သေလိမ့်မယ်"

လို့ အရေးတကြီးအသံနှင့်အကူအညီတောင်းပါတယ်။

အမျိုးသမီးမီးဖွားတဲ့ကိစ္စ ဘုန်းကြီးနှင့်ဘာဆိုင်လို့တုန်းဟု စိတ်ထဲမှာတွေးမိပါတယ်၊ အဲဒီအချိန်မှာ ရွာတွေမှာ သားဖွားဆရာမတို့၊ ကျန်းမာရေးမှူးဆိုတာကလည်းမရှိပါဘူး၊ အရပ်လက်သည်နှင့်ပဲမွေးရတဲ့အခြေအနေတွေပါ၊ မြို့ဆေးရုံသွားဖို့ဆိုတာကလည်း အလွန်ဝေးလံလှပြီး ပို့ဆောင်ရေးယာဉ်ဆိုတာကလည်း လှည်းမှတစ်ပါး အခြားမရှိပါဘူး။

"စောဆာမူမိန်းမ မီးဖွားတာငါတို့ဘုန်းကြီးက ဘာလုပ်တတ်မှာလည်း လက်သည်ဒကာမတွေသာနားလည်မှာပေါ့ "

"လက်သည်မိန်းမကြီးကလည်း မတတ်နိုင်တော့ဘူး၊ ဒါကြောင့် ဦးပဥ္စင်းကိုလာခေါ်တာ၊ ဦးပဥ္စင်းတို့ဘုရားမှာ မီးဖွားနိုင်တဲ့တရားရှိတယ်လို့ ဦးစောဂျော်နီကပြောတယ်၊ အဲဒါကြောင့် အဲဒီ

တရားနှင့်လာကယ်ပေးပါ၊ ဦးပဥ္စင်း. . . မြန်မြန်လာပါ၊ ကြာရင်
နော်ဖောထူးသေပါလိမ့်မယ်”
ဟု စောဆာမူက အရေးတကြီးပြောနေပါသည်။

ဦးပဥ္စင်းလည်း စဉ်းစားရပါသည်၊ ကိုယ်မှာမီးဖွားတာကို နားမလည်၊ ဘုရားမှာမီးဖွားတာရှိတယ်ဟု စောဂျော်နီကပြောသည်ဟု စကားကိုကြားမှအင်္ဂုလိမာလသုတ်သစ္စာကို ပြောဟန်တူမည်ဟုသတိထားမိပါသည်။

သို့အတွက် မိမိသည် သူတို့၏အားကိုးတကြီးယုံကြည်မှုကို မိမိ၏သီလနှင့်သစ္စာကိုအရင်းပြုပြီးဆောင်ရွက်ပေးရန် ဆုံးဖြတ်ပြီးလိုက်သွားရန်ဆုံးဖြတ်မိပါသည်။

ပထမ မိမိကျောင်းရှိကျောင်းစောင့်နတ်များကိုလည်းကောင်း၊ ဘုရားရှင်ကိုလည်းကောင်း တိုင်တည်သစ္စာဆိုမိပါသည်၊ လမ်းတစ်လျှောက်လုံးလည်း ရွာစောင့်နတ်၊ တောစောင့်နတ်များကိုစောင့်ရှောက်ပေးရန် မေတ္တာရပ်ခံသစ္စာဆိုရပါသည်။

အိမ်ရောက်သွားသောအခါ မွေးဖွားလူနာမှာမချိမဆံ့ ခံစားနေရသည်ကိုတွေ့ရပါသည်။

ဦးပဥ္စင်းကလည်း အပ်ချည်ရှိ-မရှိမေးရာ အပ်ချည်မရှိ၍ ရှာကြိုးကိုယူခိုင်းရပါသည်၊ နွားချည်သောကြိုးခွေတစ်ခွေလာပေးပါသည်၊ ရေသန့်သန့်တစ်ဖလားယူခိုင်းရပါသည်၊ ဦးပဥ္စင်းက

မွေးဖွားလူနာကိုကြိုးဖြင့်ပတ်ခွေထိုင်စေပြီး လူနာကိုကြိုးစအား ကိုင်ထားစေရပါသည်၊ မိမိကလည်း ကြိုးစတစ်စကိုင်ထားပြီး လူနာကိုမေတ္တာစိတ်ရှေ့ရှုထားကာ နတ်ပင့်ပြီးမေတ္တာသုတ်ကို အရင်ရွတ်ရပါသည်၊ ပြီးမှ အင်္ဂုလိမာလသုတ်ကို(၉)ခေါက်ရွတ်ရ ပါသည်၊ ပြီးလျှင် သမ္ဗုဒ္ဓေနှင့်ပဋ္ဌာန်း(၂၄)ပစ္စည်းကိုရွတ်ဖတ်ပြီး မိမိ၏သီလဂုဏ်နှင့်ရတနာသုံးပါး၏ဂုဏ်တော်ကြောင့် လွယ်ကူ စွာမီးဖွားနိုင်ပါစေ ဟုသစ္စာပြုရပါသည်၊ ပြီးလျှင် ပရိတ်ရေတစ် ခွက်ကိုတိုက်ခိုင်းလိုက်ပြီး ထိုရေဖြင့်ကိုယ်ကိုပွတ်သပ်လိမ်းကျံပေး စေရပါသည်။

ဦးပဥ္စင်း၏ပရိတ်ရေသောက်ပြီးနောက် ကိုယ်ကိုပရိတ် ရေပွတ်သပ်ပေးပြီး (၅)မိနစ်အကြာ ကလေးကို ချောမောစွာ မွေးဖွားနိုင်ပါတော့သည်။

"ဒါမှ တို့ဘုရားသခင်အစစ်ကွ"

ဟူသောအသံသည် တစ်ခဲနက်ပေါ်ထွက်လာပါတော့သည်။

ဦးပဥ္စင်းသည်ပင် ကြက်သီးမွေးညင်းထသွားပါသည်၊ ထို လူနာနှင့်ဆွေမျိုးသားချင်းပတ်ဝန်းကျင်အားလုံးသည် အခြား ဘာသာကိုးကွယ်သူများဖြစ်ကြပါသည်။

ဦးပဥ္စင်းသည် ကျောင်းသို့ပြန်ကြွခဲ့သည်၊ ဦးပဥ္စင်းနောက် သို့ တစ်စုတစ်ဝေးကြီးလိုက်လာကြပြီး ငါတို့ဒီဘုရားသခင်ကိုပဲ ယူတော့မည် ဟုပြောဆိုကြပါသည်။

ယခုတော့ ထိုအင်္ဂုလိမာလသုတ်နှင့်ဦးပဥ္စင်း၏သစ္စာတန်ခိုးကြောင့် ကရင်ကျေးရွာများသည် ဗုဒ္ဓဘာသာဝင်များဖြင့် သာသနာဖွံ့ဖြိုးတိုးတက်စပြုလာလေပြီသာ။

(သာသနာပြုဆရာတော် ဦးပညာဇောတ၏ မိန့်ကြားချက်ကို ပြန်လည်တင်ပြပါသည်)

## လုပ်ကြံမှုဘေးမှလွတ်ခဲ့ရသော ရတနာသုံးပါးဂုဏ်ကျေးဇူး

"ကျွန်တော်ဟာ မီးရထားဌာနမှအရာရှိတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ပါတယ်၊ ရတနာသုံးပါးရဲ့ဂုဏ်ကျေးဇူး၊ အထူးသဖြင့် ဘုရားရှင်ရဲ့ ဂုဏ်တော်ကျေးဇူးများဟာ တမလွန်ဘဝကောင်းကျိုးချမ်းသာတွင်မကဘူး၊ ပစ္စုပ္ပန်ကောင်းကျိုးအတွက်ပါ အန္တရာယ်ကင်းခြင်း၊ ချမ်းသာခြင်းကိုခံစားရတယ်ဆိုတာ ကျွန်တော့်ဘဝအတွေ့အကြုံနှင့်ယှဉ်ပြီးပြောပြလိုပါတယ်"

တစ်နေ့တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)သို့ မီးရထားဌာနမှဆွမ်းဆက်ကပ်လှူဒါန်းပွဲတွင် အလှာပသလ္လာပစကားပြောကြရင်း မီးရထားဌာနမှအရာရှိဦးဟန်တင်က အထက်ပါအတိုင်းပြောပြပါသည်။

စာရေးသူအပါအဝင် နားထောင်သူအားလုံးကလည်း သူ၏ရတနာသုံးပါးဂုဏ်ကျေးဇူးကြောင့် သူ့ဘဝအန္တရာယ်လွတ်ပုံ၊

ချမ်းသာရပုံအတွေ့အကြုံကလေးကို စိတ်ဝင်တစားနားထောင်လို ကြ၍ မည်သို့မျှမေးခွန်းပြန်မထုတ်ကြတော့ဘဲ တိတ်ဆိတ်စွာပင် မျှော်လင့်လျက်နားထောင်နေကြပါသည်။

မဆလခေတ် မော်လမြိုင်ဘက်မှာ မှောင်ခိုကူးသန်း ရောင်းဝယ်မှုတွေ တအားအလုပ်ဖြစ်နေတဲ့အချိန်ပေ့ါ။ ကျွန်တော် တို့က မီးရထားဌာနဆိုတော့ မီးရထားတွဲပေါ်ပါ မှောင်ခိုပစ္စည်း တွေကိုသက်ဆိုင်ရာအာဏာပိုင်တွေနှင့်ပူးပေါင်းပြီး မုတ္တမဆိပ် ကမ်းမှာလုပ်ရပါတယ်။

မီးရထားဘက်မှာ ကျွန်တော်ကတာဝန်အရှိဆုံးအရာရှိ ဆိုတော့ ကိုယ့်မီးရထားနှင့်ပတ်သက်ပြီး စေ့စေ့စပ်စပ်ရှာဖွေလုပ် ရပါတယ်။

မှောင်ခိုသမားတွေကလည်း ပစ္စည်းဝှက်တဲ့နေရာမှာ ကျွန်တော်တို့ဌာနရဲ့ မသမာဝန်ထမ်းတွေနှင့်ပေါင်းပြီး မီးရထား ရေတိုင်ကီတွေကိုဖောက်၊ ရေတွေပိတ်ပြီး အဲဒီတိုင်ကီတွေထဲမှာ ပစ္စည်းတွေထည့်ပြီး မှောင်ခိုသယ်ကြတယ်။

ကျွန်တော်တို့လည်း အလုပ်အတွေ့အကြုံအရ ဒါတွေသိ လာရတော့ စစ်ဆေးမှုပိုမိုပြင်းထန်စွာပြုလုပ်ရပြီး မှောင်ခိုအမှု အပြင် ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှုပါ ပူးတွဲပြီးအရေးယူရတာပေ့ါ။

ကျွန်တော်က ကျွန်တော့်ဘက်ကနေ တာဝန်ဝတ္တရား ကျေကျေပွန်ပွန်ထမ်းဆောင်လေတော့ မလိုမုန်းထားသူတွေ

တစ်စ တစ်စတိုးပွားလာပါတယ်၊ ကိုယ့်ဝန်ထမ်းထဲကပင် ကိုယ်ကိုမကျေနပ်မှု၊ ရန်ငြိုးလိုမှုတွေပေါ် ပေါက်လာတာကိုတွေ့ရပါတယ်။

ဒါပေမယ့် ကျွန်တော်ကတော့ နိုင်ငံ့ဝန်ထမ်းကောင်းပီပီ ပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဟာ ကျွန်တော်ရဲ့အလုပ်လို့သတ်မှတ်ပြီး ထိုဖြစ်ပေါ်လာမဲ့အန္တရာယ်တွေကိုလည်းသိပ်ပြီးဂရုမစိုက်၊ အာရုံမထားမိပါဘူး။

ကျွန်တော်က ပြီးတော့ မိမိနေ့စဉ်နိစ္စမပြတ်ပြုလုပ်နေတဲ့ ဘုရားရှိခိုးခြင်း၊ ဂုဏ်တော်ပုတီးစိပ်ခြင်း၊ ဓာရဏာပရိတ်တော်ရွတ်ပွားခြင်း၊ ကုသိုလ်အထောက်အပံ့ဟာ မိမိ၏ဘဝအတွက် ဘေးအန္တရာယ်အပေါင်းကရော၊ ဘဝရဲ့ကိုယ်စိတ်ချမ်းသာမှုအတွက်ပါ လုံခြုံတယ်လို့ယုံကြည်ထားပါတယ်။

အဲဒီလိုယုံကြည်ပြီး မိမိလုပ်ရမဲ့တာဝန်ဝတ္တရားများကို ပြတ်ပြတ်သားသားပဲ လုပ်ပါတယ်၊ အဲဒီလိုပြတ်သားစွာလုပ်လေလေ အန္တရာယ်က ပို၍-ပို၍များလာလေလေဖြစ်တာကို သံယောဇဉ်ရှိကြသော တပည့်သားများ၏သတိပေးစကားအရ သိရှိလာရပါတယ်။

နောက်ဆုံးလူမိုက်ငှားပြီး ကျွန်တော့်ကိုအလစ်ချောင်းပြီး ရိုက်သတ်ရန်အထိကြံစည်လာကြပါတယ်၊ ကျွန်တော်ကတော့ ဒီလိုကြံစည်နေကြတယ်ဆိုတဲ့အထိတော့ မသိပါဘူး။

တစ်နေ့ မိုးလေးကတဖွဲဖွဲ ညနေခင်းအချိန်မှာ ကျွန်တော့်ကိုလုပ်ကြံမှုဖြစ်ပွားလာပါတော့တယ်။

ကျွန်တော့်အမျိုးသမီးက မင်္ဂလာဒုံစစ်ဆေးရုံမှာ စစ်သူနာပြုဗိုလ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်လေတော့ ကျွန်တော့်ကို မိုးထဲရေထဲသွားလာတဲ့အခါမှာ လွယ်ကူအောင် စစ်မိုးကာတစ်ခုနှင့်ဦးထုပ်တစ်လုံးပေးထားပါတယ်၊ကျွန်တော်က မီးရထားတွဲစစ်ဆေးသွားတိုင်း မိုးရွာနှင့်ဒီမိုးကာနှင့်ဦးထုပ်ကိုပဲ ဆောင်းသွားလေ့ရှိပါတယ်။

လုပ်ကြံမဲ့လူဆိုးအဖွဲ့ကိုလည်း ဒီသင်္ကေတပြထားကြဟန်တူပါတယ်။

အဲဒီဖြစ်မဲ့ညနေက မိုးလေးကလည်းတဖွဲဖွဲရွာနေပါတယ်၊ ကျွန်တော်တာဝန်အရသွားရောက်စစ်ရမဲ့အချိန်ကလည်းရောက်နေတော့ သွားရောက်စစ်ရပါတယ်၊ သွားကာနီးမှာ စိတ်ထဲမှာ ဘယ်လိုဖြစ်လာမှန်းမသိဘူး၊ မအီမသာကြီးဖြစ်ပြီး မသွားချင်မလာချင်စိတ်ဖြစ်ပေါ်လာတယ်။

ဒါနဲ့ ကျွန်တော်က နေမကောင်းချင်ဖြစ်လို့ပဲဆိုပြီး အတူနေတပည့်လေးကို ကျွန်တော့်ကိုယ်စားသွားကြည့်ပေးဖို့ပြောလိုက်ပါတယ်။

တပည့်ကလည်း ခေါင်းညိတ်ပြီး ကျွန်တော့်ဘေးမှာအသင့်ရှိနေတဲ့ မိုးကာနှင့်ဦးထုပ်ကိုဆောင်းပြီးထွက်သွားပါတယ်။

နာရီဝက်လောက်ကြာတော့ ရုတ်ရုတ်သဲသဲနှင့်လူတစ်စု ကျွန်တော့်တပည့်ကိုပွေ့ချီပြီး အိမ်ခေါ်လာတာကိုတွေ့ရပါတယ်၊ ဘာဖြစ်တာလဲလို့မေးတော့ လူနှစ်ယောက်က ချောင်းရိုက်ပြီး ထွက်ပြေးတာ၊ ကံကောင်းလို့ခေါင်းမထိဘဲ လက်နှင့်ကျောထိပြီး မေ့လဲကျသွားလို့ ဆရာဆီပြန်ပို့တာပါလို့ ပြောကြတယ်။

ရိုက်သူကိုတော့မမိဘူး၊ လိုက်ရှာတုန်းလို့ပြောတယ်၊ တပည့်ကိုအရေးပေါ်ဆေးရုံပို့ရပြီး ရဲစခန်းမှာအမှုဖွင့်ရပါတယ်။

အရိုက်ခံရတဲ့ဒဏ်ရာကသိပ်မပြင်းတော့ တပည့်လည်း တစ်ပတ်နေပြီး ဆေးရုံကပြန်ဆင်းရပါတယ်။

အဲဒီနေ့အဖြစ်အပျက်ကိုသုံးသပ်လျှင် လုပ်ကြံမည့်သူက ကျွန်တော်လာမည့်အချိန်၊ ကျွန်တော်ဝတ်စားမှုကို သေချာစွာ လေ့လာထားပြီး အသင့်စောင့်နေဟန်တူပါသည်၊ ကျွန်တော့်မှာ ရုတ်တရက်မသွားချင်မလာချင်စိတ်ဝေဒနာဖြစ်ရတာကလည်း တစ်စုံတစ်ခုက နှိုးဆော်တားမြစ်လိုက်ဟန်တူပါတယ်၊ သို့တည်း မဟုတ် ကျွန်တော်ရွတ်ပွားနေသော ရတနာသုံးပါးရဲ့ဂုဏ်ကျေးဇူး နှင့်မာရဏာပရိတ်တော်ရဲ့ဂုဏ်ကျေးဇူးကြောင့်လို့ ကျွန်တော်ထင်မိ ပါတယ်။

ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် ထိုအန္တရာယ်က တော့ ကျွန်တော်လွတ်ခဲ့ရ၍ ထိုကိစ္စကို အထက်လူကြီးများက သိပြီး ကျွန်တော့်ကို အန္တရာယ်ရှိနေတယ်ဆိုပြီး မုတ္တမကနေ

ရန်ကုန်သို့ပြန်ပြောင်းပေးပါတယ်။

ကျွန်တော့်ဘဝမှာ ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကြောင့် အန္တရာယ်ကာလလွတ်ကင်းပြီး နယ်ကနေရန်ကုန်သို့လည်း ပြန်ပြောင်းခဲ့ရပြီး မိသားစုနှင့်အတူတူပြန်နေခဲ့ရပါတယ်။

ဒါကြောင့် ရတနာသုံးပါးဂုဏ်ရွတ်ပွားသရဇ္ဈာယ်မှုဟာ တမလွန်ချမ်းသာရေးအတွက်သာမက ပစ္စုပ္ပန်ချမ်းသာရေးပါ ကောင်းကျိုးပေးပါကြောင်း ကျွန်တော့်ကိုယ်တွေ့ဘဝဇာတ်လမ်းကိုပြောပြရခြင်းဖြစ်ပါတယ်။

(ဦးဟန်တင်နေ့စဉ်ရွတ်ပွားသည်မှာ ဂုဏ်တော်ကိုးပါးနှင့် ဓာရဏပရိတ်ဖြစ်ပါသည်၊ ပုတီးကို ဂုဏ်တော်ကိုးပါးတစ်ပါးစီ တစ်နေ့ကိုးပတ်စိပ်သည်ဟုပြောပြပါသည်)

## အဋ္ဌာနမေတ္တာပုတီးတန်ခိုးဖြင့် အကာလမရဏသေဘေးမှလွတ်ခဲ့ရခြင်း

ဦးပဥ္စင်းက ညောင်ပင်သာဘူတာရွာမှ ဖြူးမြို့တောင်ဘက်ရှိ ဧကဒွါရုံစာသင်တိုက်ဆရာတော်ထံသို့ ပညာသင်ရန်ရောက်ခဲ့ပါသည်။

ဦးပဥ္စင်းကို ဖြူးမြို့၊ ပဲခူးလမ်းနေ ကုန်သည်ဦးဘသိန်း+ဒေါ်ခလေးမ၏ သမီးအကြီး မနှင်းရီကရဟန်းအမပြုပြီး ရဟန်းခံပေးခဲ့သဖြင့် ရဟန်းအဖြစ်သို့ရောက်ခဲ့ပါသည်။

ဦးပဋ္ဌင်းရဟန်းခံပြီး တစ်လအကြာတွင်တောင်ငူမြို့ရှိ ကရင်တပ်ရင်း(၃)က အစိုးရကိုပုန်ကန်ပြီး တောင်ပိုင်းသို့ထိုးစစ် စစ်ဆင်လာပြီး ဖြူးမြို့လေးသည် ကရင်တပ်တို့၏သိမ်းပိုက်ခြင်း ကိုခံခဲ့ရပါသည်။

တောင်ငူမှကရင်တပ်များတောခိုပြီး တစ်မြို့ပြီးတစ်မြို့ သိမ်းပိုက်လာ၍ ဇေယျဝတီသို့သိမ်းပိုက်ပြီး၍ အစိုးရတပ်များ ဖြုန်ကဆုတ်ခွာသွားသောအခါ ဒက္ခိဏာရုံဆရာတော်၊ တမျှဆရာ တော်နှင့်တပည့်သံဃာကိုရင်ကျောင်းသားအချို့တို့သည် ကျောင်း မှထွက်ခွာကြပြီး အနောက်ရိုးမတောင်ခြေရှိ ပိန္နဲကုန်းရွာသို့ ရွှေ့ ပြောင်းသီတင်းသုံးနေကြပါသည်။

ယာယီကျောင်းစောင့်အဖြစ် ဦးပဋ္ဌင်းနှင့်တောထွက် ဦးပဋ္ဌင်းကြီးကစ်ပါးကဲ ကပ္ပိယလူကြီးတစ်ယောက်ထားခဲ့ပါသည်၊ ဆရာတော်က အခြေအနေကိုကြည့်ပြီး အခြေအနေဆိုးလာပါက ကျောင်းကိုစွန့်၍လိုက်လာရန်မှာကြားခဲ့ပါသည်။

ဦးပဋ္ဌင်းတို့ဟာ အကြမ်းဖက်ကရင်တပ်ရင်း၏အခြေအ နေကိုကြည့်ပြီး ကျောင်းတွင်ဆက်လက်နေခဲ့ပါသည်၊ ဦးပဋ္ဌင်းတို့ ကျောင်းသည် ဖြူးမြို့တောင်ဘက်အစွန်ဆုံးတွင်ရှိပြီး ၎င်းကျော တော၊ သရက်ပင်၊ သီးပင်၊ စားပင်တို့ဖြင့် တောအုပ်သဖွယ်ရှိနေ ပါသည်။

မလုပ်သော်လည်း ယခုသော် သူကအာယာတလျှို့ဝှက်စွာထား လာပြီးဖြစ်၍ ဦးပဉ္ဇင်း၏လှုပ်ရှားမှုကိုအကဲခတ်ထောက်လှမ်းနေပါသည်၊ ထိုသည်ကို ဦးပဉ္ဇင်းကမသိ၊ ခပ်ပေ့ါပေ့ါပင်နေမိပြီး လုပ်ရိုးလုပ်စဉ်အတိုင်းလုပ်နေမိပါသည်။

တစ်နေ့တွင် ဗိုလ်လှသောင်းက ထုံးစံအတိုင်းဦးပဉ္ဇင်းနှင့် တွေ့ရန်လာချိန်းပါသည်၊ ထိုသို့ချိန်းသည်ကို ဦးပဉ္ဇင်းကြီးလည်း သိသွားပါသည်၊ ဦးပဉ္ဇင်းက ခါတိုင်းလည်းချိန်းနေကျ၊ သိနေကျ ပြင်၍ [illegible]မှတ်မဲ့နေလိုက်မိပါသည်။

မြန်မာအချင်းချင်းလည်းဖြစ်၊ ဘုရားသားတော်ရဟန်း အချင်းချင်းလည်းဖြစ်၍ ဤမျှရက်စက်ပက်စက်လိမ့်မည် ဟု မထင်မှတ်ခဲ့ပါ။

ထိုညတွင် ဦးပဉ္ဇင်းသည် ဘုရားရှိခိုးပြီး ပုတီးစိပ်မှုကို တော့ချိန်းထားသောကျောင်းဝိုင်း၏အနောက်ဘက်စွန်းရှိသရက် ပင်အောက်တွင် တရားထိုင်ရင်းပုတီးစိပ်မည်ဟုဆုံးဖြတ်ကာ ည (၇)နာရီအချိန်တွင်ထွက်ခဲ့ပါသည်၊ ချိန်းထားသည်မှာ ည(၈)နာရီ ခွဲဖြစ်ပါသည်။

ဦးပဉ္ဇင်းသည် ဗိုလ်လှသောင်းကိုစောင့်ရင်း အဌာနမေတံ ဂါထာကိုရွတ်ဆိုပြီး ပုတီးစိပ်နေပါသည်၊ ဦးပဉ္ဇင်းပုတီးစိပ်၍ တစ် ပတ်အပြည့်တွင်မှောင်ရိပ်ထဲမှလူတစ်စုသည် လက်နက်ကိုယ်စီ

နှင့်ရှတ်တရက်ဘွားခနဲပေါ်လာပြီး ဦးပဥ္စင်းကိုလက်နှိပ်ဓာတ်မီးနှင့်ဝိုင်းထိုးထားပြီး သေနတ်များဖြင့်ချိန်ထားကြပါသည်။

ဦးပဥ္စင်းသည် အတော်ပင်ကြောက်လန့်တုန်လှုပ်သွားမိပါသည်၊ ဦးပဥ္စင်းကို ဝိုင်းထားသောသူများကို မျက်လွှာလှန်၍ကြည့်မိရာ ဦးပဥ္စင်းနှင့်ရင်းနှီးသော ကရင်စစ်ဗိုလ်လေးစောမူဒီအုန်းသည် သူ့တွင်ပါလာသောခြောက်လုံးပြူးသေနတ်ဖြင့်ချိန်ရင်းစူးစူးစိုက်စိုက်ကြည့်ရှုအကဲခတ်နေသည်ကိုတွေ့ရပါသည်။

"ကိုယ်တော်. . . ဒီမှာကွန်မြူနစ်သူလျှိုဗိုလ်လှသောင်းနှင့်ချိန်းတွေ့ဖို့လာတာမဟုတ်လား"

ဟု သူကတိုက်ရိုက်ပင်မေးပါသည်။

ဦးပဥ္စင်းမှာ သူကသတင်းအတိအကျရထားပြီး တိုက်ရိုက်မေးလိုက်၍ အံ့အားသင့်သွားမိပါသည်၊ တစ်ယောက်ယောက်ကချောက်တွန်းသတင်းပို့ပြီးဆိုသည်ကိုလည်း သတိထားမိလိုက်ပါသည်၊ သို့သော် ဟန်မပျက်တည်ငြိမ်စွာပင် ပုတီးကိုရှေ့ထုတ်ပြပြီး

"ဒီမှာတွေ့တယ်မဟုတ်လားပုတီး ဦးပဥ္စင်း ဒီမှာ အမြဲလာပြီးတရားထိုင်ပုတီးစိပ်ပါတယ်"

ဦးပဥ္စင်းက ထိုသို့ပြောပြီး မျက်စိစုံမှိတ်ကာ သူတို့ကြားကနေတိုးထွက်လာခဲ့ပါသည်။

"ဗုဒ္ဓဘာသာနှင့်ကွန်မြူနစ်ဝါဒက တဖောင်းစေးနှင့်မျက်ချေးပဲကွ၊ သတင်းပေးထားဟာမဖြစ်နိုင်ပါဘူး၊ ပုဂ္ဂိုလ်ရေးမနာလိုလို့ချောက်တွန်းတာဖြစ်မှာပါ "

ကရင်စစ်ဗိုလ်လေးအသံကိုသာ ဦးပဥ္စင်းကြားလိုက်ရပြီး သူတို့တစ်တွေပြန်လည်ထွက်ခွာသွားကြပါသည်။

ကျွန်ုပ်ကျောင်းပေါ်သို့ပြန်ရောက်သောအခါ ဦးပဥ္စင်းကြီးကိုမတွေ့ရ၍ ကပ္ပိယကြီးကိုနိုးပြီးမေးကြည့်ပါသည်၊ ကပ္ပိယကြီးက သူလည်းမသိဟုဆိုပါသည်။

နောက်တော့ ဦးပဥ္စင်းကြီးက ချောက်ချသတင်းပို့ကြောင်းသိရပါသည်၊ ဦးပဥ္စင်းကြီးလည်း ထိုကိစ္စဖြစ်ပြီးနောက် ကျောင်းတွင်မနေရဲတော့ဘဲ လူထွက်သွားပြီးသမီးအိမ်တွင်သွားနေပါသည်။

(ဗမာတပ်မတော်က ဖြူးမြို့သို့သိမ်းပိုက်မည့်နေ့ညအကြိုတွင် ဦးပဥ္စင်းကြီးမိသားစုသည် နာမည်ကြီးလှသောကရင်သူပုန်တို့၏ဖြူးလူသတ်ပွဲ၌ပါဝင်အသတ်ခံသွားရပါသည်။

ဗိုလ်လှသောင်းသည် နောက်တွက်လက်နက်ချအလင်းဝင်လာပြီး မိဘတို့၏ရိုးရာ ကုန်သည်အလုပ်ကိုသာ လုပ်ကိုင်စားသောက်နေပါသည်။

နောက်မှသူအလင်းဝင်လာ၍ ထိုညကိစ္စကို သူ့အားမေးကြည့်ရသည်၊ လာတော့လာသည်၊ လမ်းတစ်ဝက်ရောက်မှ

လူတစ်ယောက်ရှေ့ကပေါ်လာပြီး ဗိုလ်လေးရှေ့ဆက်မသွားနှင့်၊ ဆက်သွားရင်သေလိမ့်မယ်၊ ကျွန်ုပ်နောက်လိုက်ခဲ့ပါ ဟုခေါ်ပြီး ဇီးခင်ရွာဘက်သို့ခေါ်သွား၍ သူနောက်လိုက်သွားမိသည်။

ဇီးခင်းရွာသူကြီးအိမ်သို့ရောက်သောအခါ သူကြီးကိုနိုးပြီး "သူကြီး ဒီညဗိုလ်လေးဗိုလ်လှသောင်းပြန်ဖို့အချိန်မရလို့ သူကြီး အိမ်မှာအိပ်လိမ့်မယ်၊ နံနက်ကျမှပြန်မယ်" လို့ပြောဆိုအပ်နှံပြီး ပြန်ထွက်သွားပါသည်။

ဗိုလ်လှသောင်းသည် လာစဉ်ကလည်း စိတ်ကခပ်လေးလေး၊ ယခု လမ်းမှာလူတစ်ယောက်ကအမှတ်မထင်ပေါ်လာပြီး ခေါ်လာသည်ကိုလိုက်လာမိသည်၊ စိတ်ထဲတွင် သံသယဝင်ကာ စနိုးစနောင့်ဖြစ်နေမိသည်၊ ဇီးခင်၊ ခင်ရှည်၊ ချင်းခင်ရွာများမှာ မိမိတို့စည်းရုံးရေးနယ်မြေဒေသများဖြစ်၍ အန္တရာယ်မရှိပါ၊ ထိုပုဂ္ဂိုလ်ကိုစိတ်ဝင်စားပြီး သူကြီးကိုအဲဒီလူကိုသိသလား ဟုမေးမိပါသည်။

သူကြီးက သူလည်းမသိကြောင်း၊ သူ့ရွာသားလည်း မဟုတ်ကြောင်း၊ ဗိုလ်လေးရဲ့တပည့်လို့ ကျွန်တော်ကအောက်မေ့နေကြောင်းပြန်လည်ရှင်းပြသည်။

ဗိုလ်လှသောင်းသည် သူ့ကိုခေါ်လာသူကိုစဉ်းစားရင်း အိပ်ပျော်သွားမိခဲ့သည်၊ နောက်တစ်နေ့ မြသိန်းတန်ရှိတောင်ပေါ် စခန်းသို့ပြန်လာခဲ့ရသည်ဟု ရှင်းပြပါသည်။

ဦးပဍ္ဍင်းသည် ထိုနေ့ကအဖြစ်အပျက်ဖြစ်ပြီးနောက် ဗိုလ်လှသောင်းနှင့်တစ်ခါမျှထပ်မတွေ့ရပါ၊ ဗိုလ်ဇေယျနောက်သို့ တကောက်ကောက်ပါနေရ၍ မလာနိုင်ကြောင်းသိရပါသည်၊ ယခု အလင်းဝင်လာမှပင် သူနှင့်တွေ့ရပြီး ထိုညမလာဖြစ်သောအဖြစ်အပျက်ကိုမေးရပါသည်။

ဦးပဍ္ဍင်းယုံကြည်မိသည်မှာ ဦးပဍ္ဍင်း၏ အဋ္ဌာနမေတံ ဂါထာပုတီးစိပ်ရအကျိုး၊ ဓာရဏပရိတ်တန်ခိုးတော်ကြောင့် တစ်စုံတစ်ယောက်သော ရုက္ခစိုးနတ်၊ ဘုမ္မစိုးနတ်များက ဦးပဍ္ဍင်း၌ အန္တရာယ်တွေ့မည်ကိုသိ၍ ဗိုလ်လှသောင်းကိုမလာနိုင်အောင် ကြိုတင်ကာကွယ်ပေးသွားသည် ဟုယုံကြည်မိပါသည်။

ထိုအချိန်ထိုကာလက ဦးပဍ္ဍင်းသည် ဗိုလ်လှသောင်းကို ချိန်းထားသည်မှာလည်းအမှန်ပင်ဖြစ်ပါသည်၊ ထိုအချိန်ကသာ ဗိုလ်လှသောင်းနှင့်ဦးပဍ္ဍင်းတို့ပက်ပင်းမိပါလျှင် နှစ်ဦးစလုံးဘဝသည် တွေးဝံ့စရာမရှိ၊ သေဖို့လမ်းသာရှိပါသည်။

ယခုသော် ဦးပဍ္ဍင်း၏ပရိတ်၊ ဂါထာတန်ခိုးကြောင့် နတ်ကောင်းနတ်မြတ်များ၏စောင့်ရှောက်မှုကိုခံရပြီး အကာလမရဏဘေးမှလွတ်မြောက်ခဲ့ရပါသည်။

(မန္တလေးမြို့၊ မြင်းဝန်တိုင်၊ ဖြူးကျောင်းဆရာတော် အရှင်အာဒိစ္စ၏ပြောပြချက်ကို မှတ်တမ်းတင်ရေးအပ်ပါသည်)

## ဂျာစောင့်နတ်၊ မိခင်မေတ္တာ၊ ရတနာသုံးပါးဂုဏ်ကျေးဇူးကြောင့် အကာလမရဏာသေဘေးမှလွတ်ခဲ့ရခြင်း

၁၉၄၉-ခုနှစ်၊ မြန်မာပြည်ကွန်မြူနစ်တို့တောခိုသောအခါ ကျွန်တော်တို့၏ဆရာသမားများဖြစ်ကြသော သခင်ဒေါင်းနှင့်ကျွန်တော်တို့၏အနီးကပ်ကျောင်းသားခေါင်းဆောင်ကိုမြ(ရဲဘော်မြ) တို့သည် တောခိုရာသို့သခင်သန်းဖေ၏အမိန့်အရ တောခိုထွက်သွားကြသည်၊ သူတို့တောခိုသော် ကျွန်တော်တို့သည်လည်း တကောက်ကောက်နှင့်ပါသွားရပါတော့သည်။

ကျွန်တော်တို့သည် နိုင်ငံရေးသဘောအရ အတိအကျနားလည်ကြသူများမဟုတ်ကြပါ၊ သို့သော် ကျွန်တော်တို့နယ်၌ လယ်ကေများစွာပိုင်ဆိုင်ပြီး ကျွန်တော်တို့မြန်မာမိန်းကလေးများကိုမယားအဖြစ်သိမ်းပိုက်ယူထားသောလယ်ပိုင်ရှင်ချစ်တီးကုလားများထံမှ လယ်ယာများစွာကို ကွန်မြူနစ်များကသိမ်းပိုက်ပြီး လယ်လုပ်သူလယ်ပိုင်ရေးဝေခြမ်းပေးမှု၊ ချစ်တီးကုလားများကိုမောင်းထုတ်ပေးမှုတို့ကြောင့် ကျွန်တော်တို့သည် ကွန်မြူနစ်ကိုသဘောကျလက်ခံခဲ့ပါသည်၊ တစ်ဖန် ကွန်မြူနစ်တို့၏လောကနိဗ္ဗာန်ဟူသောဝေါဟာရနှင့်မြန်မာလူမျိုးများ သူ့ကျွန်လက်အောက်က လွတ်မြောက်ပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးကိုယ့်စီးပွားကိုယ်ကြီးပွားအောင်လုပ်နိုင်တော့မည်ဟူသော အတွေးအခေါ်အယူအဆများ

ရိုက်သွင်းခံထားရ၍ ကျွန်တော်တို့သူငယ်ချင်းများတစ်တွေသည် အကိုမြ(ရဲဘော်မြ)၏စည်းရုံးရေးနောက်သို့ ကောက်ခါငင်ကာ သွားရပါတော့သည်။

ကျွန်တော်တောခိုတော့မည်ဟုဆိုသောအခါ မုဆိုးမ အမေသည် မျက်ရည်စက်လက်နှင့်ဖြစ်နေရပါသည်၊ ကျောင်း အတန်းကလည်း ကျောင်းထွက်ရ (H.S.F) စာမေးပွဲဖြေမည့် ဆဲဆဲဖြစ်ပါသည်။

မိခင်ကြီးက စာမေးပွဲဖြေပြီးမှသွားရန် နောက်ဆုံးတောင်း ပန်၍ကျွန်တော်စာမေးပွဲဖြေဆိုပေးခဲ့ပါသည်၊ တောမခိုရန်ကို တော့ အမေဘယ်လိုမှတားမရခဲ့ပါ။ သို့အတွက် မိခင်ကြီးက ကျွန် တော်ကိုတားမရမှန်းသိသောအခါ မိဘကိုရှိခိုးအိပ်ရန်နှင့်သရဏ ဂုံသုံးပါးနှင့်ပဋ္ဌာန်း(၂၄)ပစ္စည်းချရွတ်ဖတ်ပြီးမှအိပ်ရန်မှာကြားပါ သည်၊ ဤကဲ့သို့ပြုလုပ်၍အိပ်ပါမည်ဆိုသည်ကိုလည်း ကတိက ဝတ်တောင်းခံခဲ့ပါသည်။

ကျွန်တော်သည် ကွန်မြူနစ်ဝါဒသာလက်ခံသည်၊ မိရိုး ဖလာဗုဒ္ဓဘာသာကိုမူ မစွန့်လွှတ်ဘဲလက်ခံခဲ့ပါသည်၊ ကျွန်တော် အလားတူ သူငယ်ချင်းများလည်းဘာသာကိုမစွန့်ပယ်ကြပါ၊ နိုင်ငံ ရေးဝါဒကျင့်စဉ်အပေါ် ဉာဏ်သာကျင့်သုံးလုပ်ကိုင်ခဲ့ကြပါသည်။

ကျွန်တော်သည် မိဘစကားကိုနားထောင်သောအားဖြင့် အိပ်ရာဝင်တိုင်း ဘုရားရှိခိုး၊ သရဏဂုံရွတ်ပြီး သမ္ဗုဒ္ဓေဂါထာကို လည်းရွတ်ဖတ်ပါသည်။

ကျွန်တော်တို့တောသို့ရောက်ပြီးသောအခါ စစ်တောင်း မြစ်ကမ်းဘေးရှိအုတ်ဖြုတ်ရွာတွင် စခန်းချရသည်၊ ထိုမှာပင် ကျွန် တော်တို့စစ်တပ်ဖွဲ့ပေးပြီး စစ်ပညာသင်ကြားရသည်။

စစ်ပညာသင်ကြားပြီး၍ တပ်များဖွဲ့စည်းသောအခါ ကျွန် တော်သည် တစ်ဖက်ကပညာတတ်ကလေးဖြစ်နေ၍ ဗိုလ်ကလေး ရာထူးပေးခံရပါသည်၊ ကျွန်တော်တပ်သည် ကွန်မြူနစ်ရုံးဌာန များရှိသော မုံးမြို့နှင့်ကန်နားဘန်လောင်းကျော်လှကြီးစသော ရွာများသို့ လူကြီးများသွားရောက်သောအခါ လုံခြုံရေးကိုလိုက်ပါ ဆောင်ရွက်ပေးရပါသည်။

တစ်နေ့ ကျွန်တော်တို့အုတ်ဖြုတ်ရွာဌာနချုပ်သို့ပြန်ရောက် သည်တွင် ဖြူးမြို့ရှိအစိုးရတပ်က ချီတက်လာပြီး ရုတ်တရက်ဝင် တိုက်ပါသည်၊ ကျွန်တော်တို့ကစနစ်တကျခုခံတိုက်ခိုက်ခဲ့ရာ အစိုး ရတပ်နောက်ဆုတ်ပြီး ဝဲကြီးရွာဘက်သို့ဆုတ်ခွာသွားပါသည်။

ကျွန်တော်တို့သည် တိုက်ပွဲအောင်ပွဲရလာပြီး ညနေခင်း အောင်ပွဲခံရန်ချက်ပြုတ်ပြင်ဆင်နေစဉ်မှာပင် အစိုးရတပ်က ဖြူး ချောင်းစစ်တောင်းမြစ်မှလှေများနှင့် ရုတ်တရက်အလစ်ဝင်တိုက်

ရာ ကျွန်တော်တို့မှာ မရှုမလှခံရပြီး လက်လွတ်ထွက်ပြေးရသည့် အဆင့်ရောက်သွားပါသည်။

ကျွန်တော်၊ ဗိုလ်အောင်ထူး၊ ဗိုလ်နေဝင်း၊ ဗိုလ်လရောင် တို့သည် ဘရင်ဂန်းကိုင်ဆောင်ထားသောတပ်ကြပ်ကြီးမြသောင်း နှင့်တပ်စိတ်တစ်စိတ်၏အကူအညီဖြင့် စစ်တောင်းမြစ်ကိုဖြတ်ကူး ပြေးရန်စီမံပြီး ခုခံပစ်ခတ်ရင်းဆုတ်ခဲ့ကြပါသည်။

ထိုအချိန်တုန်းက ကျွန်တော်တို့သည် အစိုးရတပ်က စစ်တောင်းမြစ်ဘက်ကဝင်လာသည်ကိုမသိပါ၊ အုတ်ဖြတ်ရွာကြီး သည် အနောက်ဘက်ကဖြူးချောင်း၊ မြောက်ဘက် အရှေ့ဘက် က စစ်တောင်းမြစ်ဝိုင်းရံပတ်ထားသောရွာကြီးဖြစ်ပါသည်။

ကျွန်တော်တို့၏အဆုတ်ကိုစစ်တောင်းမြစ်ဘက်က တက်လာသောအစိုးရတပ်က ဆီးကြိုပစ်ခတ်တိုက်ခိုက်ရာ ဗိုလ် အောင်ထူးမှာထိုနေရာတွင်ကျဆုံးသွားပါသည်၊ ဗိုလ်နေဝင်းနှင့် ဗိုလ်လရောင်တို့ကတစ်ကွဲ၊ ကျွန်တော်နှင့်ဘရင်ဂန်းကိုင်ရဲဘော်မြ သောင်းကတစ်ကွဲ ပြေးမိပြေးရာပြေးခဲ့ကြပါသည်။

အုတ်ဖြတ်ရွာလယ်ဘုရားကလေးအရောက်တွင် ဘုရား တံတိုင်းကာဘာကောင်းနေ၍ ရဲဘော်မြသောင်းက ဘရင်ဂန်းနှင့် ပြန်လည်ခုခံပစ်ရန် အုတ်တံတိုင်းလေးပေါ် ဘရင်းဂန်တင်ပြီး ပစ်ပါသည်၊ ဘရင်းဂန်ဂျမ်းဖြစ်သွားသလားမသိ၊ လုံးဝမပစ်ရ

တော့ပါ။ ဒီဘက်ကဘရင်းဂန်းပစ်မရမှန်းသိသောအခါ အစိုးရတပ်က တအားပစ်ဝင်လာပါတော့သည်၊ ရဲဘော်မြသောင်းသည် ထိုနေရာမှာပင် ကျည်သင့်ပြီးကျဆုံးသွားပါတော့သည်။

ကျွန်တော်သည် ဘုရားခြေရင်းမှတစ်ဖက်သို့လှိမ့်ဆင်းပြီး ခြံတစ်ခုထဲသို့လှိမ့်ဝင်ရပါသည်၊ တစ်ဘက်ကအစိုးရတပ်ကလည်း ညှပ်ပူးညှပ်ပိတ်တိုက်ပြီး ကျွန်တော်တို့ကို အပြတ်ရှင်းလင်းတိုက်ခိုက်နေပါသည်။

ကျွန်တော်သည် သေဘေးနှင့်ရင်ဆိုင်တွေ့လာရသောအခါ မိခင်ကြီးကိုသတိရလာမိပါသည်၊ မိခင်ပြောပြခဲ့သော ကတိခံခဲ့သော ရတနာသုံးပါးဂုဏ်နှင့်သမ္ဗုဒ္ဓေဂါထာကိုသတိရမိပါသည် နှုတ်ကလည်း တဖွဖွရွတ်ဆိုမိပြီး တစ်လှိမ့်ချင်းလှိမ့်ပြီး ခြံထဲရောက်အောင်ဝင်ရပါသည်။

ကံအားလျော်စွာပင် ကျွန်တော်ဝင်မိသောခြံမှာ စစ်တောင်းမြစ်ဘေးခြံဖြစ်နေ၍ ထိုခြံမှတပ်စီးသစ်ပင်ကိုဖြဲခွာပြီး စစ်တောင်းမြစ်ကမ်းသို့လှိမ့်ဆင်းရပါသည်။

မူလက စစ်တောင်းမြစ်သည် ရေမပြည့်ပါ၊ ယခုရေပြည့်နေသည်မှာထူးဆန်းသလိုဖြစ်နေရပါသည်၊ စစ်တောင်းမြစ်ကိုဖြတ်ကျော်ရန်မှာလုံးဝမဖြစ်နိုင်တော့ပါ၊ ကမ်းနားနေရာအတော်များများ၌ ကျွန်တော်တို့ဘက်မှရဲဘော်များ ကြောက်အားလန့်အားနှင့်ရေထဲခုန်ချထွက်ပြေးနေသည်ကိုလည်းတွေ့ရပါသည်၊

မည်သို့မျှအကူအညီမပါဘဲ ရေထဲခုန်ချကြ၊ ရေမကူးတတ်ကြ၍ ရေနစ်သေကြရပါသည်၊ ကျွန်တော်သည်လည်း ရေမကူးတတ်ပါ။

အုတ်ဖြုတ်ရွာနတ်ကြီးစင် အလွန်ပင်တန်ခိုးကြီးသည်၊ မဟုတ်မဟတ်လုပ်က ချက်ချင်းတန်ခိုးပြဆုံးမတတ်သည် ဟု နာမည်ကြီးပါသည်၊ ယနေ့ ကျွန်တော်တို့ခံရခြင်း၊ စစ်တောင်းမြစ်နှင့်ဖြူးချောင်းချက်ချင်းရေကြီးခြင်းသည် ကျွန်တော်တို့ထဲက လူကြီးတစ်ယောက်က နတ်ကိုမယုံ၊ ဘာသာတရားမယုံကြည်သူ ပီပီ ပထမအောင်ပွဲကအပြန် နတ်စင်၌တွေ့ရသောနတ်ပူဇော်ထားသောငွေများ၊ ပစ္စည်းများကိုယူလာပြီး နတ်ရုပ်များ၊ နတ်ပန်းအိုးများကိုရိုက်ခွဲစော်ကားခဲ့၍ အုတ်ဖြုတ်နတ်ကြီးက လူယောင်ဖန်ဆင်းပြီး ဝဲကြီးရွာရောက်ဆုတ်ခွာသွားသောအစိုးရတပ်ကိုဘယ်လိုတိုက်-ဘယ်လိုတိုက် ဟုအကြံပေးခဲ့သောကြောင့် အစိုးရတပ်က အားချင်းပြန်တိုက်ခြင်း၊ ကလဲ့စားချေခြင်းဖြစ်သည် ဟု ဆိုစမှတ်ပြုကြပါသည်။

နတ်ကလဲ့စားချေသည်-မချေသည်ကတော့ အတိအကျ မသိရပါ၊ ကျွန်တော်တို့တစ်တွေမှာတော့ အလူးအလဲခံရပြီး ခွေးသေ၊ ဝက်သေနှင့်သေကြရပါသည်။

ကျွန်တော်သည် ကမ်းပေါ်မှပစ်ခတ်သံများ၊ အော်ဟစ်သံများ၊ ရေထဲခုန်ချသံများကိုကြားနေရပြီး တဆတ်ဆတ်တုန်လှုပ်ကြောက်နေမိပါသည်။

ထိုခဏမှာပင် မိခင်ကိုလည်းအကြိမ်ကြိမ်တမ်းတ,မိပြီး သရဏဂုံကိုအမြဲမပြတ်ရွတ်နေမိပါသည်၊ ထိုသို့ရွတ်နေရင်းပင် အာရုံထဲ၌ အုတ်ဖြုတ်နတ်ကြီးစင်မှ နတ်ကြီးကိုသတိရမိပါသည်။

"အရှင်ကြီး . . ကျွန်ုပ်သည် အရှင်ကြီးကိုရိုသေလေးစားအားကိုးပါ၏၊ ကျွန်ုပ်သည် မိခင်ကြီးကိုမမြင်မတွေ့ရဘဲမသေလိုပါ၊ မိခင်ကြီးမှာကြားခဲ့သောရတနာသုံးပါးဂုဏ်ကိုလည်း အမြဲရွတ်ပါသည်၊ ဤသစ္စာမှန်ကန်ပါက အရှင်နတ်မင်းကြီး ကျွန်ုပ်ကိုသေဘေးမှလွတ်ကင်းအောင်ကယ်ပေးပါခင်ဗျာ"

ဟုတမ်းတရွတ်ဆိုမိသည်။

ထိုအချိန်မှာပင် ကျည်ဆံတစ်တောင့်နှစ်တောင့်က ကျွန်တော့်အပေါ်ကဖြတ်ဝဲသွားပါသည်၊ ကျွန်တော်သည်လည်း ဤမြစ်ထဲသို့ခုန်ချခြင်းမှတစ်ပါး အခြားပြေးစရာလမ်းမရှိတော့ပါ၊ အစိုးရစစ်သားကလည်း ကျွန်တော်၏ကွန်မြူနစ်ယူနီဖောင်းစစ်ဝတ်စုံကိုမြင်တွေ့ပါက ရန်သူဟုဆိုကာ အသေပစ်သတ်တော့မှာ ဧကန်မလွဲပါ။

နောက်ဆုံး ကျွန်တော်သည် သေခြင်းအတူတူ သွေးရဲရဲသံရဲရဲနှင့်နာကျင်ခံရပြီး မသေလိုတော့ပါ၊ ရေထဲနစ်ပြီးသေရသည်က ပိုမိုကောင်းမည်ဟုဆုံးဖြတ်ပြီး မိခင်ကိုနောက်ဆုံးကန်တော့သည်၊ ရတနာသုံးပါးကိုအာရုံပြုရှိခိုးပြီး ရေထဲသို့မျက်စိမှိတ်ခုန်ချလိုက်မိပါသည်။

အရှိန်နှင့်ခုန်ချလိုက်၍ အောက်သို့ရောက်သွားပြီးတစ်ဖန်ဘွားခနဲလက်ကားယား ခြေကားယားနှင့်ပြန်ပေါ်လာပါသည်၊ ကျွန်တော်လက်သည် မမျှော်လင့်ဘဲအရာဝတ္ထုတစ်ခုကိုစမ်းမိသွားပါသည်၊ ရေစီးထဲမျောလာသောသစ်သားတုံးလေးတစ်တုံးဖြစ်ပါသည်။

ရေနစ်သူသည် ကောက်ရိုးပင်ကိုပင်အားကိုးတကြီးဆွဲကိုင်မိသည့်ဆိုသည့်စကားပမာ ကျွန်တော်သည်ထိုသစ်တုံးကိုအားပါးတရပွေ့ဖက်ထားမိပါသည်၊ ကမ်းပေါ်မှ အစိုးရစစ်သားက ကျွန်တော့်ကိုသေနတ်နှင့်လှမ်းပစ်ပါသည်၊ သစ်သားတုံးကိုမှန်၍ သစ်သားဖွာထွက်ပြီး တုံးကြီးချာလည်ပတ်လည်လည်၍ကျွန်တော်သည် ငါးပုံ့တလှည့်၊ ဗုံလုံတစ်လှည့်ပမာ ရေ၏အောက်သို့ရောက်လိုက်၊ တုံးပေါ်ရောက်လိုက်ဖြစ်ပြီး ဆက်မျောသွားပါသည်။

အစိုးရတပ်စစ်သားက ဆက်ပစ်နေသော်လည်း ကျည်ဆံကမထိတော့ပါ။ ကျွန်တော်သည် တုံးနှင့်အတူမျောပါသွားရပါသည်၊ ဤတုံးကမလွတ်သမျှ ငါ့အသက်မသေတော့ဟူ၍လည်းယုံကြည်စိတ်ဝင်သွားပါသည်။

သို့သော် အုတ်ဖြတ်နတ်မင်းကြီးက ဤသစ်တုံးကိုပို့ပေးသည်ဟုယုံကြည်မိပြီး နတ်ကြီးကိုလည်းရှိခိုးမေတ္တာပို့မိပါသည်၊ မိခင်ကိုတမ်းတပြီး ရတနာသုံးပါးနှင့်သမ္ဗုဒ္ဓေဂါထာကိုမပြတ်ရွတ်ဖတ်ပြီး မျောပါလိုက်ခဲ့ပါသည်။

သစ်တုံးမျော၍အတော်ကလေးရောက်သောအခါ ကျွန်တော်သည်သစ်တုံးကိုကမ်းဘက်သို့ရောက်အောင် တဖြေးဖြေးတွန်းပြီးကူးရပါသည်၊ မကြာခင်ကမ်းနားရောက်ပြီး သစ်တုံးသည်လူတစ်ဦးတစ်ယောက်က ထိုးတင်ပေးလိုက်သကဲ့သို့ ကမ်းနဖူးသို့ဆိုက်ကပ်တင်သွားပါသည်။

ထိုအခါကျမှ ကျွန်တော်သည်လက်ကိုသစ်တုံးမှဖြုတ်ပြီးကမ်းစပ်၌ညွှန်တွင်လှဲချပစ်လိုက်မိပါသည်။

အတော်ကလေးအမောပြေ၊ အကြောက်ပြေသွားသောအခါ ကျွန်တော်သည်ပတ်ဝန်းကျင်ကိုလေ့လာအကဲခတ်ပြီး မြစ်ရိုးအတိုင်း ခြေကျင်လျှောက်ခဲ့ပြီး သကြားဟင်းအိုးရွာသို့ရောက်အောင်သွားပြီး ထိုရွာမှာပင်တစ်ပတ်ခန့်အနားယူနေရပါသည်။

ထို့နောက် မထင်မရှားဘဝဖြင့် ဖြူးသို့ပြန်လာခဲ့ရပါသည်၊ ကွန်မြူနစ်တပ်ကတော့ ကျွန်တော့်ကိုလည်းအခြားရဲဘော်များသေသလိုသေသွားပြီးဟုထင်မှတ်ထားကြ၍ အထွေအထူးမရှာကြဟုသိရပါသည်။

အစိုးရတပ်သည်တစ်ဆုတ်တည်းဆုတ်ခွာရတော့ရာကျွန်တော့်မှာတောသို့ပြေး၍လည်းမဖြစ်တော့သဖြင့် အစိုးရတပ်နှင့်အတူဆုတ်ခွာရာလိုက်ခဲ့ပြီး ရန်ကုန်အရောက်လာခဲ့ရပါသည်။

စစ်နှင့်နိုင်ငံရေးကိုစိတ်နာသလိုဖြစ်ခဲ့၍ သရက်တောကျောင်းတိုက်အသိဘုန်းကြီးထံကပ်နေပြီး တစ်ဖက်ကထမင်း

ဆိုင်စားပွဲထိုးလုပ်၊ တစ်ဖက်က ကျောင်းတက်ပညာဆက်သင်ခဲ့ရပါသည်။

၁၉၅၀-ခုနှစ်၊ အစိုးရက ထိုးစစ်ဆင်၍ပြန်လည်တိုက်ခိုက်သောအခါ ကျွန်တော်၏မိခင်နှင့်နှမတို့သည် ဖြူးလူသတ်ပွဲ၌ ပါဝင်အသတ်ခံခဲ့ရပါသည်။

ကျွန်တော့်ဘဝသည် ဖြူးမြို့နယ်၊ အုတ်ဖြတ်တိုက်ပွဲ၌ သေဘေးမှလွတ်ခဲ့ရသည်မှာ အုတ်ဖြတ်နတ်ကြီး၏ကူညီမှုနှင့် မိခင်မေတ္တာ၊ ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကြောင့် အကာလမရဏဘေးမှလွတ်ခဲ့ရသည်ဟု ယုံကြည်နေမိခဲ့ပါသည်။

(အ. မ. က(၁၈)၊ မြောက်ဥက္ကလာပမှ ကျောင်းဆရာဦးတင်ရွှေ၏ပြောပြချက်ကို ပြန်လည်ရေးသားတင်ပြပါသည်)

## မဟာသရဏဂုံနှင့်သေဘေးမှလွတ်ခဲ့ရပုံ

ကျွန်တော့်ဘဝကို စဉ်းစားလိုက်တိုင်း အတိတ်သမိုင်းဘဝဖြစ်ရပ်များသည် ရယ်စရာကောင်းသလိုလို ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသလိုလို သံဝေဂရဖွယ်ကောင်းသလိုလိုဘဝများဖြစ်ခဲ့ရပါသည်။

ကျွန်တော်ဘဝဖြစ်စဉ်သည် မိဘဆိုရိုးစကား ကုန်သည်မျိုးရိုးဘုရားဒါယကာ၊ ကျောင်းဒါယကာ၊ ရဟန်းမယ်တော်၊

ခမည်းတော်မျိုးရိုး၊ တစ်မိပေါက်တစ်ယောက်ထွန်း အစ်မနှစ်ယောက်အောက်ဝယ် သားက ကျွန်တော်တစ်ယောက်တည်း။

မိဘတွေကဖူးဖူးမှုတ်ထားသောသားတစ်ယောက်၊ အစ်မတွေက တယုတယနှင့်ရှိလွန်းလှ၍ ဘေးက ဒီကလေးတော့ကြာရင် မိန်းမရှာဖြစ်တော့မှာဘဲ ဟုထင်မြင်ပေးခံရသည့်အထိ အစ်မတွေ၏ပြုစုယုယမှုကိုခံရသော ကျွန်တော်။

ကျွန်တော်တက္ကသိုလ်ရောက်သော် အလွန်တစ်ရာချစ်ခင်လှသောသူငယ်ချင်းသဖွယ် အစ်ကိုကြီးသဖွယ်ရှိသော အစ်ကိုကြီးကိုလှမောင်(နောင်တွင် ရှမ်းပြည်နယ် မြောက်ပိုင်း၌ ကျဆုံးခဲ့ရသော ဗိုလ်ကြီးလှမောင်)၏အဆွယ်ကောင်းမှုကြောင့် တက္ကသိုလ်အရန် တပ်ရင်းတွင်ပါဝင်ခဲ့ရသည်။

တက္ကသိုလ်မှဘွဲ့ရပြီးနောက် တပ်မတော်ထဲသို့ရောက်ခဲ့ရသည်၊ သေမည့်နှစ်မှစစ်ထဲလိုက်ရသည်ဆိုသကဲ့သို့ ကျွန်တော့်ဘဝတွင် ကျွန်တော်ဗိုလ်သင်တန်းဆင်းပြီး မကြာခင်ပင် နာမည်ကျော်ကွမ်းလုံ ၄၅-ရက်တိုက်ပွဲများသို့ဝင်ရောက်တိုက်ခိုက်ရပါတော့သည်။

တပ်မတော်သို့ဝင်စဉ်က မိဘနှင့်အစ်မများကသဘောမတူကြ၊ အပြင်းအထန်ကန့်ကွက်ကြသည်၊ မဝင်ရန်အမျိုးမျိုးချော့မော့ပြောကြသည်။

သို့သော် အစ်ကိုကြီးလှမောင်၏စည်းရုံးဟောပြောမှုကြောင့် နောက်ဆုံးတွင် မိဘ၊ အစ်မတို့သည်သဘောတူခွင့်ပြုကြရသည်၊ ခွင့်ပြုရုံတွင်မက အစ်မငယ်သည်ပင် အစ်ကိုကြီးကိုလှမောင်နှင့်အိမ်ထောင်ကျကာ ဗိုလ်ကတော်ဖြစ်ခဲ့ရပြီး ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊ ရဟန်းဒါယကာဖြစ်ကြသော အဖေအမေတို့သည် စစ်ဗိုလ်မိဘ၊ စစ်ဗိုလ်ယောက္ခမဘဝသို့ ရောက်ရှိရပါတော့သည်။

မေမေသည် သားကိုချစ်သောဇော၊ သမီးနှင့်ပတ်သက်သောသမက်ကိုချစ်သောဇောဖြင့် သားနှင့်သမက်ကိုရတနာသုံးပါးမမေ့ရန် သမ္ဗုဒ္ဓေဂါထာနှင့်ဓာရဏပရိတ်ရွတ်ရန်၊ နောက်ဆုံးမိမိအိပ်ရာဝင်တိုင်း လယ်တီဆရာတော်ကြီး၏မဟာသရဏဂုံဂါထာကြီးရွတ်ရန် အမြဲသတိပေးပါသည်။

သို့သော် ကျွန်တော်ရော၊ အစ်ကိုကြီးကိုလှမောင်ပါ မိဘကိုရိုသေသောအားဖြင့် ဟုတ်ကဲ့ပါ၊ ရွတ်ပါမည် ဟုဝန်ခံကြပြီး မိဘကွယ်ရာတွင်ပျော်သလိုနေ၊ ပျော်သလိုသောက်ပြီး ခပ်ပျော်ပျော်ပင် တိုင်းပြည်တာဝန်ကိုထမ်းဆောင်ပြီး တိုင်းပြည်အဖျက်ရန်များကို သတ္တိရှိစွာရဲဝံ့စွန့်စားစွာဖြင့်တိုက်ခိုက်ချေမှုန်းခဲ့ပါသည်။

ကွမ်းလုံတိုက်ပွဲတွင် ကျွန်တော်တို့တပ်မတော်သည် ရန်သူနှင့်ဘတစ်ပြန် ကျားတစ်ပြန်တိုက်ရပါသည်။

နေ့မြင်-ညပျောက်၊ ညမြင်-နေ့ပျောက်ဟုရားသဘော များသည် ထိုတိုက်ပွဲများဖြစ်ပွားစဉ်ကာလအတွင်း အလွန်သံဝေဂ ကြီးစွာတွေ့ခဲ့ရပါသည်။

တိုင်းပြည်နှင့်လူမျိုးအတွက် စွန့်စားရခြင်းသည် မြင့်မြတ် သည်ကမှန်ပါသော်လည်း သေခြင်းတရားကိုနေ့စဉ်ကြုံတွေ့လာရ သောအခါ ဤတစ်သက်တွင်မိဘကိုသော်မှတွေ့ရပါဦးမလား ဟု စိုးရိမ်သောကစိတ်ဝင်လာမိပါသည်။

ထိုအချိန်ကျမှ မိဘကမှာလိုက်သော အန္တရာယ်ကင်း ဘေးရှင်းရန် မိဘကမှာလိုက်သောဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်များရွတ်ပွားရန်နှင့် မိဘကပေးလိုက်သောအန္တရာယ် ကင်း၊ မိခင်အထက်ဆင်စသည်တို့သည် မိမိဘဝအတွက်အရေးပါ အရာရောက်လာပါသည်။

ထိုကြားထဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ အစ်ကို လှမော် တစ်ယောက်ရှေ့တန်းတစ်နေရာ၌ တိုင်းပြည်အတွက် အသက်စွန့်သွားသည်ဟုသတင်းကြားရသောအခါ အစ်ကို လှမော်အတွက် ယူကြုံးမရဖြစ်ခဲ့ရသည်၊ အစ်မငယ်အတွက် လည်း ကြေကွဲဝမ်းနည်းမိရပါတော့သည်။

သို့သော် တိုင်းပြည်နှင့်လူမျိုးအတွက်ပေးအပ်သော တာဝန်က ကြေကွဲချိန်၊ ဝမ်းနည်းချိန်တွေကိုအချိန်ပေးနေ၍မရ၊

တိုင်းပြည်၏အန္တရာယ်ရန်စွယ်တွေကို ဆက်လက်ချေမှုန်းဖို့ရန် တာဝန်ကား စဉ်ဆက်မပြတ်ဖြစ်လာ၍ ဆက်လက်တိုက်ပွဲဝင်ရပြန်သည်။

ဘဲတစ်ပြန်-ကျားတစ်ပြန်တစ်သက်လုံးတိုက်ပွဲများတွင် ဘုရားစာရွတ်ရန်မှာ မည်သို့မျှသတိမရနိုင်တော့ပါ။

အစ်ကိုလှမော်တိုက်ပွဲကျဆုံးပြီးကတည်းက မိမိသည် မိဘပြောဆိုမှာခဲ့သော ဘုရားရှိခိုးမှုနှင့်မိဘများကိုကန်တော့မှုကို ညအိပ်ရာဝင်တိုင်း တိုက်ပွဲနားတိုင်း ကတုတ်ကျင်းရှေ့တန်းနေရာ၌ နေရာယူတိုင်း-ယူတိုင်း ရှိခိုးကန်တော့မိပါသည်။

ကျွန်တော်ဗိုလ်မှူးအဆင့်တွင် မဲသဝေါတိုက်ပွဲဝင်ရပါသည်၊ ထိုတိုက်ပွဲ၏နောက်ဆုံးအောင်ပွဲနေ့တွင် ကျွန်တော်သည် ရှေ့တန်း၌ အသက်ကြွေလုမတတ်ဒဏ်ရာပြင်းထန်စွာရခဲ့ရပါတော့သည်။

အချိန်မီနောက်တန်းပို့၍ အရေးပေါ်ပြုစုမှု၊ ထိုမှတစ်ဆင့် မင်္ဂလာဒုံသို့အားချင်းပို့ဆောင်မှုတို့ကြောင့် အသက်နှင့်ခန္ဓာအိုးစားမကွဲဘဲ ဆက်လက်ရှင်သန်နေခဲ့ရပါသည်။

မင်္ဂလာဒုံစစ်ဆေးရုံ၌တက်ရောက်ကုသနေစဉ်ကာလအတွင်းဝယ် မိဘများနှင့်အစ်မများက အမြဲစိုးရိမ်တကြီးနှင့်လာရောက်အားပေးပြီး ရတနာသုံးပါးမမေ့ရန်၊ လယ်တီဆရာတော်ကြီး၏မဟာသရဏဂုံဂါထာကိုရွတ်ဖတ်ရန် ပြောဆိုကြပါသည်။

တစ်နေ့တွင် ကျွန်တော့်အခန်းတာဝန်ကျသော ဆရာမထံတွင် ရွှေကြက်ပဲလှော်ကရိုက်နှိပ်လျှုဒါန်းသော မဟာသရဏဂုံဂါထာတော်ကြီးစာအုပ်လေးကို အမှတ်မထင်တွေ့မိ၍ ခဏတောင်းယူကာဖတ်မိလိုက်ပါသည်။

ပါဠိလိုရေးထား၍ အဓိပ္ပာယ်ကိုဘာမျှနားမလည်ပါ။ ပါဠိကိုလည်းမှန်ကန်အောင်မဖတ်တတ်၍ ရွတ်ရန်သိပ်စိတ်မဝင်စားပါ။

ဒဏ်ရာသက်သာလာ၍ လမ်းလျှောက်နိုင်သောအခါ ရွှေတိဂုံဘုရားကိုဖူးမြော်လိုသောစိတ်သည် တဖွားဖွားပေါ်လာမိပါသည်၊ သို့အတွက် သက်ဆိုင်ရာကိုခွင့်ပန်ပြီး မိဘနှင့်အစ်မများလာသောအခါ ဘုရားကိုပို့ပေးရန်ပြောကြားရပါသည်။

တစ်ညနေတွင် ရွှေတိဂုံဘုရားသို့မိသားစုနှင့်အတူသွားရပါသည်၊ နေဝင်ခါဧည့်နေဆည်းတာဝယ် ရွှေတိဂုံဘုရားကိုဖူးမြော်ရသောစိတ်ဆန္ဒသည် အလွန်အေးမြကြည်လင်လှပါသည်။

ကျွန်တော်သည် ဘုရားရှင်ကိုအာရုံပြုကာရှိခိုးကန်တော့ပြီး ရှေ့တန်းတွင်တိုက်ပွဲအတူဝင်ခဲ့ပြီးကျဆုံးခဲ့ကြရသော ရဲဘော်ရဲဘက်များကို မျက်စိမှိတ်အာရုံပြုပြီးအမျှပေးဝေမိပါသည်။

အမျှဝေပြီးနောက် မိဘနှင့်အစ်မများဘုရားရှိခိုးနေဆဲဖြစ်၍ မိမိဘာသာမိမိ ရှင်မထီးတန်ဆောင်းဘက်သို့ထလာခဲ့မိပါသည်။

ရှင်မထီးတန်ဆောင်း၏အတက်လှေကားတွင် စာအုပ်အလိပ်ကလေးတစ်လိပ်ကို အမှတ်မထင်တွေ့၍ ကောက်ယူမိလိုက်ပါသည်။

စာအုပ်လိပ်ကလေးကို အမြန်ဖြေကြည့်လိုက်သောအခါ လယ်တီဆရာတော်ကြီး၏ မဟာသရဏဂုံဂါထာတော်ကြီးစာအုပ်ဖြစ်နေသည်ကို အံ့သြစွာတွေ့လိုက်ရပါသည်။

ကျွန်တော်သည် ထိုစာအုပ်ကလေးကိုယူပြီး မိဘနှင့်အစ်များထံသို့ အပြေးသွားပြောပြရပါသည်။

"ငါ့သား. . . သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေက လမ်းညွှန်မှုပေးနေပြီ၊ ဒီနေ့ကစပြီး ဤဂါထာကိုနားလည်အောင်လုပ်ပြီးအမြဲရွတ်ပွားပါ၊ ဖေဖေ၊ မေမေတို့လည်း သားအတွက် သောကမပွားချင်တော့ဘူး၊ စိတ်အေးချမ်းချင်ကြပြီ"

ဟုပြောကြပါသည်။

ကျွန်တော်သည် ထိုအချိန်မှစ၍ မဟာသရဏဂုံဂါထာတော်ကြီးကို တစ်ည(၇)ခေါက်ရွတ်ဖတ်ပြီး ဘုရားပူဇော်ခဲ့ပါသည်။ မိဘများကိုလည်းအမြဲရှိခိုးပြီးမှ အိပ်ရာဝင်ပါတော့သည်။

ကျွန်တော်သည် ဒဏ်ရာပျောက်ပြီးနောက် ရှေ့တန်းသို့ပြန်ထွက်ရသည်၊ ကံအားလျော်စွာပင် အပစ်အခတ်ရပ်စဲသည့်ကာလနှင့်ကြုံရပြီး တိုက်ပွဲမဝင်ရတော့ပါ။

ထိုမှနောက် မကြာခင်ပင်နောက်တန်းပြန်ရပြီး လူကြီးများ၏စီမံချက်အရ အရပ်ဘက်သို့ဒုတိယညွှန်ကြားရေးမှူးတာဝန်နှင့်ပြောင်းခဲ့ရပါတော့သည်။

ဖေဖေနှင့်မေမေတို့လည်း အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်မိကြပါသည်။

"မင်း မိဘကိုကန်တော့ပြီး မဟာသရဏဂုံဂါထာကော်ကြီးကိုရွတ်ပွားလို့ အသက်သေဘေးကင်းဝေး၍ အခုလိုကောင်းရာမွန်ရာဘဝသို့ရောက်ရတယ်"

ဟု ပြောဆိုကြပါသည်။

မည်သို့ပင်ဖြစ်ပါစေ၊ လယ်တီဆရာတော်ကြီး၏ မဟာသရဏဂုံဂါထာတော်ကြီးသည်ကား ခန္ဓာအာယာတနဓာတ်၊ သစ္စာတို့ကို သတိပဋ္ဌာန်တရားဖြင့်သတိဉာဏ်ပွားရန် စီမံထားသောဂါထာကြီးဖြစ်ပါ၍ ရွတ်ပွားသရဇ္ဈာယ်အပ်သောဂါထာကြီးဖြစ်ပါကြောင်း ကျွန်တော့်ဘဝအတွေ့အကြုံနှင့်မဟာသရဏဂုံကိုရေးသားတင်ပြလိုက်ရပါသည်။

(ဗိုလ်မှူးစိုးတင့် (ငြိမ်း)၏ပြောပြချက်ကို ပြန်လည်ရေးသားတင်ပြအပ်ပါသည်)

## မာရဏာပရိတ်နှင့် အကာလမရဏာသေဘေးမှလွတ်ခဲ့ရခြင်း

ကျွန်တော်သည် ဧရာဝတီတိုင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ပုသိမ်မြို့၌ဖွင့်လှစ်ထားသောအမျိုးသားယဉ်ကျေးမှုနှင့်စာရိတ္တပညာနည်းပြသင်တန်းသို့ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ တာဝန်ပေးအပ်ချက်အရ သင်တန်းနည်းပြဆရာအဖြစ် (၁၀-၂-၂၀၀၂) မှ (၁၆-၂-၂၀၀၂) အထိသွားရောက်သင်ကြားပို့ချပေးခဲ့ရပါသည်။

ထိုသင်တန်းကို ဧရာဝတီတိုင်း(၂၆)မြို့နယ်မှ ပြည်ခိုင်ဖြိုးသင်တန်းသားနှင့်ဆရာ၊ ဆရာမများအပါအဝင် သင်တန်းသားသင်တန်းသူ (၁၃၀)တက်ရောက်သင်ကြားခဲ့ပါသည်။

ထိုသင်တန်းတွင်ပါဝင်ခဲ့သော မော်လမြိုင်ကျွန်းမြို့မှ ဆရာမလေး ဒေါ်အေးအေးဟန်သည် သင်တန်းနားချိန်တွင် စာရေးသူထံသို့ရောက်လာပြီး-

"ဆရာကြီး. . . ယခုလို သင်တန်းမှာရုတ်တရက်တွေ့လိုက်ရကာ သမီးသိပ်ဝမ်းသာတာဘဲ၊

××××××××××××

ကျွန်မဟာ ဘိုကလေးဆရာအတတ်သင်ကျောင်းမှာ မူလတန်းဆရာမအဖြစ်တက်ရောက်ပြီး ဆရာမအဖြစ် လပွတ္တာမြို့နယ်မှာခန့်အပ်ခံရပါတယ်။

ကျွန်မဟာ သိတတ်စအရွယ်ကစပြီး ဖခင်ကြီး၏သွန်သင်ဆုံးမမှု၊ သင်ပြမှုတို့ကို သမီးကောင်းတစ်ယောက်အနေနှင့်အမြဲရိုသေစွာနားထောင်ပြီး ဆောင်ရွက်လေ့ရှိပါတယ်။

ကျွန်မတို့နယ်မှာ ကျွန်မတို့ငယ်ငယ်က အကြမ်းဖက်သောင်းကျန်းသူတွေကရှိနေတော့ နေ့တထိတ်တထိတ်၊ ညတစ်ထိတ်ထိတ်နေရတဲ့ကာလဖြစ်ပါတယ်။

တော်လှန်ရေးအစိုးရတက်လာပြီး မြစ်ဝကျွန်းပေါ်ဒေသသိလ္လာစစ်ဆင်ရေးတွေပြုလုပ်လာမှ ဆူပူမှုကင်းတဲ့နယ်မြေဖြစ်ခဲ့ရတဲ့နယ်မြေပါ။

အဲဒီလိုအချိန်မျိုး လူဖြစ်လာရတဲ့ကျွန်မဘဝကို မိခင်၊ ဖခင်တို့က မိဘမေတ္တာအနန္တဖြင့်သားသမီးများဘေးမထိ၊ ဆူးမငြိစေလိုသောမေတ္တာစေတနာဖြင့် ဖခင်ကြီးကကျွန်မကို သရဏဂုံသုံးပါး၊ ငါးပါးသီလနှင့်ဓာရဏပရိတ်တော်များရွတ်ဖတ်တတ်ရအောင် နှုတ်တိုက်ချသင်ပေးထားပါတယ်၊ အန္တရာယ်ကင်းဘေးကင်းအောင်လည်း အိပ်ရာဝင်တိုင်း၊ ခရီးသွားတိုင်းရွတ်ဖတ်ခိုင်းပါတယ်။

ကျွန်မကလည်း ဖခင်စကားကိုအလေးအမြတ်ထားပြီး အမြဲရွတ်ဖတ်သရဇ္ဈာယ်ရှိခိုးပါတယ်၊ ခရီးသွားကာနီး ကားပေါ်တက်ကာနီးနှင့်လှေပေါ်၊ ကားပေါ်မှာပင် သရဏဂုံ(၃)ပါးနှင့်ဓာရဏပရိတ်တော်ကိုရွတ်ဖတ်ပြီးမှသွားလေ့ရှိပါတယ်။

အဲဒီလိုရွတ်ဖတ်နေလို့လည်း ကျွန်မတို့မိသားစုဟာ အန္တရာယ်ဘေးနှင့်တွေ့ကြုံခဲ့ရသော်လည်း ပွတ်ကာသီကာဖြင့်လွတ်မြောက်လာရတဲ့အကြိမ်တွေ နှစ်ကြိမ်၊ သုံးကြိမ်ရှိခဲ့ရပါတယ်။

ယခုအဖြစ်အပျက်ကတော့ ကျွန်မတစ်ဦးတည်းရဲ့ ကိုယ်တွေ့အဖြစ်အပျက်လို့ဆိုရပါမယ်၊ အောက်တိုဘာကျောင်းပိတ်ရက်မှာ ကျွန်မဟာ ဇာတိရွာမော်လမြိုင်ကျွန်းပြန်ရန် တာဝန်ကျရာလပွတ္တာမှကားစီးပြီးပြန်ရန်စီမံခဲ့ပါတယ်၊ ကားမစီးခင်မှာ စိတ်ထဲမှာစနိုးစနောင့်နှင့်ဒီကားကိုမစီးချင်သလိုလို နောက်နေ့မှပြန်ချင်သလိုလိုနှင့်စိတ်ထဲမှာခံစားမိပါတယ်။

ကားကလည်း ဒီတစ်စီးတည်းရှိတော့တာမို့ ဒီတစ်စီးမှမစီးရင်လည်း ပြန်ဖြစ်တော့မှာမဟုတ်ဘူး၊ ကျွန်မဟာ ထုံးစံအတိုင်း ကားပေါ်တက်ထိုင်ပြီး သရဏဂုံသုံးပါးနှင့်ဓာရဏပရိတ်ကိုသုံးခေါက်ရွတ်ပြီး သတ်မှတ်နေရာမှာထိုင်မိပါတယ်။

အတော်ကြာ လူပြည့်တော့ကားထွက်ပါတယ်၊ မြို့မှအထွက်အလွန်မှာဘဲ ကားကဘရိတ်ပေါက်ပြီး လမ်းဘေးထိုးကျမှောက်ပါတော့တယ်။

ကားထိုးကျမှောက်ပြီးဆိုကတည်းက ကြောက်လန့်တကြားအော်ဟစ်သံတွေက အမလေးတသူတွေ၊ ဘုရားတသူတွေအသံမျိုးစုံကိုကျွန်မကြားရပါတယ်၊ ကျွန်မကတော့ ကားထိုးကျကတည်းက ဓာရဏပရိတ်အစကိုပဲ မျက်စိမှိတ်အာရုံပြုရွတ်ဆို

နေမိပြီး ကားဆွဲရာနောက်သို့ပါသွားမိပါတယ်။

ကားမှောက်မှုအရှိန်ပြင်းသည့်အတွက် သေကြေသူတွေ များသလို ဒဏ်ရာရသူတွေလည်းများပါတယ်၊ ကျွန်မ တဒင်္ဂမေ့မျောသွားပါတယ်၊ ကားကလည်းမီးလောင်နေပါတယ်၊ ကယ်ဆယ်သူတွေကအတော်များများရောက်လာပြီး ဒဏ်ရာရသူတွေကိုလည်းအပေါ် ဆွဲတင်ထားပြီးဖြစ်ပါတယ်၊ ဆေးရုံကိုအားချင်းပို့ရန်လည်းစီမံနေကြပြီးဖြစ်ပါတယ်။

ကျွန်မသတိရလို့ ပြန်စမ်းကြည့်တော့ ဒဏ်ရာကနဖူးကနေမျက်ခုံးစပ်အထိ အရေခွံတဘက်လပ်ကြီးလန်ကျနေပြီး သွေးတွေထွက်နေတာကိုတွေ့ရပါတယ်၊ ပထမတော့ ကျွန်မကိုလည်း သေပြီထင်ပြီး သေသူစာရင်းထဲမှာထည့်ထားတာပါ၊ နောက်မှ သတိရလာလို့အသံထွက်လာမှ ကျွန်မကိုမသေဘူးဆိုပြီး ဒဏ်ရာရသူဘက်သို့သယ်မပေးကြပါတယ်၊ နဖူးမှအရေပြားကိုလည်း ပြန်နေရာချထားပေးပြီး သွေးထွက်သက်သာအောင် အရေးပေါ် ပတ်တီးစည်းပေးကြပါတယ်။

ဒါနဲ့ ကျွန်မတို့မြို့နယ်အာဏာပိုင်တွေအကူအညီနှင့် ဆေးရုံသို့ရောက်ကြပါတယ်။

တာဝန်ကျဆရာ၊ ဆရာမကနည်းတော့ အရေးကြီးလူနာတွေကိုပြုစုစောင့်ရှောက်နေရတော့ ကျွန်မကိုဒီအတိုင်းဘဲထားကြပါတယ်။

ကျွန်မကတော့ မိဘကိုတမ်းတပြီးသရဏဂုံသုံးပါးနှင့် ခါရဏပရိတ်ကိုပဲအာရုံပြုရွတ်နေပါတယ်။

အဲဒီအချိန်မှာဘဲ ရန်ကုန်ကနေပြီးနယ်ဆင်းလှည့်လည် ပြီးကုသပေးတဲ့အထူးကုအဖွဲ့က လပွတ္တာမြို့ရောက်နေခိုက်ကြုံပြီး ကားမှောက်မှုသတင်းကိုရပြီး အရေးပေါ်လာရောက်ဝိုင်းစစ်ကူညီ ဆေးကုသပေးကြပါတယ်၊ ကျွန်မကို နိုင်ငံတော်အကြီးအကဲတစ် ဦး၏သမီးဒေါက်တာမက-

“ဒီကလေးမကို ဒီလိုပစ်မထားကြနဲ့လေ၊ သွေးလွန်ပြီး သေသွားမှာပေ့ါ၊ ကျွန်မ သူ့ကိုလုပ်ပေးမယ်” လို့ပြောပြီး သူမ ကိုယ်တိုင် ကျွန်မ၏ဒဏ်ရာကိုရေဆေးပေးဆေးထည့်ပြီး ချုပ်ပေး ပါတယ်။

ကျွန်မကတော့ သေလောက်တဲ့နေရာရောက်ပြီး ယခုလို မသေဘဲဒဏ်ရာရပြီး ဒဏ်ရာကိုလည်းအချိန်မီကုသပေးသော ဆရာဝန်မလေးနဲ့တွေ့ရတာဟာ ဘုရားရှင်ရဲ့အဝေဏိက(၁၈)ပါး ဟူသော ခါရဏပရိတ်တော်တန်ခိုးကြောင့်လို့ပဲ ယုံကြည်နေမိ ပါတော့တယ်။

ဘုရားဂုဏ်တော်စွမ်းအံ့မခန်းအန္တရာယ်ကင်းတဲ့ ကိုယ် တွေ့အဖြစ်အပျက်စုံကို ဆရာကြီးကိုသမီးအခုမှပြောပြတာပါ”

ဆရာမလေးသည် သူမဘဝ၏ခါရဏပရိတ်တန်ခိုးတော် ကြောင့် အန္တရာယ်ကင်းပုံဇာတ်လမ်းစုံကိုပြောပြပြီး-

"ဆရာကြီးကတော့ ဒါဟာတိုက်ဆိုင်မှုလို့ထင်ပါသလား၊ ဒါမှမဟုတ် ဓာရဏပရိတ်ကြောင့်လွတ်မြောက်ပြီး အလွယ်တကူ ချမ်းသာစွာဆေးကုသမှုခံရတာလားဆိုတာ ဘယ်လိုထင်ပါသလဲ ဆရာကြီး"

"ဆရာကြီးတို့ဘုရားရှင်က ရတနာသုံးပါးဂုဏ်ကိုပွားများနေသူအား လောကီကောင်းကျိုးအဖြာဖြာရရှိခံစားရပြီး နောက်ဆုံးမဂ်ဖိုလ်နိဗ္ဗာန်ဝင်သည်အထိ အကျိုးပေးတတ်သည်ကို ဟောထားလေတော့ ဓာရဏပရိတ်ဆိုတာကလည်း ဘုရားဂုဏ်တော်တွေဖြစ်တာမို့ ဂုဏ်တော်ကိုအကျဉ်းအဖြစ်သစ္စာပြုရွတ်ဆိုတာဖြစ်လေတော့ ဤမှန်သောသစ္စာစကားကြောင့် သမီးအန္တရာယ်ဘေးကလွတ်ကင်းတယ်လို့ ဆရာကြီးယုံကြည်ပါတယ်"

ဟုအဖြေပေးလိုက်ရပါသည်။

သူမသည် ကျေနပ်နှစ်သက်စွာဖြင့်ပင် ကျွန်ုပ်ကိုရှိခိုးဦးချပြီး ပြန်သွားပါတော့သည်။

## ပဋ္ဌာန်းတန်ခိုးနှင့် အကာလမရဏသေဘေးမှလွတ်ခဲ့ရခြင်း

ပဋ္ဌာန်းဒေသနာတော်မြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ပွား များမှုကြောင့် အကာလမရဏဘေးမှလွတ်ခဲ့ရသော ကိုယ်တိုင် တွေ့ကြုံခဲ့ရသူ၏အဖြစ်အပျက်ကိုပြန်လည်ရေးသားတင်ပြလိုပါသည်။

အချိန်ကာလအားဖြင့် ၂၀၀၂-ခုနှစ်၊ ဧပြီလ(၁၂)ရက်နေ့ သင်္ကြန်မကျမီတစ်ရက်အလိုကတည်းက ကျွန်မသည် သင်္ကြန်ရုံး ပိတ်ရက်များအတွင်း ဘုရားဖူးခရီးထွက်ရန် ရုံးမှသူငယ်ချင်းများ ကခေါ်သဖြင့် မုံရွာမြို့ရှိ အလောင်းတော်ကဿပဘုရားသို့သွား ရန်စီစဉ်ခဲ့ကြပါသည်။

ကျွန်မတို့အဖွဲ့သည် (၁၂-၄-၀၂)နေ့တွင် ရန်ကုန်ဘူတာ ကြီးမှ ညနေ(၅း၃၀)ရထားဖြင့် မန္တလေးသို့သွားရောက်ခဲ့ကြပါ သည်၊ သင်္ကြန်ကာလအချိန်ဖြစ်၍ ရထားလက်မှတ်မှာလည်း မလွယ်ကူတော့ချေ၊ ကျွန်မတို့အဖွဲ့မှာ လက်မှတ်ကြိုတင်ဝယ်ယူ ထားခြင်းမရှိသဖြင့် ထိုင်ခုံမဲ့ဖြင့်သာလိုက်ပါသွားခဲ့ကြရသည်။

မန္တလေးသို့ နောက်တစ်နေ့နံနက် (သင်္ကြန်အကြိုနေ့) နံနက်(၁၁)နာရီ ရောက်ရှိကြပါသည်၊ မန္တလေးဘူတာမှအဝေး ပြေးကားဂိတ်သို့သွား၍ မုံရွာမြို့သို့ဆက်လက်သွားရန်လက်မှတ် ဝယ်ပြီး ဆက်လက်ခရီးဆက်ခဲ့ကြရာ ညနေ(၅)နာရီတွင် မုံရွာမြို့ သို့ရောက်ရှိကြပါသည်။

မုံရွာမြို့၊ အရှေ့လေးထပ်ကျောင်းတိုက်တွင် ကျောင်းထိုင်ဆရာတော်ကြီးအား ဝင်ရောက်ဖူးမြော်လျှောက်ထားပြီး ဆရာတော်၏ကျောင်း၌ပင် တည်းခိုနေထိုင်ခဲ့ပါသည်၊ ခရီးစဉ်တစ်လျှောက်လုံး၌လည်း ကျွန်မသည်ပဌာန်းတရားကိုအဆက်မပြတ်ရွတ်ဖတ်လျက် လိုက်ပါခဲ့ပါသည်။

ဆရာတော်ကျောင်း၌ ခဏမျှနားနေ ကိုယ်လက်သန့်စင်ကြပြီး ညနေစောင်းအချိန်တွင် ကျွန်မတို့အဖွဲ့သည် မုံရွာတစ်ဘက်ကမ်းသို့ စက်လှေဖြင့်ကူးကာ ညောင်ပင်ကြီးဆိပ်သို့သွားကာ အလောင်းတော်ကဿပဘုရားသွားရန် ကားကိုစုံစမ်းကြရာ ညောင်ပင်ကြီးဆိပ်မှ ဘုရားသို့တိုက်ရိုက်ကားမရှိကြောင်း၊ ဖိုးဝင်းတောင်သို့အရင်ဝင်ပြီး ယင်းမှတစ်ဆင့် ဖိုးဝင်းတောင်မှကားနှင့်သာဘုရားသို့သွားရောက်၍ရကြောင်း စုံစမ်းသိရှိခဲ့ရပါသည်။

နောက်တစ်နေ့နံနက်(သကြ္ကန်အကျနေ့)တွင် ကျွန်မတို့အဖွဲ့သည် ထိုညောင်ပင်ကြီးဆိပ်သို့သွားကြပြီး နံနက်စာစားရင်း ဘုရားသို့တိုက်ရိုက်ကားငှားသွားရန် စီစဉ်နေကြပါသည်။

ထိုသို့စီစဉ်နေတုန်းမှာပင် ရန်ကုန်မြို့၊ အင်းစိန်အထည်ချုပ်စက်ရုံမှ အမျိုးသမီးလူငယ်များအဖွဲ့ရောက်ရှိလာကြပြီး ဘုရားသို့သွားမည့်ကားလာစုံစမ်းနေသည်ကိုတွေ့မြင်ရပါသည်။

ကျွန်မတို့အဖွဲ့လည်း သူတို့အဖွဲ့နှင့်ပူးပေါင်းမိပြီး ကား(၂)စီးစပ်တူငှားကာ နံနက်(၁၁)နာရီတွင် ဘုရားသို့စတင်ထွက်ခွာခဲ့ကြပါသည်။

ကျွန်မသည် ကားစတင်ထွက်သည်နှင့်(၂၄)ပစ္စည်းပဋ္ဌာန်းကို တောက်လျှောက်ရွတ်ဆိုနေခဲ့ပါသည်၊ လမ်းခရီး၌ရှိသောလူနတ်သတ္တဝါအပေါင်းကိုလည်း မေတ္တာပေးပို့ပါသည်၊ လမ်းခရီးမှာလည်း အလွန်ပင်ကြမ်းတမ်းလှပါသည်၊ ယင်းမာပင်အစရှိသော ရှာငယ်လေးများကိုဖြတ်ပြီး သွားရပါသည်။

လမ်းခရီးမှာ တဖြည်းဖြည်းတောနက်လာပြီး တောင်တက်လမ်းများဖြစ်လာပါသည်၊ ဘေးဘက်ကိုကြည့်ရင်လည်း ချောက်ကမ်းပါးကိုမြင်နေရပါသည်။

ညနေ(၆)နာရီကျော်လောက်တွင် ဘုရားတောင်ခြေသို့ရောက်ရှိကြပါသည်၊ တောင်ခြေမှ ဘုရားသို့ နာရီဝက်သာသာခြေကျင်လျှောက်သွားရသေးသည်၊ တစ်ချို့ကလည်း ဆင်စီး၍သွားကြသည်။

ကျွန်မတို့အဖွဲ့လည်း ဘုရားသို့ရောက်လျှင် ဘုရားကြီးအားဖူးမြော်ကြည်ညိုပြီး ရွှေသင်္ကန်းတော်မြတ်ဆက်ကပ်လှူဒါန်းကြပါသည်၊ ကားဆရာက ည(၈)နာရီပြန်ထွက်မယ်ပြောသဖြင့် ကျွန်မတို့လည်း နေရာစုံသွားပြီးဖြစ်၍ ကားရပ်နားရာတောင်ခြေသို့ ဆင်စီး၍ပြန်ခဲ့ကြသည်။

လူစုံအောင်စုဝေးပြီး ည(၈)နာရီကျော်လောက်တွင် ကျွန်မတို့ကားမှာဘုရားမှပြန်လည်ထွက်ခွာခဲ့ကြသည်၊ ကျွန်မလည်း ကားစတင်ထွက်သည်နှင့် ပဋ္ဌာန်းကိုစတင်ရွတ်ဖတ်မိပါသည်၊ အထည်ချုပ်စက်ရုံမှ အမျိုးသမီးအဖွဲ့တွေကတော့ တဝါးဝါးနှင့် ပြောလိုက်ရယ်လိုက်နှင့်အဖွဲ့ကျနေကြသည်။

ကားစတင်ထွက်လာပြီး (၁၀)မိနစ်လောက်အကြာတွင် "ဝုန်း"ဆိုသောအသံကြီးနဲ့အတူ ကျွန်မတို့စီးလာသောကားသည် နောက်သို့လိမ့်ကာချောက်ထဲသို့ပြုတ်ကျသွားပါတော့သည်၊ ကားမှာလည်း ဒိုင်နာအမိုးဖွင့်ထားသောကားဖြစ်သောကြောင့် ကျောက်ခဲများကိုသွန်ချလိုက်သကဲ့သို့ဖြစ်နေပါသည်။

ကျွန်မမှာ ခဏမျှသတိလစ်သွားဟန်ရှိပြီး သတိပြန်ရချိန်တွင် ရင်ဘတ်ထဲမှအင့်ခနဲခံစားရပြီး လက်များကိုစမ်းကြည့်ရာ လက်နှစ်ဘက်စလုံးဘာမျှမဖြစ်၍ ကျွန်မပေါ်၌ပိနေသောလူများကိုတွန်းဖယ်၍ မတ်တတ်ထ,ရပ်ရန် ဟန်ပြင်လိုက်ပါသည်။

အဲဒီတော့မှ ကျွန်မမတ်တတ်ရပ်၍မရတော့ဘဲ ညာဘက်ပေါင်ထိပ်၌ ဟာတာတာဖြစ်သလိုခံစားလိုက်ရပါသည်၊ ကျွန်မလည်း ဒရွတ်တိုက်ဆွဲပြီး အနီးရှိကျောက်တုံးအမြင့်ကလေးတစ်ခုပေါ်၌ထိုင်နေမိပါသည်၊ လရောင်လေးလည်းအနည်းငယ်ရှိသဖြင့် လရောက်အောက်တွင် အဖြစ်အပျက်အလုံးစုံကိုတွေ့မြင်နေရပါသည်။

ချောက်ထဲ၌လည်း "ဟိုလူကကယ်ပါ၊ ဒီလူက ကယ်ပါ၊ ကူညီကြပါဦး"ဟူသောအသံများနှင့်ဆူညံနေပါတော့သည်၊ သွေးသံရဲရဲနှင့် သေသလား-ရှင်သလားမသိရသေးသောလူများနှင့် သတိမေ့မြောနေသောလူများ၊ ဒဏ်ရာရထားသောလူများ၏ အနိဋ္ဌာရုံမြင်ကွင်းများကိုသာ ကျွန်မထိုင်ကြည့်နေမိပါတော့သည်။

ကားမှာ ချောက်ထဲစမ်းချောင်းရှိရေထဲ၌ ခေါင်းစိုက်နေပါသည်၊ တစ်ချို့မှာ ရေထဲကျ၍သတိမေ့ပြီး ဗောလောပေါ်သူက ပေါ်နေပါသည်၊ (နောက်မှသိရသည်က ကျွန်မတို့ကားထဲမှ (၁၃) ယောက်မှာ ချောက်ထဲ၌ပွဲချင်းပြီးသေဆုံး၍ ချောက်ထဲ၌ပင် မီးသင်္ဂြိုဟ်လိုက်သည်ဟုသိရပါသည်)

အချိန်အနည်းငယ်ကြာသော် ဘုရားမှလူများနှင့်ကျေးရွာမှလူများရောက်လာကြပြီး ဝိုင်းဝန်းကယ်ဆယ်မှုလုပ်ကြပြီး လူများကို ကားလမ်းပေါ်သို့မချီဆွဲတင်ကြသည်၊ ကျွန်မကိုလည်း လူနှစ်ယောက်ကပွေ့ချီ၍အပေါ်သို့ထမ်းတင်သွားကြသည်။

ခေါင်းကွဲ၊ သွေးထွက်လွန်သောလူနာများကို ယင်းမာပင်မြို့နယ်ရှိ စစ်တပ်ဆေးခန်း၌ ဆေးထည့်၍ အရေးပေါ်ကုသကြရသည်၊ ကျွန်မ၏ပေါင်မှာလည်း တဖြည်းဖြည်းရောင်ကိုင်းလာပြီး အထိမခံနိုင်အောင်နာကျင်လာပါသည်။

ထိုမှတစ်ဆင့် ညတွင်းချင်းပင် မုံရွာမြို့ပြည်သူ့ဆေးရုံသို့ ကားနှင့်ထွက်ခဲ့ကြရာ နောက်နေ့နံနက်(၁၁)နာရီတွင်ရောက်ရှိပြီး

ဆေးကုသမှုခံယူကြပါသည်၊ ဆေးရုံ၌လည်း မုံရွာမြို့ရှိ ပြည်ခိုင်ဖြိုးအသင်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံစစ်တပ်များက အနီးကပ်ကြည့်ရှုစောင့်ရှောက်၍ အားပေးကူညီကြပါသည်။

မုံရွာဆေးရုံ၌(၄)ရက်ကြာပြီး ကျွန်မတို့အဖွဲ့အား ရန်ကုန်မှမိဘများကလာရောက်ခေါ်ယူပါသည်၊ အိမ်ရောက်ပြီး နောက်တစ်နေ့တွင် မြောက်ဥက္ကလာပဆေးရုံ၊ အရိုးကုသဆောင်၌ တက်ရောက်ခွဲစိတ်ကုသခဲ့ရာ (၂)လနီးပါးကြာမြင့်ခဲ့ပါသည်၊ ဆရာဝန်ကြီး၏ပြောပြချက်အရ ကျွန်မ၏တင်ပဆုံရိုးမှာကျောက်တုံးနှင့်ထိရိုက်မိပြီး ကျိုးသွားသည်ဟု သိရပါသည်။

ယခုအချိန်တွင် ကျွန်မသည် ဆရာဝန်ကြီးရဲ့ကုသပေးမှုကြောင့် ပုံမှန်အခြေအနေနီးပါးပြန်လည်ကောင်းမွန်နေပြီး အလုပ်ပြန်လုပ်နေနိုင်၍ သွားလာနေနိုင်ပြီဖြစ်ပါသည်။

ဤသို့ ကျွန်မ၏ဘဝတွင် အသက်အန္တရာယ်ထိခိုက်စေနိုင်သောအဖြစ်အပျက်ဆိုးကြီးနှင့်ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း သေကံမရောက်-သက်မပျောက်ခဲ့ရသည်မှာ ပဋ္ဌာန်းတန်ခိုးတော်နှင့်ဘုရားဂုဏ်၊တရားဂုဏ်တို့ကြောင့်ဖြစ်သည်ဟု ကျွန်မထင်မြင်မိပါသည်၊ ကျွန်မ၏ဖခင်ကလည်း ကျွန်မတို့ငယ်စဉ်ကတည်းကပင် ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်း၊ ပရိတ်ရွတ်ခြင်း၊ ပဋ္ဌာန်းရွတ်ခြင်းတို့ကို လေ့ကျင့်သင်ကြားပေးခဲ့သောကြောင့် ညစဉ်ညတိုင်းဘုရားဝတ်ပြုပြီးမှအိပ်လေ့ရှိပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း ကျွန်မကဲ့သို့ပဋ္ဌာန်းတရားတော်ကို ရွတ်ပွားခြင်းဖြင့် အကာလမရဏဘေးမှလွတ်နိုင်ကြစေရန် တိုက်တွန်းတင်ပြအပ်ပါသည်။

## စွယ်တော်ဗုံးကွဲမှုနှင့် အကာလမရဏသေဘေး

မြန်မာနိုင်ငံသို့ တရုတ်ပြည်မှစွယ်တော် ဒုတိယအကြိမ်ကြွလာပြီး ကမ္ဘာအေးလိုဏ်ဂူတော်၌ အများပြည်သူတို့ ကြည်ညိုပူဇော်ခွင့်ပြုထားပါသည်။

ဗုဒ္ဓဘာသာဝင်တို့သည် နေ့စဉ်နေ့တိုင်းည(၁၂)နာရီ၊ (၁)နာရီအထိ ကြိတ်ကြိတ်တိုး၍ လာရောက်ဖူးမြော်ပူဇော်ကြပါသည်။

၁၉၉၆-ခု၊ ဒီဇင်ဘာ(၂၅)ရက်နေ့ည၊ ခရာဇ်ယာန်တို့၏ ခရစ်စမတ်ပွဲတော်နေ့ညအခါချိန်ဖြစ်၍ ခရာဇ်ယာန်ဘာသာဝင်တို့ မိမိတို့ဘာသာရေးပွဲတော်နေ့ပျော်ရွှင်ကြသလို ဗုဒ္ဓဘာသာဝင်တို့ကလည်း စွယ်တော်ရောက်ခိုက်ကြုံသဖြင့် သူ့ထက်ငါအလုအယက်တန်းစီဝင်ဖူးမြော်ကြပါသည်။

ကျွန်တော်သည် ထိုနေ့ညတွင် လိုဏ်ဂူထဲ၌အကြီးတန်းစာရေးတစ်ဦး၊ အငယ်တန်းစာရေးမတစ်ဦးနှင့်တာဝန်ကျပါသည်။

ညဥ့်နက်လာသောအခါ ဘုရားဖူးများအနည်းငယ်ပါး လာပါသည်၊ ကျွန်တော်သည် ညစဉ်အိမ်မှာပရိတ် ပဋ္ဌာန်းရွတ်နေကြဖြစ်၍ မိမိတာဝန်ကျရာစားပွဲ၌ အတူတာဝန်ကျသူများ အပြင်ထွက်လက်ဖက်ရည်သောက်နေကြသဖြင့် တစ်ယောက်တည်း ပရိတ်၊ ပဋ္ဌာန်းရွတ်နေပါသည်။

ည(၁၁)နာရီခွဲအချိန်တွင် ကျွန်တော်ရုံးထိုင်ရာဝိသာခါ တန်ဆောင်း၏နောက်ဖေးကားရုံအနီး၌ ဗုံးပေါက်ကွဲသဖြင့် တော်တော်လှုပ်လှုပ်ရှားရှားဖြစ်သွားကြရပါသည်။

ထိုအချိန်တွင် လိုဏ်ဂူထဲ၌တာဝန်ကျနေသော ထောက်လှန်းရေးတာဝန်ရှိသူများ လုံခြုံရေးတာဝန်ရှိသူများသည် ထိုနေရာသို့တော်တော်များများထွက်ခွာသွားကြပြီး သွားရောက်စစ်ဆေးကြသည်။

လိုဏ်ဂူထဲ၌မူ လက်ရှိတန်းစီနေသောလူတစ်ရာကျော်လောက်ဝန်းကျင်သာရှိပါသည်၊ ကျွန်တော်ရုံးထိုင်ရာနောက်၌ ဗုံးပေါက်သည်ဆို၍ ကျွန်တော့်လက်ထောက်ကိုသွားရောက်ပြီး အခြေအနေကိုစုံစမ်းခိုင်းရပါသည်၊ ပဋ္ဌာန်းရွတ်မှုကိုလည်း တစ်ဝက်တစ်ပျက်နှင့်ရပ်ထားလိုက်ရပါသည်။

ထိုခဏမှာပင် မရမ်းကုန်းရဲစခန်းမှ လိုဏ်ဂူထဲ၌အတူတာဝန်ကျနေသောရဲမှူးသည် ကျွန်တော့်ထံလာပြီးဖုန်းဆက်ပါ

သည်၊ သူဖုန်းဆက်ပြီးသောအခါ ကျွန်တော်ကဝိသာခါရုံးဘေး ဗုံးပေါက်သောအခြေအနေသတင်းဘာရသလဲ ဟုမေးမိပါသည်။

"ဘာမှမရသေးဘူးဆရာ၊ သက်သက်ထိတ်လန့်အောင် လုပ်တာနဲ့တူပါတယ်၊ အထိအခိုက်တော့ ဘာမှမရှိဘူးလို့ ကြားရတယ်၊ ကျွန်တော်တို့ ဒီလိုဏ်ဂူထဲမှာတော့ လာပြီးထိတ်လန့်အောင်လုပ်မယ်မထင်ပါဘူး ဆရာ၊ ဆရာအေးအေးဆေးဆေး သာအိပ်ပါဆရာ"

ရဲမှူးကြီးသည် ကိုကဲ့သို့ပြောပြီး သူတာဝန်ကျရာစွယ်တော်အနီးသို့ပြန်တက်သွားပါသည်၊ လူလည်းတဖြည်းဖြည်းပါးသွားပါသည်။

(၁၂)နာရီလောက်အချိန်တွင် တယ်လီဖုန်းဝင်လာ၍ ကျွန်တော်ဖုံးကိုင်လိုက်ပါသည်၊ လုံခြုံရေးက ဗိုလ်ကြီးတစ်ယောက်ကိုခေါ်ပေးပါ ဟုပြော၍ ကျွန်တော်သည် စွယ်တော်ထားရာ စင်ပေါ်သို့တက်ပြီး တစ်ဘက်သို့ဆင်းကာ လုံခြုံရေးဗိုလ်ကြီးတစ်ယောက်ကိုခေါ်ရန်ဆုံးဖြတ်ပြီး နှုတ်မှလည်းရွတ်ဖတ်၍မဆုံးသေးသောပဋ္ဌာန်းကိုဆက်ရွတ်ပြီး စင်ပေါ်သို့တက်လာခဲ့ပါသည်။

စွယ်တော်ကိုစောင့်ရှောက်နေကြသော တံရတ်ရဟန်းတော်(၃)ပါးကို ကျွန်တော်သည်လက်အုပ်ချီပြုံး၍နှုတ်ဆက်ပြီး ရှေ့သို့တစ်လှမ်းမျှလှမ်းကျော်မိကာရှိသေး "အုံး" ဆိုသောအသံနှင့်

ပေါက်ကွဲသံကြီးသည် လိုဏ်ဂူတစ်ခုလုံးဟိန်းထွက်လာခဲ့သလို လူသံများကြောက်လန့်အော်ဟစ်သံများလည်းဆူညံသွားပါသည်။

တရုတ်ရဟန်းတော်(၃)ပါးသည် အသံမြည်လာကတည်းက ပြားပြားဝပ်နေကြပါသည်၊ မြန်မာရဟန်းတော်အစောင့်(၃)ပါးမှာ ကြောင်ပြီးထိုင်နေမိကြသည်ကိုတွေ့ရပါသည်။

ကျွန်တော်သည် ဗုံးကွဲစများတရှဲ့ရှဲ့ဖြတ်သန်းနေသောကြားမှပင်ကြောင်ပြီးမတ်တပ်မေ့သလိုဖြစ်သွားမိပါသည်။

ဗုံးကွဲလျှင်ပြီးချင်းပင် ကြံ့ခိုင်ရေးလူငယ်နှင့်ကြက်ခြေနီလူငယ်ကျောင်းသားအရွယ်ကလေး(၂)ဦးသည် သွေးရူးသွေးတမ်းနှင့်စင်၏အနောက်ဘက်သို့လှေကားဆီသို့ပြေးဆင်းလာကြရင်း ကြံ့ခိုင်ရေးလူငယ်သည် ကျွန်တော့်ခြေရင်းပွှင်ခွေလဲကျပြီး ကြက်ခြေနီလူငယ်များလှေကားအောက်အဆင်းထိဆင်းသွားပြီး လှေကားရင်းတွင်ခွေလဲကျသွားပါသည်။

ကျွန်တော်သည် ကြောင်တောင်တောင်ဖြစ်ပြီး ခြေရင်းတွင်လဲကျနေသောကလေးကို ပွေ့ထူရမလား၊ လှေကားရင်းတွင်လဲကျနေသောကြက်ခြေနီကလေးကိုပွေ့ထူရမလား ဟု ကြောင်တောင်တောင်စဉ်းစားနေမိပါသည်။

အစောက ကျွန်တော်နှင့်စကားလာပြောသောရဲမှူးမှာ ဒဏ်ရာပြင်းထန်စွာရရှိပြီး ညည်းညူနေပါသည်၊ သူ၏တပည့်တစ်

ဦးနှင့်ပြည်ခိုင်ဖြိုးကလေးတစ်ဦးမှာ ထိုနေရာပင် ပွဲချင်းပြီးသေဆုံးသွားသော်သဘောရှိပါသည်။

ထိုခဏမှာပင် အောက်ရုံးခန်းထဲမှစာရေးမလေးက ဆရာ-ခုန်ချ ခုန်ချဟုအသံကြားလိုက်သဖြင့် အပေါ်စင်ပေါ်မှနေပြီးကြောက်လန့်တကြားခုန်ချမိလိုက်ရာ အကျမတော်၍ တော်တော်နှင့်မထနိုင်ဖြစ်သွားရပါသည်။

ထိုအခါကျမှ ကျွန်တော်တပည့်နှင့်တပည့်မတို့သည် ကျွန်တော့်ကိုဒဏ်ရာရသည့်ထင်ကာ လာ၍ထူပေးကြပါသည်၊ ကျွန်တော်က အတင်းအားယူကုန်းထပြီး လာကူညီသူ(၂)ဦးကို လှေကားရင်းတွင်လဲကျနေသောကြက်ခြေနီကလေးကိုသွားကယ်ဖို့ပြောလိုက်ရာ သူတို့ကြက်ခြေနီကလေးထံပြေးသွားကြပါသည်။

နောက်တော့ လူတွေရောက်လာကြပြီး ဝိုင်းဝန်းကူညီကယ်ဆယ်ကြပြီး ဒဏ်ရာရသူတွေကို မြောက်ဥက္ကလာပဆေးရုံသို့အားချင်းပို့ကြပါသည်။

ကျွန်ကော်သည် ဗုံးဆံကွဲတွေကြားက ဘာဒဏ်ရာမျှမရခဲ့၊ ထိခိုက်မခံရဘဲလွတ်မြောက်ခဲ့ပါသည်။

ကျွန်တော်သည် တုန်လှုပ်ခြောက်ခြားမှုခံစားရသည်မှအပ ဘာမျှအထိအခိုက်မခံရသည်မှာ လူတိုင်းကအံ့သြခဲ့ပါသည်၊ ကျွန်တော်ကမူ ကျွန်တော်ရွတ်ပွားနေသော ပဋ္ဌာန်းနှင့်ပရိတ်တန်

ခိုးတော်က ကျွန်တော့်ကိုအကာလမရဏဘေးမှကယ်တင်ခဲ့သည်ဟု ယုံကြည်နေမိခဲ့ပါသည်။

(သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ အရာရှိတစ်ဦး၏ကိုယ်တွေ့ဖြစ်ရပ်အတွေ့အကြုံကိုပြန်လည်တင်ပြခြင်းဖြစ်ပါသည်)

## ဇေယျဝတီမြို့မှဆရာသစ်၏ အကာလမရဏဘေးနှင့်သစ္စာတန်ခိုး

ဦးဖိုးသစ်ကို ဇေယျဝတီမြို့ ဒေါ်ဖူးမေကွက်သစ်ရှိ လူအများစုက ဆရာသစ်ဟူ၍သိကြသည်၊ ဆရာသစ်သည် နာရီပြင်သည်၊ ဓာတ်မီးပြင်သည်၊ အောက်လင်းဓာတ်မီးများကို ဇေယျဝတီမြို့နှင့်မြို့ပတ်ဝန်းကျင်ရှိ ကျေးလက်ဒေသများအထိ အငှားလိုက်ထွန်းပေးသည်။

တစ်ဘက်ကလည်း ဇေယျဝတီသကြားစက်၌ လုံခြုံရေးလုပ်သားကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်၊ ရဟန်းဘဝကလူထွက်လာသူဖြစ်၍ ဘာသာရေးအဟောအပြောကလည်းရသဖြင့် ကလေး၊ လူငယ်၊ လူကြီးကအစ ဦးဘိုးသစ်ကို ဆရာသစ်၊ ဘဘသစ်ဟူ၍ခေါ်၍ အားလုံးကချစ်ခင်လေးစားကြသည်၊ လုံခြုံရေးလုပ်သားကြီးဖြစ်သော်လည်း အားလုံးက ဆရာသစ်အဖြစ်လေးစားကြည်ညိုကြသည်။

ရပ်ရွာသာရေးနာရေးကိစ္စတို့တွင် ဆရာသစ်၏အောက်လင်းဓာတ်မီးများသည် များစွာအသုံးဝင်လှ၍ ဆရာသစ်ကိုအထူးအားကိုးကြသည်၊ ဇေယျဝတီမြို့တွင် ဓာတ်မီးငှားစားသောသူကလည်း ဆရာသစ်တစ်ယောက်တည်း ရှိလေသည်။

ထိုကဲ့သို့သော ဆရာသစ်သည် သူ၏ဘဝတွင်အမှတ်ထင်ထင်သက်စွန့်ဆံဖျားကြုံခဲ့ရသောအသက်ဘေးကို သစ္စာတန်ခိုးတော်ဖြင့် လွတ်ခဲ့ရပုံတို့ကိုလည်း အထူးပင်အံ့သြမယုံကြည်နိုင်ဖွယ်ရာအထိပင်ရှိပါသည်။

ဆရာသစ်သည် ဖြူးမြို့၊ ညောင်ပင်သာဘူတာရွာအနီးရှိကျောက်တိုင်ရွာတွင် လယ်ပိုင်ရှင်ဦးသာချမ်း၊ ဒေါ်မှန်းတို့မှမွေးဖွားခဲ့သော သားသမီး(၆)ယောက်အနက် အငယ်ဆုံးသားဖြစ်သည်။

ရပ်ရည်ဥပဓိကလည်း ချောမောလှပသောသူဖြစ်သည်၊ တောရွာဓလေ့အတိုင်း ဘုန်းကြီးကျောင်းတွင်စာသင်ခဲ့ရာ ကိုရင်ဘဝမှရဟန်းဘဝသို့ရောက်ခဲ့သည်။

ရဟန်းဘွဲ့အမည်မှာ ဦးဉေယျဖြစ်သည်၊ ရဟန်းဖြစ်သောအခါ ညောင်ပင်သာဘူတာရွာစက်ရုံကျောင်းဆရာတော်ဦးပညာထံ၌ သီတင်းသုံးနေထိုင်ခဲ့လေသည်။

ဦးပဥ္စင်းဦးဉေယျသည် လောကုတ္တရာစာပေဘက်ကမထူးချွန်သော်လည်း လက်မှုပညာဘက်တွင် ထူးချွန်သည်၊ နာရီ

ပြင်တတ်သည်၊ အပ်ချုပ်စက်ပြင်တတ်သည်၊ ဓာတ်မီးပြင်တတ်သည်၊ ဓာတ်စက်ပြင်တတ်သည်။

ကျောင်းကထိန်ပွဲ၊ ဘုရားပွဲတို့၌ဓာတ်မီးထွန်းခြင်း၊ ဓာတ်စက်ဖွင့်ခြင်းတို့ကို ဦးပဥ္စင်းဦးညေယျကပင်ဦးဆောင်ပြီး ဆောင်ရွက်ရသည်၊ စက်ရုံဆရာတော် ဦးပညာကလည်းအားပေးသည်၊ သဘောကျသည်။

ဤသို့နေထိုင်ခဲ့ရာ ၁၉၄၉-၅၀ ခုတွင် ပြည်တွင်း၌ဆူပူသောင်းကျန်းမှုကြီးများပေါ်လာသောအခါ တောင်ငူမှာရှိသော ကေအင်ဒီအိုသစ္စာခံတပ်တို့တောခိုပြီး အစိုးရတပ်ကိုတိုက်သည်၊ အစိုးရတပ်များတစ်ဆုတ်တည်းဆုတ်ပေးရသည်၊ တောင်ငူခရိုင်အတွင်းရှိမြို့များမှန်သမျှ ကေအင်ဒီအိုသူပုန်တို့လက်အောက်ကျရောက်သွားတော့သည်၊ တောရွာဒေသအနှံ့အပြားတွင်မူ ကွန်မြူနစ်တို့က အုပ်ချုပ်စိုးမိုးထားသည်။

ကေအင်ဒီအိုသူပုန်တပ်များက ကားလမ်း၊ ရထားလမ်းဘေးရှိ အမြို့မြို့အရွာရွာတို့ကိုသိမ်းပိုက်ရာတွင် ညောင်ပင်သာရွာကြီးသည်လည်း အသိမ်းပိုက်ခံရသည်။

ကေအင်ဒီအိုတပ်များက ထိုသို့ကားလမ်း၊ ရထားလမ်းဘေးရှိမြို့ရွာများကိုသိမ်းပိုက်လိုက်သောအခါ ကားလမ်း၊ ရထားလမ်းနှင့်မနီးမဝေးတွင်ရှိသောတောရွာများသည် အဝေးသို့ရွှေ့ကြရသည်၊ ကားလမ်း၊ ရထားလမ်းအနောက်ဘက်ခြမ်းရွာများက

ပဲခူးရိုးမတောင်ခြေသို့ရွှေ့ကြသလို အရှေ့ဘက်ခြမ်းကလူများက အရှေ့ဘက်စစ်တောင်းမြစ်ဝှမ်းကွန်မြူနစ်များစိုးမိုးထားရာသို့ ရွှေ့ပြောင်းရသည်။

ဦးပဥ္စင်းဦးညေယျမိခင်ကြီးနှင့် ညီအစ်ကိုမောင်နှမများ နေထိုင်ရာကျောက်တိုင်ရွာလေးသည်လည်းရွှေ့ရာပြောင်းရာတွင် ပါဝင်ခဲ့သည်၊ ထိုအခါ ဦးပဥ္စင်းဦးညေယျက မိခင်အိုကြီးနှင့်အစ်မ ကမွေးသောမိဘမဲ့တူမကိုခေါ်ပြီး ညောင်ပင်သာဘုတာရွာ၌ ရင်း နှီးခင်မင်သောဒါယကာဟစ်ဦးအိမ်မှာထားသည်၊ ကျန်သောညီ အစ်ကိုများကိုမူကြိုက်သလိုရွှေ့ပြောင်းနေထိုင်ခွင့်ပြုခဲ့သည်။

ဦးပဥ္စင်းဦးညေယျ၏ အစ်ကိုလတ်တစ်ဦးသည် ကျောက် တိုင်ရွာ၌ကွန်မြူနစ်တို့ဖွဲ့စည်းထားသော ကျေးရွာကော်မတီ၌ လူကြီးတစ်ဦးအဖြစ်ပါဝင်ခဲ့သည်။

ညောင်ပင်သာဘုတာရွာကို ကေအင်ဒီအိုသူပုန်စစ်တပ် တစ်ကပ်ကအုပ်ချုပ်သည်၊ အုပ်ချုပ်သောကေအင်ဒီအိုသူပုန် ခေါင်းဆောင်လေးမှာ စောစံဘအမည်ရှိသည်၊ ဗုဒ္ဓဘာသာဝင် ကရင်စစ်ဗိုလ်ဖြစ်သည်။

ထိုကေအင်ဒီအိုသူပုန်ခေါင်းဆောင်ကလေးသ[illegible]က်ရှိ ကျောင်းမှ ဦးပဥ္စင်းဦးညေယျနှင့်ခတ်စက်၊ အေး[illegible]က်လင်းခတ် မိုးငှားမှုကိုအကြောင်းပြုပြီး ခင်မင်ရင်းနှီးလာသည်၊ ကေအင်ဒီအို

သူပုန်ခေါင်းဆောင်လေးက ခေတ်ပညာတတ်၊ အနုပညာဗီဇ ဝါသနာပါသူဖြစ်သည်။

မကြာခင် ကေအင်ဒီအိုသူပုန်ခေါင်းဆောင်စောစံဘနှင့် ဦးပဍ္စင်းဦးညေယျတို့သည် ဆရာတကာဖြစ်လာသည်၊ တစ်နေ့တွင် ဦးပဍ္စင်းဦးညေယျက သူမိခင်ကြီးနှင့်တူမလေးနေထိုင်ရန် မြေကွက်တစ်နေရာလိုချင်ကြောင်း ပြောပြရာက ကေအင်ဒီအို သူပုန်ခေါင်းဆောင်လေးက စက်ရုံကျောင်းအနောက်ဘက်တွင် အိမ်မြေယာကွက်အသစ်ရိုက်ပြီး အခြားသောပတ်ဝန်းကျင်မှ တက်လာသူများနှင့်အတူနေရာချထားပေးသည်။

ဦးပဍ္စင်းဦးညေယျတွင် မိခင်အတွက်အိမ်သာဆောက် လုပ်ပေးရန်ငွေမရှိ၊ သစ်ဝါးမရှိ၊ သို့အတွက် ကျောက်တိုင်ရွာတွင် မိခင်ကြီးပိုင်သောအိမ်ကိုဖျက်ယူပြီး ပြန်လည်ဆောက်လုပ်ရန် စီမံသည်၊ ကေအင်ဒီအိုသူပုန်ခေါင်းဆောင်လေး စောစံဘကို လည်း ပြောပြသည်။

ကေအင်ဒီအိုသူပုန်ခေါင်းဆောင် စောစံဘကလည်း ကူညီမည်ဟုဆိုကာ ညောင်ပင်သာဘူတာရွာမှလှည်း(၁၀)စီးကို ဆင့်ခေါ်ပြီး ကျောက်တိုင်ရွာမှအိမ်ကိုဖျက်ပြီးယူစေသည်၊ လုံခြုံရေးအတွက် ကေအင်ဒီအိုတပ်စိတ်တစ်စိတ်ကိုပါ ထည့်ပေးလိုက်သည်၊ လှည်းပေါ်တွင် ဦးပဍ္စင်းဦးညေယျနှင့်သူ၏တူမလေး မခင်သောင်းတို့ပါ ပါသွားခဲ့သည်။

ကွန်မြူနစ်တို့ကလည်း ကေအင်ဒီအိုသူပုန်တပ်ကျောက်တိုင်ရွာသို့လာပြီး အိမ်များဖျက်ယူမည်ဟု သတင်းကြိုတင်ရထားပြီးဖြစ်၍ ကျောက်တိုင်ရွာတောင်ဘက်ရှိလျှိုမြောင်စမ်းချောင်းဘေးက ကင်းပုန်းဝပ်ပြီး အသင့်စောင့်နေကြသည်။

နံနက်(၈)နာရီလောက်တွင် ကေအင်ဒီအိုသူပုန်တပ်ဦးဆောင်သောလှည်း(၁၀)စီးသည် ကျောက်တိုင်ရွာထိပ်သို့ရောက်လာသည်၊ ကွန်မြူနစ်တို့သည် ပစ်ကွင်းထဲသို့ထိုးဝင်လာသောကေအင်ဒီအိုတပ်နှင့်လှည်း(၁၀)စီးကိုအပိုင်စီးပြီး ပစ်ခတ်ကြတော့သည်။

ဦးပဥ္စင်းဦးညေယျသည် ကွန်မြူနစ်တပ်က စတင်ပစ်ခတ်ကတည်းက လှည်းပေါ်မှခုန်ချပြီးထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း ချောင်းရိုးကလေးတစ်ခုအလွန်တွင် သတိရလာသည်၊ လှည်းပေါ်၌ လူမမယ်တူမငယ်နှင့်သူ့အတွက်လိုက်လာကြသောလှည်းသမားများကျန်ရစ်ခဲ့သည်ကိုအာရုံပြုသတိရမိသည့်အတွက် တိုက်ပွဲဆီသို့ပြန်လှည့်လာခဲ့လေသည်။

ဦးပဥ္စင်းဦးညေယျရောက်လာတော့ တိုက်ပွဲကပြီးသွားပြီဖြစ်သည်၊ ကေအင်ဒီအိုသူပုန်မှ တပ်သား(၅)ယောက်သေသည်၊ (၃)ယောက်မှာဒဏ်ရာနှင့်မိသည်၊ (၂)ယောက်လွတ်သွားသည်၊ လှည်းသမား(၁၀)ယောက်အနက် (၂)ယောက်သေသည်၊

(၃)ယောက်ဒဏ်ရာရသည်၊ ကျန်လူများအဖမ်းခံရသည်၊ ဦးပဋ္ဌင်း ဦးညေယျ တူမ မခင်သောင်းမှာ ဘာဒဏ်ရာမှမရဘဲ အဖမ်းခံရသည်။

လှည်းသမားတို့ သူတို့ဘာမျှမသိကြောင်း၊ ကေအင်ဒီအို သူပုန်ခေါင်းဆောင်ကထည့်၍ ကြောက်၍လိုက်လာရကြောင်း ကွန်မြူနစ်သူပုန်ခေါင်းဆောင်လေးကို ပြောပြသည်၊ တောင်းပန်ကြသည်။

ဦးပဋ္ဌင်းဦးညေယျကလည်း လှည်းသမားများဘာမျှ အပြစ်မရှိကြောင်း၊ သူ့ကိစ္စအတွက် ကေအင်ဒီအိုထည့်ပေး၍သာ လိုက်လာရသူများဖြစ်ကြောင်း၊ သူ့မှာသာတာဝန်ရှိကြောင်း အာမခံပြောပြပေးသည်။

ကွန်မြူနစ်သူပုန်ခေါင်းဆောင်လေးသည် ဒဏ်ရာရသူ ကေအင်ဒီအိုတပ်သားရော၊ လှည်းသမားရော၊ လှည်းတစ်စီးပေါ်တွင် တင်စေပြီး လှည်းသမားများကိုပြန်လွှတ်သည်၊ တာဝန်ရှိသောဦးပဋ္ဌင်းနှင့်တူမကိုသာဖမ်းဆီးခေါ်ဆောင်လာခဲ့လေသည်၊ လှည်းများကိုလည်းသိမ်းဆည်းလာခဲ့သည်။

ဦးပဋ္ဌင်းဦးညေယျတို့ တူဝရီးကို ပထမညတွင် သပြေပင်ရွာ၌ အစောင့်အချုပ်နှင့်ထားသည်၊ နောက်ကျော်လှရွာသို့ခေါ်ဆောင်သွားသည်၊ ထိုမှာပင် ချုပ်ထားပြီးစစ်ဆေးသည်။

ဦးပဥ္စင်းဦးညေယျ၏အစ်ကိုလေး ဦးဘိုးခစ်သည် ကွန်မြူနစ်ကျေးရွာကော်မတီဝင်၊ ကော်မတီလူကြီးတစ်ယောက်ဖြစ်၍ ညီနှင့်တူမအတွက်လွတ်မြောက်ရေးကို လိုက်လံဆောင်ရွက်ရသည်၊ တူမမခင်သောင်းသာ အာမခံနှင့်ထွက်ခွင့်ရသည်။

ဦးပဥ္စင်းဦးညေယျမှာမူ ကေအင်ဒီအိုသူပုန်ခေါင်းဆောင်ကိုးကွယ်သောဘုန်းကြီးကွန်မြူနစ်ပိုင်သောနယ်မြေထဲမှပစ္စည်းကို လာရောက်ခိုးယူသည်၊ ကေအင်ဒီအိုသူပုန်ခေါင်းဆောင်အားကိုးနှင့်လာရောက်ဖျက်ဆီးလုယက်ယူသည်၊ ကေအင်ဒီအိုအားပေးသော ဘုန်းကြီးဖြစ်သည်ဟု ကျောက်တိုင်ရွာမှကျေးရွာကော်မတီတစ်ယောက်ကထောက်ပြလာသဖြင့် ဦးပဥ္စင်းဦးညေယျအမှုကြီးသွားပြီး ကွန်မြူနစ်တို့ရုံးစိုက်ရာကန်နား ဘန်လောင်ရွာရှိ ပြည်သူ့ခုံရုံးတွင် ရုံးတင်စစ်ခံရတော့သည်။

ဦးပဥ္စင်းဦးညေယျက သူ့မိခင်ကြီးပိုင်သောပစ္စည်းကို သူ့မိခင်ကြီးအတွက်အိမ်ဆောက်ပေးလို၍ လာရောက်ယူခြင်းဖြစ်သည်၊ ခိုးသည်မဟုတ်၊ လုယက်သည်မဟုတ်၊ ကေအင်ဒီအိုတပ်ပါလာသည်မှာလည်း သူကခေါ်သည်မဟုတ်၊ ကေအင်ဒီအိုသူပုန်ခေါင်းဆောင်စောစံဘကထည့်ပေးလိုက်ခြင်းသာဖြစ်သည်၊ သူသည် သာသနာ့ဝန်ထမ်းဖြစ်သည်၊ နိုင်ငံရေးနားမလည်၊ သို့အတွက် သူ့၌အပြစ်မရှိကြောင်းလျှောက်လဲချက်တင်သည်။

သို့သော် ဦးပဥ္စင်းဦးညေယျ၏လျှောက်လဲချက်ပယ်ချခံခဲ့ရသည်၊ ကေအင်ဒီအိုသူပုန်တပ်အားကိုးနှင့်ကွန်မြူနစ်ပိုင်နယ်မြေထဲမှပစ္စည်းကိုလာရောက်ခိုးယူသည်ဟူသောစွပ်စွဲချက်ဖြင့် ကွန်မြူနစ်ပြည်သူ့ခုံရုံးက ဦးပဥ္စင်းဦးညေယျကိုသေဒဏ်ချမှတ်သည်၊ သူခိုးဖြစ်၍ သင်္ကန်းဝတ်ရန်မလိုဟုဆိုကာ သင်္ကန်းကိုချွတ်စေသည်၊ ပိတ်ဖြူကိုသာဝတ်စေတော့သည်။

ကွန်မြူနစ်တို့၏ပြည်သူ့ခုံရုံးသည် အယူခံရုံးမရှိ၊ ချမှတ်သောအမိန့်ဒဏ်ကိုခံရုံမှတစ်ပါး ဘာမျှမတတ်နိုင်၊ သေဒဏ်ချမှတ်ခံရပြီး(၃)ရက်အကြာတွင် သတ်ရန်အချိန်နေ့ရာသတ်မှတ်ကြသည်။

အသတ်ခံရမည့်နေ့တွင် ဦးပဥ္စင်းဦးညေယျကိုအခြားခိုးမှုဖြင့် အသတ်ခံရမည့်တရားခံ(၂)ယောက်နှင့်အတူအကျဉ်းစခန်း၌ထားသည်၊ လက်ရောခြေပါ ကြိုးတုပ်ထားသည်။

ဦးပဥ္စင်းဦးညေယျသည် သူ့ကိုမျှော်နေမည့်မိခင်အိုကြီးကိုမျှော်မှန်းပြီးသနားနေမိသည်၊ သေခြင်းတရားကိုရင်ဆိုင်ရတော့မည်ဖြစ်၍ မိခင်ကြီးကိုလှမ်းပြီးရှိခိုးကန်တော့မိသည်၊ နေ့လည်(၁)နာရီလောက်တွင် သူ၏အစ်ကိုလေးကလာတွေ့သည်၊ အစ်ကိုလေးကငိုသည်၊ သူကမငို၊ မိခင်ကြီးကိုသာစောင့်ရှောက်ဖို့မှာပြီးလွှတ်သည်။

သတ်မည့်အချိန်မှာ ည(၇)နာရီ၊ စစ်တောင်းမြစ်ကမ်းဘေးမှာသတ်မည်ဖြစ်သည်ကို ဦးပဥ္စင်းဦးညေယျကြိုသိထားသည်၊ သူနှင့်အတူတူအသတ်ခံရမည့်လူကြီးတစ်ယောက်နှင့်လူလတ်တစ်ယောက်မှာလည်း သေမည့်ဘေးကိုကြောက်လန့်၍ငိုနေကြသည်။

ဦးပဥ္စင်းဦးညေယျသည် ဘုရားသားပီပီ ဘုရားတရားတော်ကိုအာရုံပြုသည်၊ ပရိတ်မေတ္တာကိုရွတ်ဖတ်မိသည်။

ရတနသုတ်အရွတ်တွင် ဇတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတု သဗ္ဗဒါ ဟူသောအပိုဒ်ကိုသတိရမိသည်၊ ငါသည် သူတို့စွပ်စွဲအပြစ်ချသလို ခိုးသူမဟုတ်၊ မိဘပစ္စည်းကို မိဘအတွက်လာရောက်ယူဆောင်ပေးခြင်းသာဖြစ်သည်၊ သူခိုးမဟုတ်ဘဲနဲ့ သူခိုး ဟုစွပ်စွဲခံရပြီး ယခုအသတ်ခံရတော့မည်၊ ငါ့မှာ သစ္စာတရားမှတစ်ပါး အခြားအားထားဖွယ်ရာမရှိပြီ။

ဦးပဥ္စင်းဦးညေယျသည် ဤသို့စဉ်းစားမိသည်၊ မကြာခင်မိုးချုပ်၍ လူသတ်သမားတို့က သူတို့သုံးယောက်ကိုခေါ်ထုတ်သည်၊ ဟိုနှစ်ယောက်က ကြောက်လန့်တကြား "မလိုက်ဘူး၊ ကျွန်တော့်ကိုမသတ်ကြပါနဲ့ဗျာ၊ ကျွန်တော့်ကိုခွင့်လွှတ်ကြပါဗျာ" ဟု အော်ဟစ်ငိုယိုကာ တောင်းပန်နေကြသည်။

ဦးပဥ္စင်းဦးညေယျကတော့ တည်ငြိမ်စွာပင်-

"ငါသည် ငါ၏မိခင်ကြီး အနေဆင်းရဲ၊ သူတစ်ပါးအိမ် ကပ်နေရသောဆင်းရဲမှုကင်းလွတ်စေခြင်းငှာ ငါ၏မိခင်ပိုင်ဆိုင် သောအိမ်ကိုလာရောက်ယူပါသည်၊ သူတို့စွပ်စွဲသကဲ့သို့ခိုးယူခြင်း မဟုတ်ပါ၊ ဤမှန်ကန်သောသစ္စာစကားကြောင့် ငါ့ဘဝသေဘေး မှကင်းလွတ်ရသည်ဖြစ်ပါစေသား" ဟု သစ္စာဆိုလိုက်သည်။

သူတို့ခေါ် ရာနောက်သို့လိုက်သွားရသည်၊ လက်နှစ်ဘက် နှင့်ခြေတွင်ကြိုးတုပ်ထား၍သွားလာရသည်မှာ တုံ့ဆိုင်း-တုံ့ဆိုင်း ဖြစ်နေရသည်၊ ကျန်နှစ်ယောက်ကတော့ ဒရွတ်တိုက်ဆွဲပါလာကြ သည်၊ ကန္တာရဘန်လောင်ရှာသည် စစ်တောင်းမြစ်ကမ်းနံဘေး တွင်တည်ထားသောရွာကြီးဖြစ်၍ အချုပ်မှမြစ်ဆိပ်သို့ခဏသာ သွားရသည်။

သတ်မည့်အာဏာပါးကွက်သား(၇)ယောက်ခန့်ပါလာ သည်၊ နှစ်ယောက်က သေနတ်ကိုင်ပြီး ပါလာသည်၊ တစ်ယောက် က ဓာတ်မီးထိုးလမ်းပြလိုက်လာသည်၊ ဓားကိုင်လာသူက နှစ် ယောက်နှင့် ကြိုးဆွဲထိန်းသိမ်းခေါ် လာသူနှစ်ယောက်တို့ဖြစ်သည်၊ ဓားကိုင်လာသူနှစ်ယောက်အနက် တစ်ယောက်က ဦးညေယျ၏ ကြိုးကိုဆွဲလာခဲ့သည်။

စစ်တောင်းမြစ်ကမ်းစပ် ကမ်းပါးမို့မို့တွင် သုံးယောက် တန်းစီရပ်စေသည်၊ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မိုက်နေသည်၊

ခါတ်မီးထိုးပြသောအလင်းရောင်မှတစ်ပါး အခြားအလင်းရောင် မရှိပါ။

လူသတ်သမားတို့သည် သူခိုးနှစ်ယောက်တို့ကို အရင် သတ်ကြသည်၊ သတ်ပြီးနောက် ခန္ဓာကိုယ်ကိုမြစ်ထဲသို့ကန်ချကြ သည်။

ဦးပဋ္ဌင်းဦးညေယျအလှည့်ရောက်လာသည်၊ တစ်ယောက် ကကြိုးကိုင်ထားသည်၊ တစ်ယောက်ကဓာတ်မီးထိုးပြသည်၊ တစ် ယောက်က ဓားနှင့်ခုတ်ချရန်ရွယ်ပေပြီ။

"ကြိုးကိုဆောင့်ဆွဲ၊ မြစ်ထဲခုန်ချလိုက်"

တစ်စုံတစ်ယောက်ကပြောလိုက်သောအသံကို ဦးပဋ္ဌင်း ဦးညေယျကြားလိုက်ရသည်၊ သူသည် ချက်ချင်းပင် ဓားလည် ကုတ်ပေါ်သို့မကျမီစက္ကန့်လေးအတွင်း၌ပင် ကြိုးကိုခန္ဓာကိုယ်အား ဆွဲရုန်းပြီး မြစ်ထဲသို့ခုန်ချလိုက်လေသည်၊ အပေါ်တွင် ဆူညံသံ တွေကြားလိုက်ရသည်၊ ထို့နောက် ဓာတ်မီးတွေ တဝင်းဝင်းဖြင့် ထိုးပြီးလိုက်ရှာကြသည်၊ ရေထဲကိုသေနတ်ဖြင့်ပစ်ကြသည်။

ဦးပဋ္ဌင်းဦးညေယျရေမွန်းပြီး သတိမေ့သွားသည်၊ ခန္ဓာ ကိုယ်ကရေစီးနောက် မျောပါသွားသည်၊ အတော်လေးကြာတော့ သတိရလာသည်၊ လက်၊ ခြေကြိုးများပြုတ်ထွက်နေသည်ကို အံ့သြ စွာတွေ့ရသည်၊ လူက ပက်လက်မျောနေသည်၊ ကောင်းကင်တွင်

ကြယ်ကလေးတွေမှိတ်တုတ်-မှိတ်တုတ်လက်နေသည်ကို တွေ့မြင်ရသည်။

သူ့နောက်က လူသတ်ကွန်မြူနစ်စစ်သားတွေ လိုက်လာသေးသလားဟု စူးစမ်းဆင်ခြင်ကြည့်သည်၊ လိုက်လာသောအသံမကြားရ၊ ခါးတွင်အဝတ်အစားလည်းမရှိတော့၊ ပတ်ထားသောခါးပန်းကြိုးတစ်ချောင်းတော့ ရှိသေးသည်ကိုစမ်းမိသည်။

ကိုယ်ကိုဖော့ပြီး ရေကူးကြည့်သည်၊ ကမ်းဘက်သို့ တဖြည်းဖြည်းရေစုန်မျောရင်းကူးခတ်ရသည်၊ အသံလည်းမထွက်ရဲ၊ ကမ်းသို့ရောက်လာသည်၊ ကမ်းနားပေါ် အရောက်တွင် ပတ်ဝန်းကျင်ကိုအကဲခတ်ပြီး ကြယ်ရောင်ဖြင့် အနောက်တောင်ထောင့်မှန်းပြီး ခြေကုန်သုတ်လာခဲ့သည်။

အတော်ကလေးမောလာသောအခါ မိခင်အိုကိုမှန်းဆရှိခိုးပြီး ကိုင်းတောတစ်ခုထဲတွင်ဝင်အိပ်ရသည်၊ မည်မျှအိပ်ပျော်သွားသည်မသိ၊ နိုးလာတော့ အတော်နေမြင့်နေပြီး ကိုင်းတောထဲက ရုတ်တရက်မထွက်ရဲ၊ ဤနေရာ ဤဒေသသည် ကွန်မြူနစ်တို့ကြီးစိုးရာနယ်ပယ်ဖြစ်၍ သူ့ကိုအချိန်မရွေးပြန်ဖမ်းမိသွားနိုင်သည်။

သို့အတွက် ကိုင်းတောကို အသာအယာဖြဲထွက်ကာပတ်ဝန်းကျင်ကိုလေ့လာကြည့်ရသည်၊ လူရိပ်လူခြေမတွေ့ရ၊ ခပ်

လှမ်းလှမ်းတွင် ရွာတစ်ရွာကိုလှမ်းတွေ့ရသည်၊ လူမှာကလည်း အဝတ်အစားကမရှိ၊ ဘေးကမြင်မှာလည်းကြောက်ရသည်မို့ ကိုင်းတောစပ်ဘေးကကပ်သီပြီး ရှေ့သို့လျှောက်ရသည်၊ ဝမ်းထဲကလည်း ဆာလောင်မွတ်သိပ်လာသည်။

ပတ်ဝန်းကျင်ကြည့်တော့လည်း စားစရာအပင်ဟူ၍ ဘာမျှမတွေ့ရ၊ ကိုင်းပင်များသာတွေ့ရသည်။

ကိုင်းတောသည် အလွန်ရှည်သောတောဖြစ်သည်၊ ကိုင်းတောလွန်လာသောအခါ မမျှော်လင့်ဘဲနှင့်ဆီးသီးများမှည့်ဝင်းနေသောဆီးပင်တစ်ပင်ကိုတွေ့ရ၍ ဆီးသီးများကိုအဆာပြေခူးစားရသည်၊ ပတ်ဝန်းကျင်ကိုလည်း အကဲခတ်ကြည့်ရသည်။

ဆီးသီးစားရပြီး အနည်းငယ်အားပြည့်လာသောအခါ နေ့လည်နေ့ခင်းသွားက အန္တရာယ်မကင်း၍ လုံခြုံသောတောပြက်ကလေးတစ်ခုအတွင်းသို့ဝင်အိပ်ရသည်၊ ညမိုးချုပ်မှခရီးထွက်ရသည်၊ ခရီးထွက်သောအခါတွင်လည်း ရွာကိုရှောင်ပြီးသွားရသည်၊ ဤကဲ့သို့လာခဲ့ရာ ကျီးရိုးဆိုသောရွာနားအရောက်တွင် လှည်းလမ်း၌ ဂုန်နီအိတ်စုတ်တစ်လုံးတွေ့၍ကောက်ယူပြီး ကိုယ်ကိုပတ်ခဲ့ရသည်။

အရုဏ်တက်လောက်ချိန်တွင် တောချုံထဲဝင်ကာအိပ်ရသည်၊ အိပ်ရာကနိုး၍ ပတ်ဝန်းကျင်ကိုကြည့်သော် ခွေးတစ်

ကောင်အထုပ်တစ်ထုပ်ကိုချီပြီးပြေးလာသည်ကိုတွေ့၍ ထိုခွေးကို ရှေ့ကနေဟန့်လိုက်သည်၊ ခွေးသည် အထုပ်ချပြီးထွက်ပြေးသွားသည်၊ တောအုပ်ငယ်တစ်ခုထဲသို့ဝင်ကာခွေးပျောက်သွားသည်။

ထိုအထုပ်ကို ကပျာကယာကောက်ယူပြီး တောပြက်ထဲပုန်းအောင်းရာသို့ဝင်လာခဲ့ရသည်၊ ထမင်းကြမ်းထုပ်ဖြစ်နေသည်ကို အံ့သြစွာတွေ့ရသည့်အတွက် ဝမ်းသာစွာနှင့်ပင်စားရလေသည်၊ ရွာနှင့်မနီးသောအရပ်ဒေသတွင် ခွေးထမင်းထုပ်ချီလာသည်ကိုအံ့သြမိသည်၊ သို့သော် နတ်ကောင်းနတ်မြတ်များကစောင့်ရှောက်သည်ဟူ၍ကား အစကမဆင်ခြင်မိပါ၊ နောက်မှ ဆင်ခြင်မိသည် ဟုဆိုပါသည်။

ညနေဆက်လက်လာခဲ့ရာ ရွာတစ်ရွာနားနှင့်ခပ်ဝေးဝေးလယ်တဲတစ်ခုကိုတွေ့၍ အကူအညီရလိုရငြား သွားရောက်အကူအညီတောင်းသည်၊ သူက သူ့အဖြစ်အပျက်ကိုပြောပြသည်၊ တဲရှင်သည် ကွန်မြူနစ်လူယုံတစ်ယောက်ဖြစ်နေပြီး သူ့ကိုမပြေးနဲ့၊ သူခိုး တရားခံပြေးပဲ ဟုဆိုကာ ဖမ်းဆီးမည့်လုပ်လာ၍ နီးရာတုတ်နှင့်ကောက်ရိုက်ချပြီး ဆက်လက်ထွက်ပြေးခဲ့ရသည်။

စစ်တောင်းမြစ်ကမ်းမှ (၃)ည၊ (၄)ရက်ပြေးလာပြီးသော် ဦးပဥ္စင်းဦးညေယျသည် ညောင်ပင်သာသို့ပြန်လည်ရောက်ရှိလာပါတော့သည်။

အစိုးရစစ်တပ်များက မြို့ရွာများကိုထိန်းသိမ်းနိုင်ပြီးသော အခါ ဦးပဥ္စင်းဦးညေဃျသည် လူဝတ်လဲကာ မိခင်ကြီးနှင့်အတူ ဇေယျဝတီမြို့၌ အခြေချနေထိုင်ခဲ့သည်၊ ထို့နောက် ဒေါ်စောညွန့်နှင့်လက်ထပ်ခဲ့သည်။

သေအံ့ဆဲဆဲတွင် သစ္စာကိုသတိရပြီး သစ္စာဆိုမိသော သစ္စာတန်ခိုးကြောင့် အကာလမရဏဘေးမှလွတ်ခဲ့ရသော ဆရာသစ်၏သေရွာပြန်ဘဝဇာတ်လမ်းသည် အသည်းတထိတ်ထိတ် ရင်တဖိုဖိုပင်ရှိပါတော့သည်။

နောက်(၈)နှစ်လောက်ကြာသောအခါ ထိုကွန်မြူနစ်များသည် ဖြူး၌အလင်းဝင်လာကြပြီး သာမန်အရပ်သားဘဝတွင် ဆရာသစ်ကိုလာရောက်ကန်တော့ကြသည်ဟုသိရသည်။

## ဓဇဂ္ဂပရိတ်နှင့် အကာလမရဏဘေးမှလွတ်ခြင်း

" လူကိုဖျက် အရက်
ရှင်ကိုဖျက် ဓဇဂ် "

ပရိတ်ကြီး(၁၁)သုတ်တွင် ဓဇဂ္ဂပရိတ်သည် ကျက်မှတ်ရခက်ခဲသည့်အတွက် ရှင်ကိုရင်များ စိတ်ပျက်ပြီး လူထွက် ကျောင်းထွက်များသဖြင့် အထက်ပါအတိုင်း စာချိုးပေါ်ခဲ့ပါသည်။

ကျွန်တော်သည်လည်း ရွာဦးကျောင်းတွင် နေစဉ်က ထိုဓဇဂ္ဂသုတ်ကြောင့် ဒဏ်နှစ်ကြိမ် ထမ်းခဲ့ရပြီး ဆရာတော်၏ကြိမ်စာ (၄)ကြိမ်မိခဲ့ပါသည်။

သို့အတွက် ထိုဓဇဂ္ဂပရိတ်သည် ကျွန်တော့်ဘဝတစ်သက်တွင်မမေ့နိုင်၊ အစွဲကြီး၊ အညိုးကြီးသောပရိတ်ဖြစ်ခဲ့ပါသည်။

ကျွန်တော် ဘုန်းကြီးကျောင်းကထွက်၍ မိဘလုပ်ငန်းများသို့ဝင်သောအခါ ဆရာတော်က-

"အေး- မင်း ငါ့ကျောင်းမှာ ဓဇဂ္ဂပရိတ်နှင့် ခဏခဏဒဏ်ပေးခံရသည့်အတွက် ဒဏ်ခံရမှ ပြင်သလို လူဘဝရောက်လျှင်လည်း အဲဒီပရိတ်ကို စွဲစွဲမြဲမြဲရွတ်ပါ။ ဖွဲကြီးစွာပဲ မမေ့မလျော့ရွတ်ပါ။ အန္တရာယ်ကင်းမည်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်သုတ်ဖြစ်၍ အလွန်အကျိုးကြီးသည်။ လောကီလာဘ်လာဘလည်း အကျိုးရှိမည်" ဟုဟောပြောလိုက်ပါသည်။

ကျွန်တော်သည် ခဏခဏ ဒဏ်ပေးခံရသော သုတ်ဖြစ်၍ မမေ့နိုင်သောသုတ် ဖြစ်သလို ဆရာတော်က ထိုကဲ့သို့ ဟောပြောလိုက်သောအခါ ထိုသုတ်ကို အိပ်ရာဝင်၊ အိပ်ရာထ အလုပ်သွားခရီးသွား အမြဲရွတ်ဆိုမိပါသည်။

ရွှတ်ဆိုသောအခါ စိတ်ထဲက သဒ္ဓါတရားပေါက်၍ရွတ်သည့်အခါရှိသလို ဝတ္တရားအရ စိတ်ကို ဟိုရောက်ဒီရောက်နှင့် ရွတ်သည်လည်းရှိပါသည်။

၁၉၄၉-၅၀ ခုနှစ် မြန်မာပြည်တွင် ရောင်စုံသောင်းကျန်းမှုထသော သောင်းကျန်းသူနှင့် တိုက်သည့် တိုက်ပွဲကာလတွင် ကျွန်တော်တို့ ပြည်သူများမှာ မြေဇာပင်ဘဝ ကျရောက်ခဲ့ရကြပြီး၊ အသက်ကို ဖက်နှင့်ထုပ်ပြီး လုပ်ကိုင်စားသောသက်နေရသော အချိန်ကာလဖြစ်ပါသည်။

တောင်ငူခရိုင် တောင်ပိုင်းတစ်ခုလုံး မြို့များတွင် ကရင်သောင်းကျန်းသူများ သိမ်းပိုက်ထားပြီး ကျွန်တော်တို့ ကျေးလက်တောရွာများတွင်မူ ကွန်မြူနစ်များက သိမ်းပိုက်ထားသောကာလဖြစ်ပါသည်။

ကျွန်တော်တို့ ဖြူးကညွတ်ကွင်း ဒေသရှိ တောရွာများတွင် ဆားမရှိ၊ ဆီမရှိတော့၍ ကျွန်တော်သည် အဖော်ကောင်း၍ ပဲခူးရိုးမလမ်းမှ ဝန်တင်နွားများနှင့်အတူ ပဲခူးသို့ ဆားတက်ဝယ်ရန် ထွက်ခဲ့ကြပါသည်။ လမ်းခရီးတွင် (၁၅) ညအိပ်ရပါသည်။

ကျွန်တော်သည် လမ်းတစ်လျှောက်လုံး စကားမပြောမိ
က ဇေဂ္ဂသုတ်သာ ရွတ်လိုက်ခဲ့ပါသည်။ အိပ်ရာဝင် အိပ်ရာထက
တော့ ပုံမှန်ရွတ်ရပါသည်။ ကျွန်တော်သည် ပဲခူးအရောက်တွင်
ပါလာသော နွားသုံးကောင်အနက် တစ်ကောင်ကိုရောင်းချပြီး
ဆားနှင့်အခြားအသုံးအဆောင်များ ဝယ်ပါသည်။ ပဲခူးမြို့မှာ
အစိုးရအုပ်ချုပ်ရေး ရှိနေ၍ ကျွန်တော်တို့နယ်လို ကျီးလန့်စာစား
မရှိပါ။

ကျွန်တော်တို့တစ်တွေ လိုရာပစ္စည်း ဝယ်ယူပြီး ပဲခူးရိုးမ
ခရီးစဉ်အတိုင်း ပြန်ခဲ့ကြပါသည်။ တောင်ကြောတောစခန်းတစ်ခု
အနားတွင် ကျွန်တော်တို့မှာ အန္တရာယ်ပေါ်လာပါတော့သည်။

ကျွန်တော်တို့စခန်းချ၍ ညစာချက်ပြုတ်စားပြီး မီးပုံဘေး
တွင် စကားဝိုင်းဖွဲ့ပြောဆိုနေခဲ့ပါသည်။ စကားပြောရင်း
ကျွန်တော်သည် ဝမ်းထဲမှာ ဆီးသွားချင်သလိုလို၊ ဝမ်းသွားချင်
သလိုလို ဖြစ်လာ၍ အပြင်အမှောင်ရိပ်သို့ခဏထသွားပါသည်။
ထိုအချိန်မှာပင် မမျှော်လင့်ဘဲ လူဆိုးငါးယောက်သည် မှောင်ထဲ
ကဘွားခနဲပေါ်လာပြီး မီးလှုံနေသူအားလုံးကို သေနတ်နှင့်ပစ်
သတ်ပါတော့သည်။ ကျွန်တော့်အဖော်တွေမှာ ဘာမျှမလှုပ်နိုင်
တော့ဘဲ သေဆုံးကြပါသည်။

"ဟေ့-တို့ အစောကတွေ့တာ လေးယောက်ကွ။ ယခု
သုံးယောက်တည်းရယ်။ တစ်ယောက် ဘယ်ပျောက်သွားလဲ"

လူဆိုးတစ်ယောက်က အရက်မူးသော အာလေး လျှာလေးသံနှင့်ပြောပါသည်။ ကျွန်တော်မှာ အလွန်ပင် တုန်လှုပ်ချောက်ချားမိပါသည်။ ထိုင်နေရာ ချုံထဲက လုံးဝမလှုပ်ရဲပါ။

သေနတ်သံကြောင့် နွားများလည်း လန့်ပြီး ကြိုးရုန်းကာ ပြေးကြသည်။ ကြိုးရုန်းမရသောနွားသာ ကျန်ရစ်ခဲ့ပါသည်။

"ဟေ့ မီးတုတ်ယူပြီး ကျန်တစ်ယောက် ရှာစမ်းကွာ"

ခေါင်းဆောင်လုပ်သူက ပြောပါသည်။ ကျွန်တော်သည် ထိုအသံကိုကြားရသောအခါ ပို၍တုန်လှုပ်မိပါသည်။ စိတ်ထဲဝယ် ဇေဂ္ဂသုတ်ကို ရွတ်မိရာ "လောမဟံသောဝါယော ပဟီယိဿတိ' သာရွတ်ဆိုနေမိပါသည်။

"ဟာ ဆရာကလည်း ရှာလို့ ဘယ်လွယ်မလဲ။ မှောင်ကြီးမည်းကြီးထဲမှာ။ ကျွန်တော်တို့ သေနတ်သံ ကြားကတည်းက ဒီကောင်လည်း ပြေးရောပေါ့" တစ်ယောက်က ပြောသည်။

"ဒီကောင်တစ်ယောက်တည်း ကျုပ်တို့ကို အန္တရာယ်ပြန်မပြုရဲတော့ပါဘူးဗျ"

တစ်ယောက်ကပြောပြီး ကျွန်တော်တို့ပစ္စည်းများနှင့်နွားများကို ဖြုတ်ယူ သယ်ဆောင်သွားကြပါသည်။

ကျွန်တော့်ဗိုက်သည် တကယ်သွားတော့မသွားပါ။ ကျွန်တော့်ကို သေဘေးကလွတ်အောင်များ တမင်နာပေးသလို ဖြစ်သွားပါသည်။ ကျွန်တော်က ထိုကဲ့သို့ပင် ယုံကြည်မိပါသည်။

ဓားပြများ ပြန်ထွက်သွား၍ အချိန်အတော်ကြာသော အခါ ကျွန်တော်အခြေအနေ အကဲခတ်ပြီး မီးပုံနားသို့ ပြန်လာ ပါသည်။ အပေါင်းအသင်းများ၏ အခြေအနေကို ကြည့်ပါသည်။ တစ်ယောက်မျှ အသက်မရှင်ပါ။

ကျွန်တော်သည် ပစ္စည်းအကျန်ကို ကြည့်ရာ ကျွန်တော် ၏ဆားအိတ်နှင့် ပစ္စည်းအချို့ ယူမသွားဘဲ ကျန်နေခဲ့သည်ကို အံ့သြစွာ တွေ့ရပါသည်။ ကျွန်တော် ထိုပစ္စည်းများကိုယူပြီး မှောင် မည်းထဲတွင် ခရီးဆက်ထွက်ခဲ့ပါသည်။ ခရီးအတော်ပေါက်မှ ခဏနားပြီး အိပ်ပါသည်။

ကျွန်တော့်ကို တစ်စုံတစ်ယောက်က နှိုးသလို နိုးလာ သောအခါ နေသည်ပင် အတော်မြင့်နေပါပြီ။

အလန့်တကြား ကြည့်မိသောအခါ ကျွန်တော်၏နွားနီ သည် ကျွန်တော့်ခြေသလုံးကို သူ၏လျှာနှင့် လာလျက်ပေးနေ သည်ကိုတွေ့ရပါသည်။ ကျွန်တော် အတော်ပင် အံ့သြဝမ်းမြောက် သွားမိပါသည်။ ခပ်လှမ်းလှမ်းတွင်လည်း ကျွန်တော့်ဂုန်နီအိတ် အသေး ကျောပေါ်တင်ထားသော အောင်တိုးဟု အမည်ပေး ထားသော နွားပြာညိုသည် သစ်ချုံနွယ်ကို စားလျက်တွေ့ရပါ သည်။

ဤသို့ဖြင့် ကျွန်တော်သည် သေဘေးမှလည်းကောင်း၊ ပစ္စည်းဆုံးရှုံးမှုဘေးမှလည်းကောင်း လွတ်ခဲ့ရပါသည်။

တစ်ဖန် ကျွန်တော်သည် တောမှ မြို့မပြောင်းခင် ကွန်မြူနစ်များက သတ်ရန် ကြိုးစားသည့် သေဘေးမှ လွတ်ခဲ့ရပြန်ပါသည်။ ကျွန်တော်တို့ရွာများသည် ကွန်မြူနစ်များကို ဆက်ကြေးနှစ်စဉ်ပေးရပါသည်။ ကျွန်တော်တို့ကလည်း ကြောက်၍ နှစ်စဉ်ကောက်ပေးကြပါသည်။ ထိုနှစ်က ၁၉၅၅ခု အစိုးရအမတ်များ ရွေးကောက်ပွဲကာလဖြစ်ပါသည်။ ကျွန်တော်သည် ရွာတွင် တာဝန်ရှိသော သူကြီးတစ်ယောက်ဖြစ်၍ ဆက်ကြေးများကို ကောက်ယူပြီး ဆယ်အိမ်ခေါင်း အုန်းမောင်ကို ပို့ခိုင်းပါသည်။ ဆယ်အိမ်ခေါင်း အုန်းမောင်ကလည်း ပို့ပါသည်။

သို့သော် ကံဆိုးချင်တော့ အုန်းမောင်ပို့သည်ကို လက်ခံသော ကွန်မြူနစ်စစ်တပ် ခေါင်းဆောင်လေးက ထိုငွေကိုယူထားပြီး ကျွန်တော်တို့က ဆက်ကြေးမပေးဟု အထက်ကိုစာတင်သည်။ သူလည်း မကြာခင် ထိုမှထွက်ပြေးပြီး အလင်းဝင်ခဲ့သည်။

သူ၏စာဝင်မှုကြောင့် ပါတီကော်မတီက ကျွန်တော့်အား သေဒဏ်ပေးရမည်ဟု အမိန့်ချမှတ်ကာ လာရောက်သတ်ဖြတ်ရန် စီမံပါတော့သည်။

ထိုညနေတွင် ကညွတ်ကွင်းမြို့ပေါ်မှ ကျွန်တော့်မိတ်ဆွေ ငှက်ပျောသီးပွဲစားက သူ့အိမ်တွင် ဘုရားကိုးဆူပူဇော်ပွဲ ပြုလုပ်မည်၊ မိသားစုတစ်စုလုံး လာပါဆို၍ လှည်းလွှတ်ပြီး ခေါ်သဖြင့် ကျွန်တော်တို့အိမ်ကို လူငှားကလေးသာ အိမ်စောင့်ထားပြီး မိသား

စုအားလုံး လိုက်ခဲ့ပါသည်။

ကွန်မြူနစ်များ အိမ်သို့လာဝိုင်းချိန်တွင် ကံအားလျော်စွာ လူငှားကလည်း အိမ်လည်နေ၍ အိမ်တွင်မရှိပါ။ သတ်မည့်သူများလည်း ကျွန်တော်တို့ကို ရှာမတွေ့သောအခါ အိမ်ရှိပစ္စည်းများကိုဖွင့်လှန်ပြီး ယူသွားကြပါသည်။ သတ်မည်ဆိုသည်ကိုလည်း စာချပေးသွားပါသည်။

ဓဇဂ္ဂသုတ်ပါ ရတနာသုံးပါးဂုဏ်ကျေးဇူးကြောင့် ဤသို့ အသက်ဘေးမှလွတ်ခဲ့သည်ဟု ကျွန်တော်ယုံကြည်မိပါသည်။

အလားတူပင် စီးပွားဥစ္စာနှင့် ပတ်သက်၍ ပျက်ကိန်းကြုံမှု၊ လိမ်ညာခံရမှုဘေးမှ လွတ်မြောက်မှုများလည်း ကျွန်တော့်ဘဝတွင် များစွာကြုံဆုံတွေ့ခဲ့ရပါသည်။

ကျွန်တော်ငယ်ငယ်က အစွဲသန် မခံချင်ခဲ့သော ဓဇဂ္ဂပရိတ်သည် အသက်ကြီးသော ကျွန်တော့်ဘဝ,ဝယ် ကျွန်တော်၏ အသက်၊ စီးပွား၊ ဥစ္စာကို အမှန်ပင် ကာကွယ်ပေးခဲ့သည်ကို ကျွန်တော်၏ကိုယ်တွေ့ဖြစ်ရပ်မှန်ကို ပြောပြရခြင်းဖြစ်ပါသည်။

(ယခု မြောက်ဥက္ကလာပ၊ ဝေဘာဂီမြို့နေ ဦးကံမောင်၏ ပြောပြချက်ကို တင်ပြခြင်းဖြစ်ပါသည်။)

# အခန်း (၄)

# အကာလမရဏဘေးမှလွတ်မြောက်စေသော ပရိတ်ဂါထာများ

## အကာလမရဏဘေးမှလွတ်မြောက်အောင်

ဘဝလူဖြစ်လာရသောအချိန်မှစ၍ ရက်၊ လ၊ ခုနှစ်သက္ကရာဇ်တို့သည် လူသားတို့အားမကြာခဏလာရောက်နှုတ်ဆက်ကြသကဲ့သို့ မကြာခဏလည်းလက်ပြနှုတ်ဆက်သွားခဲ့ကြလေပြီးဖြစ်ပါသည်။

လူသားတို့သည် တစ်နှစ်တစ်ခါမွေးနေ့ကြုံလာမှ မိမိ၏အသက်တစ်နှစ်ကြီးလာသည်ကိုသတိရကြသည်၊ ကျန်အချိန်များ၌ စား၊ ဝတ်၊ နေရေး၊ လူမှုရေး၊ နိုင်ငံရေးတို့ဖြင့် အချိန်ကုန်နေကြသဖြင့် သတိမရကြပေ။

ကုန်ဆုံးသွားသောနှစ်၊ လ၊ ရက်၊ အချိန်နှင့်အတူ မိမိတို့၏ရုပ်ခန္ဓာပြောင်းလဲအိုမင်းသွားသည်ကိုသတိမမူမိကြပါ၊ မိမိတို့ဘဝကိုအမှုမဲ့အမှတ်မဲ့ မေ့မေ့လျော့လျော့ဖြင့် အသက်ရှင်သန်နေခြင်းကို တန်ဖိုးမဲ့သောအသက်ရှင်ခြင်း၊ မမြတ်သောအသက်ရှင်ခြင်းဟူ၍ ဗုဒ္ဓကဟောကြားခဲ့ပါသည်။

လူသားတို့တွင် -အသက်အားကြီးခြင်း
-တရားဂုဏ်အားဖြင့်ကြီးခြင်း

ဟူ၍ နှစ်မျိုးရှိရာ အသက်အားဖြင့်ကြီးခြင်းကား တမင်အားထုတ်ရန်မလို၊ အသက်မကြီးမှာကိုမပူရ၊ သဘာဝနိယာမတရားဖြစ်သောဇရာတရား၊ ပြုပြင်မှုသင်္ခါရတရားတို့က သူတို့၏တာဝန်ကိုသူတို့ကျေပွန်စွာထမ်းဆောင်သွားကြပါလိမ့်မည်။

လူသည် တရားမပါသက်တမ်းမျှသာကြီးလာလျှင် လူဖြစ်တန်ဖိုးမရှိသလို လူရည်လူသွေးလူခွန်အားလည်းပြည့်စုံတော့မည်မဟုတ်ပါ၊ ထိုအခါ ထိုသူသည်-

- ကိုယ်ကိုယ်လည်း ပြန်ကြောက်ရသည်
- သူတစ်ပါးကိုလည်းကြောက်ရသည်
- ဤဘဝကိုလည်းကြောက်ရသည်
- နောင်ဘဝကိုလည်းကြောက်ရသည်
- သံသရာကိုလည်းကြောက်ရသည်

ထို့ကြောင့် အသက်သာကြီး၍ တရားမကြီးလျှင် အကုန်ကြောက်နေကြရပါမည်။

ဤသို့သောအကြောင်းတရားများမှ ကင်းဝေးရလေအောင် အသင်လူသားတို့သည် မမေ့မလျော့သတိတရား(အပ္ပမာဒ)ကိုလက်ကိုင်ထား၍-

- ဒါနကိုတတ်နိုင်သရွေ့ပြုလုပ်ကြရမည်
- သီလကိုအမြဲလုံခြုံအောင်စောင့်ထိန်းရပါမည်
- ဘာဝနာကိုအချိန်ရသရွေ့ပွားများအားထုတ်ရပါမည်

ဤကဲ့သို့ မိမိတို့၌ ဒါန၊ သီလ၊ ဘာဝနာတရားတို့ကုန်လုံပြည့်ဝနေသော်၊ ထုံနေစေသော် ဤပစ္စုပ္ပန်ဘဝ အကာလမရဏာဘေးနှင့်မကြုံမဆုံ မတွေ့နိုင်ပါ။ အကယ်၍ ကြုံ-ဆုံတွေ့လာသော်မှ လွတ်မြောက်နိုင်ကြပါမည်။

အသက်ဇာမ်းကံကုန်၍သေခြင်းကိုသော်လည်း သေရဲသူအသင့်ဖြစ်နေပါမည်။

ထိုသို့ဖြစ်နေလျှင် မိုးကုတ်ဆရာတော်ကြီးမိန့်ကြားခဲ့သလို "ငါသေလျှင် သပိတ်မသွတ်နဲ့" လို့မှာကြားရဲ့နိုင်သလား ဟုမှာကြားနိုင်ပါမည်။

"အပ္ပမာဒေထ သမ္မာဒေထ"

## (၁) ရတနာသုံးပါးဂုဏ်တော်

ဘုရားဂုဏ်တော်(၉)ပါး

ဣတိပိ သော ဘဂဝါ-အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာ စရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော၊ ပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါဘဂဝါ

သောဘဂဝါ -ထိုမြတ်စွာဘုရားသည်

၁။ အရဟံ -ဤသို့ပြဟ္မာ၊ နတ်လူသုံးလုံး၊ ဘုံသူတို့၏ပူဇော် အထူးကိုခံတော်မူထိုက်သောကြောင့် အရဟံ မည်တော်မူ၏။

၂။ သမ္မာသမ္ဗုဒ္ဓေါ-ဤသို့သိစရာမှန်သမျှကို အကျန်မရှိ၊ ဆရာ မလို ကိုယ်တော်တိုင်သိတော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓမည် တော်မူ၏။

၃။ ဝိဇ္ဇာစရဏ သမ္ပန္နော -ဤသို့ အသိဉာဏ်ဝိဇ္ဇာ၊ အကျင့်စရဏတို့နှင့် ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

၄။ သုဂတော -ဤသို့ ကောင်းသောစကားကိုဆိုတော်မူတတ် သောကြောင့် သုဂတ မည်တော်မူ၏။

၅။ လောကဝိဒူ -ဤသို့ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟူသော လောကသုံးပါးကို ကောင်းစွာသိမြင်တော်မူသောကြောင့် လောကဝိဒူ မည်တော်မူ၏။

၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ -ဤသို့ အလုံးစုံသောသတ္တဝါတို့ကို အတုမရှိ ယဉ်ကျေးအောင်ဆုံးမတော်မူတတ်သောကြောင့် အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏။

၇။ သတ္ထာဒေဝ မနုဿာနံ -ဤသို့ လူနတ်ဗြဟ္မာတို့၏ရှေ့သွားလမ်းပြ ဆရာဖြစ်တော်မူသောကြောင့် သတ္ထာဒေဝ မနုဿာနံ မည်တော်မူ၏။

၈။ ဗုဒ္ဓေါ -ဤသို့ သစ္စာလေးပါးတရားကိုပိုင်းခြားထင် ထင်သိမြင်တော်မူသောကြောင့် ဗုဒ္ဓေါ မည်တော်မူ၏။

၉။ ဘဂဝါ -ဤသို့ ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တဟူသောဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသောကြောင့် ဘဂဝါ မည်တော်မူ၏။

တရားဂုဏ်တော်(၆)ပါး

သွာက္ခာတော၊ ဘဂဝတာဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံဝေဒိတဗ္ဗော၊ ဝိညူဟိတိ

| | |
|---|---|
| ဘဂဝတာ | -မြတ်စွာဘုရားသည် |
| ၁။ ဓမ္မော | -မဂ်လေးတန်၊ ဖိုလ်လေးတန်နိဗ္ဗာန် ပရိယတ်ဆယ်ပါးသောတရားတော်မြတ်ကို |
| သွာက္ခာတော | -ကောင်းစွာဟောတော်မူအပ်၏။ |
| ၂။ သန္ဒိဋ္ဌိကော | -ကျင့်ဆဲယခုဘဝ၌ပင်လျှင် သိမြင်ခံစားရသောတရားတော် ဖြစ်ပါပေ၏ |
| ၃။ အကာလိကော | -အခါမလင့် ကောင်းကျိုးချမ်းသာကို ပေးတတ်ပါ၏။ |
| ၄။ ဧဟိပဿိကော | -လာပါ၊ ရှုပါ၊ ကျင့်ပါ ဟုဖိတ်ခေါ်ထိုက်သောတရားဖြစ်ပါ၏။ |
| ၅။ ဩပနေယျိကော | -ကိုယ်နှင့်မကွာ ကပ်၍ဆောင်တတ်သောတရားဖြစ်တော်မူ၏။ |
| ၆။ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ | -ပညာရှိသူတို့သည်သာလျှင် ကိုယ်စီကိုယ်ငှခံစားသိမြင်ရသောတရားတော်ဖြစ်ပါ၏။ |

သံဃာဂုဏ်တော်(၉)ပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ
ဧသ ဘဂဝတော သာဝကသံဃော
အာဟုနေယျော၊ ပါဟုနေယျော
ဒက္ခိဏေယျော၊ အဉ္ဇလိ ကရဏီယော
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

ဘဂဝတော -မြတ်စွာဘုရား၏

သာဝကသံဃော -တပည့်သားသံဃာသည်

၁။ သုပ္ပဋိပန္နော -သီလ၊ သမာဓိ၊ ပညာကိုကောင်းစွာ ကျင့်ကြံတော်မူတတ်ပါ၏။

၂။ ဥဇုပ္ပဋိပန္နော -ဖြောင့်မတ်စွာကျင့်တော်မူ တတ်ပါ၏။

၃။ ဉာယပ္ပဋိပန္နော -နိဗ္ဗာန်အကျိုးငှာကျင့်ကြံတော်မူတတ် ပါ၏။

၄။ သာမိစိပ္ပဋိပန္နော -အရှိအသေခံထိုက်အောင် ကျင့်တော်မူတတ်ပါ၏။

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ-မဂ်-ဖိုလ်အားဖြင့် ဤလေးပါးအစုံတို့သည်

အဋ္ဌပုရိသပုဂ္ဂလာ -အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့မည်ပါပေကုန်၏။

ဘဂဝါတော -မြတ်စွာဘုရား၏

ဧသ-ဧသောသာဝကသံဃော -ဤလေးပါးအစုံရှစ်ပါးတပည့်သားသံဃာတော်မြတ်အပေါင်းသည်

၅။ အာဟုနေယျော -အဝေးမှဆောင်ယူ၍ လှူဒါန်းအပ်သောပစ္စည်းတို့ကိုအလှူခံထိုက်၏။

၆။ ပါဟုနေယျော -ဧည့်သည်အတွက် အထူးစီမံထားသောပစ္စည်းတို့ကိုအလှူခံထိုက်၏။

၇။ ဒက္ခိဏေယျော -ကံ ကံ၏အကျိုးကိုယုံကြည်၍လှူအပ်သောအလှူကိုလည်း ခံယူတော်မူထိုက်ပေ၏။

၈။ အဉ္ဇလိ ကရဏီယော -လူနတ်ဗြဟ္မာတို့၏ လက်အုပ်ချီခြင်းကိုခံယူတော်မူထိုက်ပါပေ၏။

၉။ လောကဿ -လူနတ်ပြဟ္မာအပေါင်း၏
အနုတ္တရံ -အတုမရှိမြတ်သော
ပုညခေတ္တံ -ကုသိုလ်မျိုးစေ့စိုက်ပျိုးရာလယ်ယာ
မြေကောင်းသဖွယ်လည်း ဖြစ်တော်မူ၏

ဤရတနာသုံးပါးဂုဏ်တော်များကို နေ့စဉ်ရွတ်ဖတ်ပွား များနေကြသူများသည် အမြဲအန္တရာယ်ကင်းခြင်း၊ ကောင်းကျိုး ချမ်းသာများလက်တွေ့ခံစားရခြင်း။ လူ၊ နတ်တို့ချစ်မြတ်နိုးခြင်း၊ အကာလမရဏဘေးများလုံးဝမတွေ့ကြုံရခြင်းစသောအကျိုးများ လက်တွေ့ရရှိခံစားကြရပါသည်။

ဂုဏ်တော်တစ်ပါးစီ တစ်ပါးစီ၌ပင် စွမ်းအားတစ်မျိုးစီ တစ်မျိုးစီရှိနေ၍ မိမိတို့တတ်စွမ်းသောဂုဏ်တော်ကို ရွတ်ဖတ် သင့်သည်။

## (၂) သဝေမပါကိုးဂါထာ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ

ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ

(ဤသဝေမပါ ကိုးဂါထာကိုရွတ်ဖတ်ပူဇော်လျှင် အန္တရာယ်အမျိုးမျိုးနှင့်ကပ်ကြီးသုံးပါးမှကင်းလွတ်ပြီး အကာလမရဏဘေးမှလွတ်မြောက်နိုင်ပါသည်)

## ( ၃ ) သက်တော်မြဲဂါထာ

အဋ္ဌာနမေတံ ဘိက္ခဝေ အနာဝကာသော
ယံ ပရူပက္ကမေန တထာဂတံ
ဇီဝိတာ ဝေါ ရောပေယျ
အနုက္ကမေ န ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ
တေနသစ္စဝဇ္ဇေန၊ သောတ္ထိမေဟောတုသဗ္ဗဒါ

"ဘိက္ခဝေ. . . ရဟန်းတို့၊ ပရူပက္ကမေန-သူတစ်ပါးတို့၏လုံ့လပယောဂဖြင့်၊ တထာဂတံ-မြတ်စွာဘုရားကို၊ ဇီဝိတာ-အသက်မှ၊ ယံဝေါရောပေယျ-အကြင်ချရာ၏၊ တံ-ဤသို့သူတစ်ပါးလုံ့လဖြင့် အသက်ချခံရခြင်းသည်၊ အဋ္ဌာနံ-အကြောင်းမဟုတ်၊အနဝကာသော-အရာမဟုတ်၊ တထာဂတာ-ဘုရားရှင်တို့

သည်၊ အနုတ္တမေန-သူတစ်ပါးလုံ့လပယောဂမပါဘဲ၊ ပရိနိဗ္ဗာယန္တိ-ပရိ နိဗ္ဗာန်ပြုရကုန်၏။

ဧတေန သစ္စဝဇ္ဇေန-ဤမှန်သောသစ္စာစကားကြောင့်၊ မေ-ကျွန်ုပ်အား သဗ္ဗဒါ-အခါခပ်သိမ်း၊ သောတ္ထိ-ချမ်းသာခြင်းသည်၊ ဟောတု-ဖြစ်ပါစေသတည်း”

ဤဂါထာကို ယုံကြည်စွာရွတ်ဖတ်ပူဇော်သူများသည် လေယာဉ်ပျက်ကျရာသေဘေးမှလွတ်ခဲ့ပုံ၊ မိမိအပေါ် မကောင်းကြံသူများသည် သူ့ဒဏ်သူခံခဲ့ရပုံ၊ စားဝတ်နေရေးဘဝရပ်တည်မှုအားလုံးအဆင်ပြေပုံ၊ ဘေးအန္တရာယ်အမျိုးမျိုးကင်းရပုံဖြစ်ရပ်မျိုးစုံများစွာရှိနေပါသည်။

## ( ၄ ) အသက်အန္တရာယ်မပြုနိုင်သော ဂုဏ်တော်(၄)ပါးဂါထာ

၁။ ဗုဒ္ဓေါနံ ဇီဝိတဿ၊ နသက္ကာ၊ ကေနစိ အန္တရာယောကာတုံ တထာ မေ ဟောတု

၂။ ဗုဒ္ဓေါနံ သဗ္ဗညုတ ဉာဏဿ နသက္ကာ၊ ကေနစိ အန္တရာယောကာတုံ တထာ မေ ဟောတု

၃။ ဗုဒ္ဓေါနံ ဥဒ္ဒိဿ အဘိဟဋ္ဌာနံ စတုန္နံပစ္စယာနံ နသက္ကာ၊ ကေနစိ အန္တရာယောကာတုံ တထာ မေ ဟောတု

၄။ ဗုဒ္ဓါနံ ဒွတ္တိံသ မဟာပုရိသလက္ခဏာနံ အသိတိယာ အနုဗျဉ္စနာနဉ္စ၊ ဗျာမပ္ပဘာဒိရံသီနဉ္စ နသက္ကာ၊ ကေနစိ အန္တရာယော ကာတုံ တထာ မေ ဟောတု

၁။ ဗုဒ္ဓါနံ-ဘုရားရှင်တို့၏၊ ဇိဝိတဿ-အသက်၏၊ ကေနစိ-တစ်စုံတစ်ယောက်သောသူသည်၊ အန္တရာယော-အန္တရာယ်ကို၊ ကာတုံ-ပြုခြင်းငှာ၊ နသက္ကာ-မတတ်နိုင်၊ တထာ-ထို့အတူ၊ မေ-ကျွန်ုပ်အား၊ ဟောတု-ဖြစ်ပါစေသတည်း။

၂။ ဗုဒ္ဓါနံ-ဘုရားရှင်တို့၏၊ သဗ္ဗညုတ ဉာဏဿ-သဗ္ဗညုတဉာဏ်တော်၏၊ ကေနစိ- တစ်စုံတစ်ယောက်သောသူသည်၊ အန္တရာယော-အန္တရာယ်ကို၊ ကာတုံ ပြုခြင်းငှာ၊ နသက္ကာ-မတတ်နိုင်၊ တထာ-ထို့အတူ၊ မေ-ကျွန်ုပ်အား၊ ဟောတု-ဖြစ်ပါစေသတည်း။

၃။ ဗုဒ္ဓါနံ-ဘုရားရှင်တို့၏၊ ဥဒ္ဒိဿ-ရည်မှတ်၍၊ အဘိဟဋ္ဌာနံ-ယူဆောင်လာကုန်သော၊ စတုန္နံပစ္စယာနံ-ပစ္စည်းလေးပါးတို့၏၊ ကေနစိ- တစ်စုံတစ်ယောက်သောသူသည်၊ အန္တရာယော-အန္တရာယ်ကို၊ ကာတုံ-ပြုခြင်းငှာ၊ နသက္ကာ-မတတ်နိုင်၊ တထာ-ထို့အတူ၊ မေ-ကျွန်ုပ်အား၊ ဟောတု-ဖြစ်ပါစေသတည်း။

၄။ ဗုဒ္ဓါနံ-ဘုရားရှင်တို့၏၊ ဒွတ္တိံသ မဟာပုရိသလက္ခဏာနဥ္စ -၃၂-ပါးသောယောကျ်ားမြတ်တို့၏လက္ခဏာတော်တို့၏လည်းကောင်း၊ အသိတိယာ-၈၀ သော၊ အနုဗျဥ္ဇနာနဥ္စ-လက္ခဏာတော်ငယ်တို့၏လည်းကောင်း၊ ဗျာမပ္ပဘာဒိရံသီနဥ္စ-အမြဲတစ်လံမျှလောက်ထွက်သောရောင်ခြည်တော်(၆)သွယ်စသည်တို့၏လည်းကောင်း၊ ကေနစိ-တစ်စုံတစ်ယောက်သောသူသည်၊ အန္တရာယော-အန္တရာယ်ကို၊ ကာတုံ-ပြုခြင်းငှာ၊ နသက္ကာ-မတတ်နိုင်၊ တထာ-ထို့အတူ၊ မေ-ကျွန်ုပ်အား၊ ဟောတု-ဖြစ်ပါစေသတည်း။

ဤဂုဏ်တော်ကိုအာရုံပြု၍-

-မိမိနှင့်တကွ မိမိ၏မိသားစု အသက်အန္တရာယ်ကင်း၍ အသက်ရှည်စေရန် အမှတ်(၁)ဂါထာ ရွတ်ရမည်။

-အကြံဉာဏ်များလွဲမှားမှုမရှိစေရန် အမှတ်(၂)ကိုရွတ်ရမည်။

-ရသင့်ရထိုက်သောဥစ္စာများ၊ တစ်စုံတစ်ယောက်အနှောင့်အယှက်မပြုနိုင်ရန် အမှတ်(၃)ရွတ်ရမည်။

-မိမိ၏ခြေလက်အင်္ဂါအစိတ်အပိုင်းစွမ်းရည်သတ္တိများ ထက်မြက်မှုမရှိအောင် ဟန့်တားနှောင့်ယှက်မှုမှကင်းရန် အမှတ်(၄)ကိုရွတ်ရမည်။

## တရားပရိတ် (အဝေဏိကဂုဏ်များ)

ဗုဒ္ဓါနံ ဇိဝိတာသာ၊ နသက္ကာ၊ ကေနစိ အန္တရာယောကာတုံ
တထာ မေ ဟောတု

၁။ အတီတံ သေ ဗုဒ္ဓဿဘဂဝတော အပ္ပဋိဟတံဉာဏံ

၂။ အနာဂတံတံ သေ ဗုဒ္ဓဿဘဂဝတော အပ္ပဋိဟတံ ဉာဏံ

၃။ ပစ္စုပ္ပန္နံတံ သေ ဗုဒ္ဓဿဘဂဝတော အပ္ပဋိဟတံဉာဏံ
ဣမေဟိ တီဟိဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော

၄။ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ

၅။ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ

၆။ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ
ဣမေဟိ ဆဟိဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော

၇။ နတ္ထိ ဆန္ဒဿ ဟာနိ

၈။ နတ္ထိ ဓမ္မဒေသနာယဟာနိ

၉။ နတ္ထိ ဝိရိယဿ ဟာနိ

၁၀။ နတ္ထိ သမာဓိဿ ဟာနိ

၁၁။ နတ္ထိ ဝိပ္ပယုတ္တနာယ ဟာနိ

၁၂။ နတ္ထိ ဝိပ္ပယုတ္တိယာ ဟာနိ

ဣမေဟိ ဒွါဒသဟိဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော

၁၃။ နတ္ထိ ဒဝါ

၁၄။ နတ္ထိ ရဝါ

၁၅။ နတ္ထိ အပ္ဖုဋံ

၁၆။ နတ္ထိ ဝေဂါယိတတ္တံ

၁၇။ နတ္ထိ အဗျာဝဋမနော

၁၈။ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ

ဣမေဟိ အဋ္ဌာရသဟိဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမောသတ္ထာနံ သမ္မာသမ္ဗုဒ္ဓါနံ ဥပေတော ဗုဒ္ဓဓမ္မေဟိ အဋ္ဌာရသ ဟိနာယကော ဝန္ဒေတေ တေနသစ္စေန၊ ဟောတုမေ ဇယမင်္ဂလံ

ဗုဒ္ဓါနံ-ဘုရားရှင်တို့၏၊ ဖိဝိတဿ-အသက်၏၊ ကေနစိ-တစ်စုံတစ်ယောက်သောသူသည်၊ အန္တရာယော-အန္တရာယ်ကို၊ ကာတုံ-ပြုခြင်းငှာ၊ နသက္ကာ-မတတ်နိုင်၊ တထာ-ထို့အတူ၊ မေ-ကျွန်ုပ်အား၊ ဟောတု-ဖြစ်ပါစေသတည်း။

၁။ ဘဂဝတော-ဘုန်းကြီးသော၊ ဗုဒ္ဓဿ-မြတ်စွာဘုရား၏၊ ဉာဏံ-ဉာဏ်တော်သည်၊ အတီတံသေ-အတိတ်ကာလ၌၊ အပ္ပဋိဟတံ-အတားအဆီးမရှိ။

၂။ ဘဂဝတော-ဘုန်းကြီးသော၊ ဗုဒ္ဓဿ-မြတ်စွာဘုရား၏၊ ဉာဏံ-ဉာဏ်တော်သည်၊ အနာဂတံသေ-အနာဂါတ်ကာလအဖို့၌၊ အပ္ပဋိဟတံ-အတားအဆီးမရှိ။

၃။ ဘဂဝတော-ဘုန်းကြီးသော၊ ဗုဒ္ဓဿ-မြတ်စွာဘုရား၏၊ ဉာဏံ-ဉာဏ်တော်သည်၊ ပစ္စုပ္ပန္နံသေ-ပစ္စုပ္ပန်ကာလအဖို့၌၊ အပ္ပဋိဟတံ-အတားအဆီးမရှိ။

ဣမေဟိတီဟိဓမ္မေဟိ-ဤတရားသုံးပါးတို့နှင့်၊ သမန္နာဂတဿ-ပြည့်စုံတော်မူသော၊ ဘဂဝတော-ဘုန်းတော်ကြီးသော၊ ဗုဒ္ဓဿ-မြတ်စွာဘုရား၏၊ သဗ္ဗံကာယကမ္မံ၊ အလုံးစုံသောကာယကံသည်၊ ဉာဏပုဗ္ဗင်္ဂမံ-ဉာဏ်လျှင်ရှေ့သွားရှိ၏၊ ဉာဏာနုပရိဝတ္တံ-ဉာဏ်လျှင်အစဉ်လိုက်၏။

သဗ္ဗံဝစီကမ္မံ-အလုံးစုံသောဝစီကံသည်. . . . . .

သဗ္ဗံမနောကမ္မံ-အလုံးစုံသောမနောကံသည်. . . . .

ဣမေဟိဆဟိဓမ္မေဟိ-ဤတရားခြောက်ပါးတို့နှင့်၊ သမန္နာဂတဿ-ပြည့်စုံတော်မူသော၊ ဘဂဝတော-ဘုန်းတော်ကြီးသော၊ ဗုဒ္ဓဿ-မြတ်စွာဘုရားအား-

-ဆန္ဒဿဟာနိ-ဆန္ဒတော်၏ယုတ်လျော့ခြင်းသည်၊ နတ္ထိ-မရှိ။

-ဓမ္မဒေသနာယ ဟာနိ-တရားဟောခြင်း၏ယုတ်လျော့ခြင်းသည်၊နတ္ထိ-မရှိ။

-ဝီရိယဿ ဟာနိ-ဝီရိယတရားတော်၏ဆုတ်ယုတ်ခြင်းသည်၊ နတ္ထိ-မရှိ။

-ဝိပဿနာယ ဟာနိ-ဝိပဿနာဉာဏ်၏ယုတ်လျော့ခြင်းသည်၊ နတ္ထိ-မရှိ။

-သမာဓိဿ ဟာနိ-သမာဓိ၏ယုတ်လျော့ခြင်းသည်၊ နတ္ထိ-မရှိ။

-ဝိမုတ္တိယာ ဟာနိ-အရဟတ္တဖိုလ်ချမ်းသာ၏ယုတ်လျော့ခြင်းသည်၊ နတ္ထိ-မရှိ။

ဣမေဟိဒွါဒသဟိဓမ္မေဟိ-ဤ(၁၂)ပါးသောတရားတို့နှင့်၊ သမန္နာဂတဿ-ပြည့်စုံတော်မူသော၊ ဘဂဝတော-ဘုန်းတော်ကြီးသော၊ ဗုဒ္ဓဿ-မြတ်စွာဘုရားအား-

ဒဝါ-ရယ်မြူးခြင်းသည်၊ နတ္ထိ-မရှိ
ရဝါ-ချွတ်ချော်ပြောဆိုခြင်းသည်၊ နတ္ထိ-မရှိ
-အပ္ဖုဋ္ဌံ-ဉာဏ်တော်ဖြင့်မတွေ့ထိသောတရားသည်၊
နတ္ထိ-မရှိ
-ဝေဂါယိတတ္တံ-ဉာဏ်ဖြင့်မဆင်ခြင်ဘဲအဆောတလျင်
ပြုခြင်းသည်၊ နတ္ထိ-မရှိ
-အဗျာဝဋမနော-ကြောင့်ကြမဲ့နေလိုသောစိတ်နှလုံး
သည်၊ နတ္ထိ-မရှိ
-အပ္ပဋိသင်္ခါနုပေက္ခာ-အဆင်ခြင်ကင်း၍ ဥပေက္ခာပြု
ခြင်းသည်၊ နတ္ထိ-မရှိ

ဣမေဟိဒွါဒသဟိဓမ္မေဟိ-ဤ(၁၂)ပါးသောတရားတို့
နှင့်၊ သမန္နာဂတဿ-ပြည့်စုံတော်မူသော၊ ဘဂဝတော-
ဘုန်းတော်ကြီးသော၊ ဗုဒ္ဓဿ-မြတ်စွာဘုရားအားလည်း
ကောင်း၊ သတ္တန္နံသမ္မာသမ္ဗုဒ္ဓါနံ-ဝိပဿီအစရှိသော
ဘုရားခုနှစ်ဆူတို့အားလည်းကောင်း၊ နမော-ရှိခိုးပါ၏။
အဋ္ဌာရသဟိ ဗုဒ္ဓဓမ္မေဟိ-ဗုဒ္ဓဂုဏ်(၁၈)ပါးတို့နှင့်
ဥပေတေ-ပြည့်စုံတော်မူကြကုန်သော၊ တေနာဃကေ-
ထိုဘုရားရှင်တို့ကို၊ ဝန္ဒေ-ရှိခိုးပါ၏။

တေနသစ္စေန-ထိုသစ္စာစကားကြောင့်၊ မေ-ကျွန်ုပ်အား၊ ဇယမင်္ဂလံ-အောင်ခြင်းမင်္ဂလာသည်၊ ဟောတု-ဖြစ်ပါစေ သတည်း။

(ဤဓာရဏပရိတ်သည် ဗုဒ္ဓ၏အဝေဏိကဂုဏ်တော် (၁၈)ပါး ဖြစ်ပါသည်၊ ဤပရိတ်ကိုရွတ်ဖတ်သောသူသည် အကာလမရဏဘေးမှလွတ်မြောက်မှုအကျိုးများကိုရရှိခံစားရကြောင်း လက်တွေ့ဖြစ်ပျက်တွေ့ကြုံခဲ့ကြရသောပုဂ္ဂိုလ်များစွာ မှတ်တမ်းများရှိပါသည်။)

## (၅) နာညတြဂါထာ

**နာညတြ ဗောဇ္ဈာတပသာ၊ နာညတြိန္ဒြိယသံဝရာ**
**နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ**

ဗောဇ္ဈာတပသာ -ဗောဇ္ဈင်ဟူသောဝိပဿနာ၊ ခြိုးခြံခြင်းဟူသော ခုတင်အကျင့်ကို၊ အညတြ-ကြဉ်ထား၍၊ ပါဏိနံ-သတ္တဝါတို့၏၊ သောတ္ထိံ-ချမ်းသာကြောင်းကို၊ နပဿာမိ-ငါဘုရားမြင်တော်မမူ။

ဣန္ဒြိယသံဝရာ-ဣန္ဒြေ(၆)ပါးစောင့်ထိန်းမှုကို အညတြ-ကြဉ်ဖယ်၍။

သဗ္ဗနိဿဂ္ဂါ-ကိလေသာမှလွတ်မြောက်ရာနိဗ္ဗာန်ကို၊ အညတြ-ကြဉ်ဖယ်၍။

ဤဂါထာကိုရွတ်ဖတ်ခြင်းဖြင့် သေချိန်မရောက်သေးဘဲ ရှိတ်တရက်သေရသောအကာလမရဏဘေးမှလွတ်မြောက်နိုင်သည်၊ အသက်ရှည်နိုင်သည်၊ သူတစ်ပါးမပြုစားနိုင်၊ အခက်အခဲအားလုံးပျောက်ကင်းနိုင်ပါသည်။

## ( ၆ ) လက်နက်မစူးရဂါထာ

မာရာရိ ဗလဝိဿဋ္ဌာ၊ ကုဏ္ဍာနာနာဝိဓာယုဓာ
လဇ္ဇမာနာညဝေသေန၊ ဇိနပါဒါနတာတဝ
ဧတေန သစ္စဝဇ္ဇေန၊ ပရိဝဇ္ဇန္တုအာဝုဓာ

ဇိန-မြတ်စွာဘုရား၊ မာရာရိဗလဝိဿဋ္ဌာ-မာရ်နတ်မင်းတည်းဟူသောရန်သူစစ်သည်တို့ပစ်လွှတ်အပ်ကုန်သော၊ နာနာဝိဓာယုဓာ-အမျိုးမျိုးသောလက်နက်တို့သည်၊ ကုဏ္ဍာ-မထက်မြက်မစူးရှကုန်သည်၊ ဟုတွာ-ဖြစ်၍၊ လဇ္ဇမာနော-ရှက်နိုးကြကုန်လျက်၊ အညဝေသေန-လက်နက်အသွင်မှတစ်ပါး၊ ပန်းပေါက်ပေါက်အသွင်အားဖြင့် တဝ-ရှင်တော်ဘုရား၏၊ ပါဒါနတာ-ခြေတော်ရင်းဝယ်ဝပ်ဆင်းရိုကျိုး၊ ရှိခိုးဦးတိုက်ခဲ့ကြရလေပြီ။

ဧတေန သစ္စဝဇ္ဇေန-ဤမှန်သောသစ္စာစကားကြောင့် အာဝုဓာ-လက်နက်တို့သည်၊ ပရိဝဇ္ဇန္တု-ရှောင်ကြစေကုန်သတည်း။

ဘုရားရှင်၏ဘုန်းကံပါရမီများကိုအာရုံပြု၍ ယုံကြည်စွာ ရွတ်ဆိုပါက တစ်ဘက်ရန်သူကပစ်ခတ်သောလက်နက်အမျိုးမျိုး တို့သည် ကျည်မထွက်နိုင်၊ ကျည်လွဲနိုင်သည်၊ မား၊လှံလက်နက် များ အသွားမထက်၊ မစူးမရှနိုင်ပါ။ လက်နက်အန္တရာယ်အမျိုးမျိုး ကြားဝယ် သွားလာလှုပ်ရှားနေသူများ အကာလမရဏဘေးမှ လွတ်အောင် ရွတ်ပွားသင့်ပါသည်။

## ( ၇ ) လက်နက်ရန်သူကင်းဂါထာ

**ဥပေတောပုညော ဝရဗောဓိမူလေ၊ သသေနမာရံ သုဂတော ဇိနိတွာ၊**
**အဗုဇ္ဈိ ဗောဓိံ အရုဏောဒယမှိ၊ နမာမိ မာရဇိနံ အဘင်္ဂံ**

ဥပေတောပုညော-ပြည့်စုံသောဘုန်းတော်ရှိတော်မူသော၊ ယောသုဂတော-အကြင်မြတ်စွာဘုရားသည်၊ ဝရဗောဓိမူလေ-မြတ်သောဗောဓိပင်ရင်း၌၊ သသေနမာရံ-စစ်သည်ဗိုလ်ပါနှင့် တကွသောမာရ်နတ်ကို၊ ဇိနိတွာ-အောင်တော်မူပြီး၍၊ အရုဏော ဒယမှိ-နေအရုဏ်တက်သောအခါ၌၊ ဗောဓိံ-အရဟတ္တမဂ်ဉာဏ်၊

သဗ္ဗညုတဉာဏ်ကို၊ အဗုဇ္ဈိ-သိတော်မူပြီ၊ မာရဓိနံ-မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော၊ တံ ဘဂဝတံ-ထိုမြတ်စွာဘုရားကို၊ အဟံ-ကျွန်ုပ်သည်၊ နမာမိ-ရှိခိုးပါ၏။

ဤဂါထာသည် နမက္ကာရဘုရားရှိခိုး၏(၆)ခုမြောက် ဂါထာဖြစ်သည်၊ ဤဂါထာကိုရွတ်ဖတ်ပါက လက်နက်ကွင်းရှောင် ခြင်း၊ ရန်သူလက်မှလွတ်မြောက်ခြင်း၊ အခက်အခဲအမျိုးမျိုးကို ကျော်လွှားနိုင်ခြင်း၊ အကာလမရဏဘေးမှလွတ်မြောက်နိုင်ခြင်း အကျိုးများကိုရရှိခံစားနိုင်ပါသည်။

## ( ၈ ) ရန်သူမမြင် (ကိုယ်ပျောက်)ဂါထာ

ဘဝေဝါ ဟံ ဘယံဒိသွာ၊ ဘဝဥ္စ ဝိဘဝေသိနံ
ဘဝံနာဘိဝဒိ ကိဉ္စိ၊ နန္ဒိဉ္စ နဥပါဒိယိ

အဟံ-ငါဘုရားသည်၊ ဘဝေ-ဘဝတည်းဟူသောသံသ ရာ၌၊ ဘယံ-ဘေးအပေါင်းကို၊ ဒိသွာဇဝ-သိမြင်တော်မူခြင်းကြောင့် သာလျှင်၊ ဘဝဥ္စ-ဘဝကိုလည်းကောင်း၊ ဝိဘဝေသိနံ-ဘဝကင်း ရာရှာဖွေနေကြသောသတ္တဝါအပေါင်းကိုလည်းကောင်း၊ ဒိသွာ သိမြင်သည်ဖြစ်၍၊ ကိဉ္စိဘဝံ-တစ်စုံတစ်ခုသောဘဝကို၊ နာဘိဝဒိံ- လိုချင်တောင့်တတော်မမူပေ၊ နန္ဒိစ-ဘဝတဏှာကိုလည်း နဥပါ ဒါယိံ-စွဲလမ်းတော်မမူပေ။

ဤဂါထာသည် ဘုရားရှင်နှင့်ဖြဟ္မာ၊ ကိုယ်ပျောက်ရာ၌ ဘုရားရှင်ကဟောကြားခဲ့သောဂါထာဖြစ်သည်၊ ဤဂါထာရွတ်ပါက ရန်သူမမြင်နိုင်၊ ကိုယ်ပျောက်ပြီး ရန်သူမြင်ကွင်းမှကွယ်ပသည်၊ မိမိကိုအန္တရာယ်ပြုမည့်သူများမမြင်နိုင်၍ အကာလမရဏဘေးမှလွတ်မြောက်နိုင်သည်။

## ( ၉ ) အန္တရာယ်ကင်းဂါထာ

**ဇိနော အဘေဇ္ဇကာယောပိ၊ နတ္ထိလောဟိတသူဒနံ**
**တဒေဝ ဝစနံ သစ္စံ၊ ဝန္ဒေတံ လောကနာယကံ**
**တေန သစ္စပုညေန၊ ဟောတု မေ ဇယမင်္ဂလံ**

ဇိနော- မာရ်ငါးပါးအောင်မြင်ဘုရားရှင်သည်၊ အဘေဇ္ဇကာယောပိ-မကွဲမပြတ်နိုင်သောကိုယ်ခန္ဓာရှိတော်မူ၏၊ လောဟိတသူဒနံ-ကိုယ်မှထွက်သောသွေးယိုစီးမှုမရှိ၊ တဒေဝစနံ-ထိုဆိုအပ်ခဲ့သောစကားသည်၊ သစ္စံ-မှန်ပါ၏၊ တံလောကနာယကံ-ထိုမြတ်စွာဘုရားကို၊ အဟံ-ကျွန်ုပ်သည်၊ ဝန္ဒေ-ရှိခိုးပါ၏၊ တေနသစ္စေန-ထိုသစ္စာစကားကြောင့်လည်းကောင်း၊ တေနပုညေန-ထိုရှိခိုးရသောကုသိုလ်ကောင်းမှုကြောင့်လည်းကောင်း၊ မေ-ကျွန်ုပ်အား၊ ဇယမင်္ဂလံ-အောင်ခြင်းမင်္ဂလာသည်၊ ဟောတု-မုချမသွေဖြစ်ပါစေသတည်း။

ရွှေတိဂုံစေတီ ကြေးခေါင်းလောင်း၌ရေးထားသော ဂါထာဖြစ်သည်၊ ဤဂါထာရွတ်သူသည် အန္တရာယ်အသွယ်သွယ်ကင်းပြီး ကာယသိဒ္ဓိပြီးမြောက်သည်၊ အကာလမရဏာဘေးမှ လွတ်မြောက်နိုင်သည်။

## ( ၁၀ ) အသက်အန္တရာယ်ကင်းဂါထာ

တိဋ္ဌေယျ အန္တဝဿမှိ၊ ဇယုဿဝေါသမာပန္နော
တဒေဝ ဝစနံသစ္စံ ဝန္ဒေတံ လောကနာယကံ
တေနသစ္စေန ပုညေန၊ ဟောတုမေ ဇယမင်္ဂလံ

ဇယုဿဝေါ-အတွင်းအပနှစ်ဌာန၌ ကိလေသာလုံးဝကင်းစင်အောင်မြင်တော်မူပြီးသော၊ သမာပန္နော-နေ့စဉ်မပြတ်သမာပတ်ဝင်စားနိုင်တော်မူသောဘုရားရှင်သည်၊ အန္တဝဿမှိ-သက်တော်တမ်းအပြည့်ရောက်အောင်၊ တိဋ္ဌေယျ-တည်နေတော်မူနိုင်ပါ၏၊ တဒေဝ ဝစနံ-ထိုစကားသည်သာလျှင်၊ သစ္စံ-မှန်ကန်ပါ၏၊ တံလောကနာယကံ-ထိုလောကသုံးပါး၌အကြီးအမှူးဖြစ်သောဘုရားရှင်ကို၊ အဟံ-ကျွန်ုပ်သည်၊ ဝန္ဒေ-ရှိခိုးပါ၏။

တေနသ စ္စေန-ထိုသစ္စာစကားကြောင့်လည်းကောင်း၊ တေနပုညေန-ထိုရှိခိုးရသောကုသိုလ်ကောင်းမှုကြောင့်လည်းကောင်း၊ မေ-ကျွန်ုပ် အား၊ ဇယမင်္ဂလံ-အောင်ခြင်းမင်္ဂလာသည်၊ ဟောတု-မုချမသွေ ဖြစ်ပါစေသတည်း။

ရွှေတိဂုံစေတီ ကြေးခေါင်းလောင်းပါဂါထာဖြစ်သည်၊ ဘုရားရှင်သည် သက်တမ်းပြည့်အန္တရာယ်မရှိ နေနိုင်သကဲ့သို့ ဤဂါထာရွတ်၍ ဘုရားရှင်ကိုပူဇော်သောသူသည် သက်တမ်းပြည့်၊ ကံပြည့်နေနိုင်ပြီး အကာလမရဏဘေးမှ လွတ်မြောက်နိုင်သည်။

## ( ၁၁ ) သက်ရှည်ရန်အောင်ဂါထာ

**ဗုဒ္ဓေါ မေရက္ခတု နိစ္စံ၊ ဓမ္မော မေ ရက္ခတု သဒါ**
**သံဃော မေ ရက္ခတု ဒိနေ၊ သုခီ ဒီဃာယုကော ဘဝ**

ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ မေ-ကျွန်ုပ်အား၊ နိစ္စံ-အမြဲမပြတ်၊ ရက္ခတု-စောင့်ရှောက်တော်မူပါစေသတည်း၊ ဓမ္မော-ဆယ်ပါးသောတရားတော်မြတ်သည်၊ မေ-ကျွန်ုပ်အား၊ သဒါ-အခါခပ်သိမ်း၊ ရက္ခတု-စောင့်ရှောက်တော်မူပါစေသတည်း၊ သံဃာ-သံဃာတော်အပေါင်းသည်၊ မေ-ကျွန်ုပ်အား၊ ဒိနေ-နေ့တိုင်း၊ ရက္ခတု-စောင့်ရှောက်တော်မူပါစေသတည်း၊ အဟံ-ကျွန်ုပ်သည်၊ သုခီ-ချမ်းသာခြင်းရှိသည်၊ ဒီဃာယုကော-အသက်ရှည်ခြင်းရှိသည်၊ ဘဝ-ဘဝါဟိ-ဖြစ်ရပါလို၏။

ဤဂါထာသည် ထွဋ်ခေါင်ဆရာတော်ကြီးရွတ်ဖတ်ပူဇော်သောဂါထာဖြစ်သည်၊ ဤဂါထာကိုရွတ်သဖြင့် အန္တရာယ်ကင်းပြီး

ရတနာသုံးပါးအစောင့်အရှောက်ကြောင့် အကာလမရဏဘေးမှ လွတ်မြောက်နိုင်ပါသည်။

## ( ၁၂ ) ဓမ္မခန်းဂါထာ (ဇလွန်ပြည်တော်ပြန်ဘုရား)

ဣတိပိ ပိဋကတ္တယံ၊ အနိစ္စံ၊ ဒုက္ခံ အနတ္တံ
သတ္တဗောဇ္ဈင်္ဂါ၊ အဋ္ဌင်္ဂိကောမဂ္ဂေါ၊ စတုပဋ္ဌာနံ
သဗ္ဗသက္ကန္ဓော၊ သဟဿသူရိယော။
ဩောင်းနမော မေတ္တာနံ၊ ရာဇဘယံ၊ စောရဘယံ
ဥဒကဘယံ၊ အဂ္ဂိဘယံ၊ သတ္တဘယံ၊ သဗ္ဗဟယံ
ဇယော ဇယတုမင်္ဂလံ၊ အနိစ္စံ သင်္ခတံ၊ ပဋိစ္စသမုပ္ပန္နံ
ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံ၊
ပဏ္ဍိတာခမန္တိ။

ပိဋကတ္တယံ-ပိဋကတ်သုံးပုံသည်၊ ဣတိပိ ဣပိနာ၁စကရဏေန-ဤသို့ဖြစ်ခြင်း-ပျက်ခြင်းသဘောရှိသောကြောင့်လည်း၊ အနိစ္စံ-အမြဲပါပေ၊ ဣတိပိ ဣပိနာ၁စကရဏေန-ဤသို့မပြတ်နှိပ်စက်ခြင်းသဘောရှိသောအကြောင်းကြောင့်လည်း၊ ဒုက္ခ-ဆင်းရဲ၏၊ ဣတိပိ ဣပိနာ၁စကရဏေန-ဤသို့မိမိအလိုသို့မလိုက်ခြင်းသဘောရှိသောကြောင့်လည်း၊ အနတ္တံ-အစိုးမရပါပေ။

သတ္တဗောဇ္ဈင်္ဂါ-ခုနစ်ပါးသောဗောဇ္ဈင်တို့သည်လည်းကောင်း၊ အဋ္ဌင်္ဂိကော-အင်္ဂါရှစ်ပါးရှိသော၊ မဂ္ဂေါ-မဂ်သည်လည်းကောင်း၊ စတုပဋ္ဌာနံ-အာရမ္မဏာဉပနိဿယ၊ ကမ္မအတ္ထိပစ္စည်းဟူသောလေးပါးသောပဋ္ဌာန်းသည်လည်းကောင်း၊ သဗ္ဗဿံ-အလုံးစုံသောတရားအပေါင်းကို၊ ဉာဏ္ဍော-အစိုးရသောမြတ်စွာဘုရားသည်လည်းကောင်း၊ သဟဿသူရိယော-ရောင်ခြည်တစ်ထောင်အလင်းဆောင်သောနေမင်းသည်လည်းကောင်း၊ ကောဋိပိကပ္ပဓနာစကရဏေန-ဤသို့ဖြစ်ခြင်း-ပျက်ခြင်းသဘောရှိသောအကြောင်းကြောင့်လည်း၊ အနိစ္စံ-မမြဲ၊ ဒုက္ခံ-ဆင်းရဲ၏၊အနတ္တံ-အစိုးမရ။

ဩြောင်း-အထူးသဖြင့်မြင်တော်မူသော၊ မေတ္တာနံ-မေတ္တာရှင်ဖြစ်ကုန်သောဘုရားရှင်တို့အား၊ နမော-ရှိခိုးပါ၏၊ တေသံ-ထိုဘုရားရှင်တို့၏၊ အာနုဘာဝေန-အာနုဘော်တော်အားဖြင့်၊ ရာဇဘယံ-မင်းဘေးကိုလည်းကောင်း၊ စောရဘယံ-ခိုးသူဘေးကိုလည်းကောင်း၊ ဥဒကဘယံ-ရေဘေးကိုလည်းကောင်း၊ အဂ္ဂိဘယံ-မီးဘေးကိုလည်းကောင်း၊ သတ္တဘယံ-ဓားလက်နက်ဘေးကိုလည်းကောင်း၊ သဗ္ဗဘယံ-အလုံးစုံသောဘေးကိုလည်းကောင်း၊ ဇယော-အောင်မြင်နိုင်သည်၊ ဟောတု-ဖြစ်ပါစေသတည်း၊ မင်္ဂလံ-ကုသိုလ်မင်္ဂလာဟူသမျှသည်၊ ဇယတု-အောင်မြင်ပါစေသတည်း။

ပဋိစ္စသမုပ္ပန္န-အကြောင်းတရားကိုစွဲ၍ဖြစ်သောအကျိုးတရားသည် သခ်တံ-ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသောအကြောင်းတရားလေးပါးတို့သည်ပေါင်း၍ပြုပြင်အပ်သည်ဖြစ်၍ အနိစ္စံ-အမြဲမရှိ၊ ခယဓမ္မံ-ကုန်ခြင်းသဘောရှိ၏၊ ဝယဓမ္မံ-ပျက်ခြင်းသဘောရှိ၏၊ တသ္မာ-ထို့ကြောင့်၊ ဝိရာဂဓမ္မံ-ရာဂကင်းခြင်းသဘောရှိသော၊ နိရောဓဓမ္မံ-ချုပ်ခြင်းသဘောရှိသောနိဗ္ဗာန်ကို ပဏ္ဍိတာ-ပညာရှိတို့သည်၊ ခမန္တိ-နှစ်သက်မြတ်နိုးကြပါကုန်၏။

ဤဂါထာကိုနေ့စဉ်မပြတ်ရွတ်ဖတ်ပူဇော်ပါက အတွင်းရန်၊ အပြင်ရန်ကင်းစင်သည်၊ သူတစ်ပါးမကောင်းမကြံစည်နိုင်၊ မိမိတောင့်တသောဆုကိုရသည်၊ မိသားစုနှင့်မကွဲမကွာနေရသည် အကာလမရဏာဖြင့်မသေနိုင်၊ ဘုန်းကြီးသည်၊ လာဘ်ပေါသည် စသောအကျိုးများရရှိခံစားရသည်။

## ( ၁၃ ) သမ္ဗုဒ္ဓေကပ်ကျော်ဂါထာကြီး

၁။ သမ္ဗုဒ္ဓေ၊ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ

၂။ အပ္ပကာ ဝါဋုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ
တေသံဓမ္မဉ္စ၊ သံဃဉ္စ၊ အာဒရေန နမာမဟံ

၃။ **နမက္ကရာနုဘာဝေန၊ ဟိတွာ၊ သဗ္ဗေ ဥပဒ္ဒဝေ အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော**

၁။ အဋ္ဌဝီသံ-နှစ်ကျိပ်ရှစ်ဆူကုန်သော၊ သမ္ဗုဒ္ဓေ-ဘုရားရှင်တို့ကိုလည်းကောင်း၊ ဒွါဒသဉ္စ သဟဿကေ-တစ်သောင်းနှစ်ထောင်ကုန်သော၊ သမ္ဗုဒ္ဓေ-ဘုရားရှင်တို့ကိုလည်းကောင်း၊ အဟံ-ကျွန်ုပ်သည်၊ သိရသာ-ဦးခေါင်းဖြင့်၊ နမာမိ-ရှိခိုးပါ၏အရှင်ဘုရား။

၂။ ဝါဠုကာ ဂင်္ဂါ-ဂင်္ဂါမြစ်ထဲကျောက်သလဲတို့သည်၊ အပ္ပကာ-နည်းလှချေသေး၏၊ နိဗ္ဗုတာဇိနာ-ပရိနိဗ္ဗာန်စံယူကုန်ပြီးသောဘုရားတို့သည်သာ၊ အနန္တာ-မရေတွက်နိုင်အောင်များလှလေကုန်ပြီး၊ တေသံ-ထိုဘုရားရှင်အဆူဆူတို့၏၊ ဓမ္မဉ္စ-တရားတော်ကိုလည်းကောင်း၊ သံဃဉ္စ-သံဃာတော်ကိုလည်းကောင်း၊ အဟံ-ကျွန်ုပ်သည်၊ အာဒရေန- ရိုသေစွာ၊ နမာမိ-ရှိခိုးပါ၏အရှင်ဘုရား။

၃။ နမက္ကရာနုဘာဝေန-ဤသို့ရှိသေစွာရှိခိုးရသောအာနုဘော်ကြောင့်၊ သဗ္ဗေ ဥပဒ္ဒဝေ-အလုံးစုံသောဘေးဥပါဒ်တို့ကို၊ ဟိတွာ-ပယ်ဖျောက်၍၊ အနေကာ အန္တရာယာပိ-အန္တရာယ်အမျိုးမျိုးတို့သည်လည်း၊ အသေသတော-အကြွင်းမဲ့၊ ဝိနဿန္တု-ကင်းစင်လွင့်ပျောက်ပါစေကုန်သတည်း။

ဤသမ္ဗုဒ္ဓေဂါထာကို ရှေးဆရာတော်ကြီးများ အောက်ပါ အတိုင်းရွတ်ရန် လမ်းညွှန်ထားပါသည်-

၁။ ကွမ်းစားလျှင် (၇)ခေါက်ရွတ်ပါ
၂။ ခေါင်းလျှော်လျှင် (၁၀)ခေါက်ရွတ်ပါ
၃။ ထမင်းစားလျှင် (၃)ခေါက်ရွတ်ပါ
၄။ ဆီလိမ်းလျှင် (၅)ခေါက်ရွတ်ပါ
၅။ လှေစီးလျှင် (၈)ခေါက်ရွတ်ပါ
၆။ နံ့သာလိမ်းခြင်း၊ ပန်းပန်ခြင်း၌ (၉)ခေါက်ရွတ်ပါ
၇။ အိပ်ရာဝင်လျှင် (၉)ခေါက်ရွတ်ပါ
၈။ ရန်သူနှင့်တွေ့လျှင် (၁၁)ခေါက်ရွတ်ပါ
၉။ စစ်ထိုးစစ်ဆင်ရာ၌(၉)ခေါက်ရွတ်ပါ
၁၀။ မီးမဖွားနိုင်လျှင် (၉)ခေါက် ရေမန်းဖြင့်မန်း၍တိုက်ပါ
၁၁။ ဖမ်းဆီးချုပ်နှောင်ခံရလျှင် (၁၀၀၀)ခေါက်ရွတ်ပါ
၁၂။ ခရီးသွားလျှင် ပန်းကို(၂)ခေါက်ပန်ပြီးယူဆောင်ပါ၊ ဘေးကင်းသည်
၁၃။ နေ့စဉ်ရွတ်က မိမိ၁၁၀ရေပြည့်အိုးပမာတိုးတက်မည်၊ မညိုးနွမ်းပန်းကဲ့သို့ရှိမည်၊ ကောင်းကင်လမင်းပမာ တင့်တယ်မည်။

ဤသမ္ဗုဒ္ဓေဂါထာကို ရွတ်ဖတ်ပူဇော်ပါက အကာလမရဏာဘေးမှလွတ်နိုင်ပြီး ကောင်းကျိုးချမ်းသာအမျိုးမျိုးကို ခံစားရပါသည်။

## ( ၁၄ ) ပရိတ်ဂါထာများ

၁။ ရတနသုတ် -ရောဂါဘေး၊ လက်နက်ဘေး၊ အစာငတ်မွတ်ဘေးတို့ဖြင့် အကာလမရဏဘေးဖြင့် မသေနိုင်ပါ။

၂။ မေတ္တာသုတ် -သူတစ်ပါးပယောဂဖြင့်ဖြစ်ပေါ်လာသော ကြောက်လန့်တုန်လှုပ်ဘေးကြောင့် အကာလမရဏဘေးဖြင့်မသေနိုင်ပါ။

၃။ ခန္ဓသုတ် -မြွေဆိုးကိုက်ခဲသောအန္တရာယ်ကြောင့် အကာလမရဏဘေးဖြင့်မသေနိုင်ပါ။

၄။ မောရသုတ် -အချုပ်အနှောင်ခံရခြင်းအန္တရာယ်ကြောင့် အကာလမရဏဘေးဖြင့်မသေနိုင်ပါ။

၅။ ဝဋ္ဋသုတ် -မီးဘေးကြောင့် အကာလမရဏဘေးဖြင့် မသေနိုင်ပါ။

၆။ ဓဇဂ္ဂသုတ် -ထိတ်လန့်ကြောက်ရွံ့ဘေးကြောင့် အကာလမရဏဘေးဖြင့်မသေနိုင်ပါ။

၇။ အာဋာနာဋိယသုတ်-ဘီလူး၊ ဖုတ်ပြိတ္တာများကြောင့် အကာလမရဏဘေးဖြင့်မသေနိုင်ပါ။

၈။ အင်္ဂုလိမာလသုတ်-မီးမဖွားနိုင်သောဘေးကြောင့် အကာလမရဏဘေးဖြင့်မသေနိုင်ပါ။

၉။ ဗောဇ္ဈင်္ဂသုတ်-ရုတ်တရက်မကျန်းမာသောရောဂါဘေး
ကြောင့် အကာလမရဏာဘေးဖြင့်မသေနိုင်ပါ။

၁၀။ ပုဗ္ဗဏှသုတ်-မကောင်းသောဂြိုဟ်စီးဂြိုဟ်နင်းနက္ခတ်၊ နတ်ဆိုးတို့ပယောဂကြောင့် အကာလမရဏာဘေးဖြင့်မသေနိုင်ပါ။

## ( ၁၅ ) မဟာဝေဒပ္ပမန္တန်တော်

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဣတိပိ သော ဘဂဝါ-အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော၊ ပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ ဘဂဝါ။

နတ္ထိ မေသရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ

သွာက္ခာတော၊ ဘဂဝတာဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော၊ ဝိညူဟိတိ။

နတ္ထိ မေသရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၃။ သံဃံ သရဏံ ဂစ္ဆာမိ
သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ
ဧသာ ဘဂဝတော သာဝကသံဃော
အာဟုနေယျော၊ ပါဟုနေယျော
ဒက္ခိဏေယျော၊ အဉ္ဇလီ ကရဏီယော
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။
နတ္ထိ မေသရဏံ အညံ၊ သံဃော မေ သရဏံ ဝရံ
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၄။ သမာဓိယိ ပဉ္စသီလံ၊ အဋ္ဌင်္ဂမ္ပိ သုဒေသိတံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၅။ န ဇီဝိတန္တရာယောပိကာတုံ၊ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။
၆။ န ဉာဏန္တရာယောပိကာတုံ၊ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။
၇။ န ရသ္မိ အန္တရာယောပိကာတုံ၊ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။
၈။ ဗုဒ္ဓေါ အဘိဋ္ဌကာယောပိ၊ နတ္ထိ လောဟိတသူဒနံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။
၉။ သဒ္ဓါ မေ ဗုဒ္ဓသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။
၁၀။ သဒ္ဓါ မေ ဓမ္မသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၁၁။ သဒ္ဓါ မေ သံဃသေဠမ္ဟိ၊ သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၁၂။ နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ။
ဧတံ သရဏံ ဥပေမိ၊ မယိ ကာဠိ န ဝိဇ္ဇတိ။
ဧတေန သစ္စဝဇ္ဇေန၊ ပဝဿန္တု သတ္တရတနာ။

၁၃။ နတ္ထိ မေ သရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ။
ဧတံ သရဏံ ဥပေမိ၊ မယိ ကာဠိ န ဝိဇ္ဇတိ။
ဧတေန သစ္စဝဇ္ဇေန၊ ပဝဿန္တု သတ္တရတနာ။

၁၄။ နတ္ထိ မေ သရဏံ အညံ၊ သံဃော မေ သရဏံ ဝရံ။
ဧတံ သရဏံ ဥပေမိ၊ မယိ ကာဠိ န ဝိဇ္ဇတိ။
ဧတေန သစ္စဝဇ္ဇေန၊ ပဝဿန္တု သတ္တရတနာ။

ဤမန္တန်ဂါထာတော်ကြီးသည် ရွှေမိုး၊ ငွေမိုး၊ ရတနာမိုး ရွာသွန်းဖြိုးသကဲ့သို့ စည်းစိမ်ဥစ္စာရတနာများတိုးတက်ကြီးပွားစေနိုင်သည့်အပြင် အကာလမရဏဘေးမှလည်းလွတ်မြောက်နိုင်ပါသည်။

## ပဋ္ဌာန်း (၂၄) ပစ္စည်း

၁။ ဟေတုပစ္စယော

၂။ အာရမ္မဏပစ္စယော

၃။ အဓိပတိပစ္စယော

၄။ အနန္တရပစ္စယော

၅။ သမနန္တရပစ္စယော

၆။ သဟဇာတပစ္စယော

၇။ အညမညပစ္စယော

၈။ နိဿယပစ္စယော

၉။ ဥပနိဿယပစ္စယော

၁၀။ ပုရေဇာတပစ္စယော

၁၁။ ပစ္ဆာဇာတပစ္စယော

၁၂။ အာသေဝနပစ္စယော

၁၃။ ကမ္မပစ္စယော

၁၄။ ဝိပါကပစ္စယော

၁၅။ အာဟာရပစ္စယော

၁၆။ ဣန္ဒြိယပစ္စယော

၁၇။ ဈာနပစ္စယော

၁၈။ မဂ္ဂပစ္စယော

၁၉။ သမ္ပယုတ္တပစ္စယော

၂၀။ ဝိပ္ပယုတ္တပစ္စယော

၂၁။ အတ္ထိပစ္စယော

၂၂။ နတ္ထိပစ္စယော

၂၃။ ဝိဂတပစ္စယော

၂၄။ အဝိဂတပစ္စယော

## ပဋ္ဌာန်း (၂၄) ပစ္စည်းအနက်

၁။ ဟေတုပစ္စယော -ရေသောက်မြစ်သည် သစ်ပင်ကို ကျေးဇူးပြုသကဲ့သို့ ဟိတ်(၆)ပါးဖြင့် ပစ္စည်းအကျိုးတရားတို့ကိုကျေးဇူး ပြုခြင်း

၂။ အာရမ္မဏပစ္စယော -တောင်ဝှေးကြိုးတန်းသဖွယ်အာရုံ (၆)ပါးအပေါ်မှီ၍ဖြစ်ပြီးကျေးဇူး ပြုခြင်း

၃။ အဓိပတိပစ္စယော -အကြီးဆုံးခေါင်းဆောင်ချုပ်နှင့်တူ၍ အကြီးအမှူးအဖြစ်ကျေးဇူးပြုခြင်း

၄။ အနန္တရပစ္စယော -စကြာမင်းနတ်ရွာစံပြီးသည်နှင့်တစ်ပြိုင်နက်တည်း သားကြီးသည်ဘုရင်ဖြစ်ရသကဲ့သို့ တစ်ဆက်တည်း အကြားမရှိ ကျေးဇူးပြုခြင်း

၅။ သမနန္တရပစ္စယော -စကြာဝတေးမင်းတောထွက်က သားကြီးကောင်းစွာဘုရင်ဖြစ်ရသကဲ့သို့ ကောင်းစွာတစ်ဆက်တည်းအတား အဆီးမရှိကျေးဇူးပြုခြင်း

၆။ သဟဇာတပစ္စယော -မီးထွန်းလိုက်သောမီးရောင်ဖြစ်ပေါ်လာသကဲ့သို့ တစ်ပြိုင်နက်တည်း အတူတကွဖြစ်ပေါ် ကျေးဇူးပြုခြင်း

၇။ အညမညပစ္စယော -သုံးချောက်ထောက်ခွေးခြေခုံသည် တစ်ခုနှင့်တစ်ခုကျေးဇူးပြုသကဲ့သို့ အချင်းချင်းအပြန်အလှန်မှီခိုပြီး ကျေးဇူးပြုခြင်း

၈။ နိဿယပစ္စယော -သစ်ပင်သည် မြေကြီးကိုမှီခိုရပ်တည်ရသကဲ့သို့ မှီခိုရာတည်ရာဖြစ်၍ ကျေးဇူးပြုခြင်း

၉။ ဥပနိဿယပစ္စယော -မိုးရွာချသဖြင့်အားကြီးသောအထောက်အပံ့ဖြစ်သကဲ့သို့ အားကြီးသောအကြောင်းက ကျေးဇူးပြုခြင်း

၁၀။ ပုရေဇာတပစ္စယော -မိဘများသည် သားသမီးများအတွက် အရင်ဖြစ်နှင့်ရသကဲ့သို့ ရှေးနှင့်ဖြစ်၍ ကျေးဇူးပြုခြင်း

၁၁။ ပစ္ဆာဇာတပစ္စယော -လင်းတပေါက်ကလေးများသည် မိဘများလာက စားရနိုးသကဲ့သို့ မျှော်လင့်ပြီး အသက်ရှင်ရသကဲ့သို့ နောက်မှဖြစ်၍ ကျေးဇူးပြုခြင်း

၁၂။ အာသေဝနပစ္စယော -ရှေးရှေးကသင်ယူထားသောစာပေကျမ်းဂန်သည် နောက်နောက်သင်ယူမည့်ကျမ်းစာကိုကျေးဇူးပြုသကဲ့သို့ အဖန်တလဲလဲမှီဝဲသုံးဆောင်အပ်သည်ဖြစ်၍ ကျေးဇူးပြုခြင်း

၁၃။ ကမ္မပစ္စယော -မျိုးစေ့မှသစ်ပင်ပေါက်သကဲ့သို့ စီရင်ခြင်း၊ မျိုးစေ့ဖြစ်ခြင်းဖြင့်ကျေးဇူးပြုခြင်း

၁၄။ ဝိပါကပစ္စယော -အေးချမ်းသောလေပြေလေညင်းတိုက်ခတ်ခံရသူကဲ့သို့ အကျိုးရလဒ်ဖြစ်ပေါ်စေ၍ ကျေးဇူးပြုခြင်း

၁၅။ အာဟာရပစ္စယော -အိမ်ကြီးကိုထောက်ခံထားသောကျားတိုင်သဖွယ် ထောက်ပံ့ခိုင်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုခြင်း

၁၆။ ဣန္ဒြိယပစ္စယော -ဌာနတစ်ခုကိုအုပ်ချုပ်ရသော ဝန်ကြီးတစ်ပါးအလား မိမိဆိုင်ရာကိုသာအစိုးရသည်ဖြစ်၍ ကျေးဇူးပြုခြင်း

၁၇။ ဈာနပစ္စယော -တောင်ထိပ်အမြင့်မှကြည့်သည့်ရှုသော်မြင်ကွင်းကျယ်ကျယ်ကို အသေးစိတ်မြင်ရသကဲ့သို့ကပ်၍ စိုက်စိုက်စူးစူးရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုခြင်း

၁၈။ မဂ္ဂပစ္စယော -ကောင်းမည့်နေရာကိုပို့မည့်လမ်းရှိသလို မကောင်းသည့်နေရာကိုရောက်

မည့်လမ်းများရှိသကဲ့သို့ လမ်းမှန်ကို ပို့ပေးခြင်းဖြင့် ကျေးဇူးပြုခြင်း

၁၉။ သမ္ပယုတ္တပစ္စယော -စတုမဓုသည် နှမ်းဆီ၊ ထောပတ်၊ ပျားရည်၊ သကာအရသာလေးမျိုး ပေါင်းထားရာ အရသာလေးမျိုး ယှဉ်လျက်ခံစားရသကဲ့သို့ အတူတူ ယှဉ်ပြီးပေါင်းစပ်သတ္တိပြု၍ ကျေးဇူးပြုခြင်း

၂၀။ ဝိပ္ပယုတ္တပစ္စယော -ချို၊ ချဉ်၊ စပ်၊ ဖန်၊ ငန်၊ ခါးအရသာ ခြောက်ပါး ရောစပ်ထားသော်လည်း သူ့အရသာနှင့်သူသတ္တိပြသကဲ့သို့ ရောနှောသော်လည်း မယှဉ်ဘဲ ကျေးဇူးပြုခြင်း

၂၁။ အတ္ထိပစ္စယော -မြင့်မားသောတောင်ကြီးများကြောင့် သစ်တောများ စိမ်းလန်းစိုပြေရသလို အစာအာဟာရများ ပြည့်ဝနေသဖြင့် ခန္ဓာကိုယ်ဖွံ့ဖြိုးနေရသကဲ့သို့ ပစ္စုပ္ပန် ထင်ရှားရှိဆဲဖြစ်၍ကျေးဇူးပြုခြင်း

၂၂။ နတ္ထိပစ္စယော -ဆီမီးအလင်းရောင်ငြိမ်းသွားမှ အမှောင်ကလွှမ်းမိုးသကဲ့သို့ လရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း

၂၃။ ဝိဂတပစ္စယော -နေရောင်ကွယ်မှလရောင်လင်းနိုင်သကဲ့သို့ ကင်းမဲ့ချုပ်ပျောက်သည်ဖြစ်၍ ကျေးဇူးပြုခြင်း

၂၄။ အဝိဂတပစ္စယော -ပင်လယ်သတ္တဝါတို့မှာ မဟာသမုဒ္ဒရာကြီးကိုမှီခိုနေရသဖြင့် ဝမ်းမြောက်နှစ်သက်နေရသော်လည်း ဖမ်းဆီးခံရသောအခါ သမုဒ္ဒရာရေက ကျေးဇူးမပြုတော့သကဲ့သို့ မကင်းသည်ဖြစ်၍ ကျေးဇူးပြုခြင်း

ဤပဋ္ဌာန်း(၂၄)ပစ္စည်းကို အမြဲရွတ်ဖတ်ပါ၊ စည်းချပြီးမှ အိပ်ပါက-

-ရင်ဆိုင်တွေ့ကြုံနေရသော ဘေးအန္တရာယ်အသွယ်သွယ်လွန်မြောက်သည်။

-ကျရောက်လတံ့သောအန္တရာယ်များကင်းလွတ်သည်။

-အပြစ်ကင်း၍ကောင်းကျိုးများသောဆောင်ရွက်ဖွယ် ကိစ္စအဝဝတို့ ပြီးစီးအောင်မြင်သည်။

-အပြစ်ရှိ၍ မကောင်းကျိုးဖြစ်စေမည့်ကျူးလွန်ခြင်းမျိုးမှရှောင်လွဲနိုင်သည်။

-အကာလမရဏဘေးမှလွတ်မြောက်နိုင်သည်။

မိမိအိမ်၊ မိမိခန္ဓာကိုယ်လုံခြုံရေးအတွက် အရပ်(၈) မျက်နှာတွင် တစ်မျက်နှာ၌(၃)ပစ္စည်းဖြင့်စည်းချ၍အရံအတားပြုရသည်။

စည်းချရာ၌ တနင်္ဂနွေထောင့် (အရှေ့မြောက်)အရပ်မှစ၍ လက်ျာရစ်စည်းချရသည်၊ အရှေ့မြောက်အရပ်တွင် စည်းကိုအဆုံးသတ်ရမည်။

အရပ်ဆယ်မျက်နှာချက အထက်(၂၄)ပစ္စည်း၊ အောက်(၂၄)ပစ္စည်းရွတ်၍ စည်းချရပါမည်။

## နိဂုံးဆုတောင်း

ရတနတ္တယာနုဘာဝေန
မမကာယေ၊ သဗ္ဗရောဂေါ
သဗ္ဗသောကော၊ သဗ္ဗအန္တရာယော
ခိပ္ပံ ဝိနဿန္တု
သဗ္ဗဝေရိရော ဂစ္ဆ
အမုမ္ဟိသြကာသေ
တိဋ္ဌာဟိ တိဋ္ဌာဟိ တိဋ္ဌာဟိ

| | | |
|---|---|---|
| ရတနတ္တယာနုဘာဝေန | = | ရတနာသုံးပါး၏အာနုဘော်ကြောင့် |
| မမကာယေ | = | ကျွန်ုပ်၏ကိုယ်၌ |
| သဗ္ဗရောဂေါ | = | အလုံးစုံသောရောဂါသည် |
| သဗ္ဗသောကော | = | အလုံးစုံသောစိုးရိမ်မှုသည် |
| သဗ္ဗအန္တရာယော | = | အလုံးစုံသောအန္တရာယ်သည် |
| ခိပ္ပံ | = | လျင်မြန်စွာ |
| ဝိနဿန္တု | = | ပြေပျောက်ပါစေသတည်း။ |
| သဗ္ဗဝေရိရော | = | အလုံးစုံသောရန်တို့သည် |
| ဂစ္ဆ | = | ဖယ်ရှောင်ထွက်ခွါကြပါစေ |
| အမုမ္ဟိသြကာသေ | = | ဤမည်သောအရပ်၌ |
| တိဋ္ဌာဟိ | = | တည်ကြပါစေ |
| တိဋ္ဌာဟိ | = | တည်ကြပါစေ |
| တိဋ္ဌာဟိ | = | တည်ကြပါစေ |